www.burmeseclassic.com



www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း



၈၉၅.၈၃

ပညာဒီပ

သံပချိုင် / ပညာဒီပ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၁။
၁၅၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ပညာဒီပ

...ပြုချက်အမှတ် ၅၀၀၁၀၉၀၁၁၁၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၁၆၀၂၁၁။

...■ ■ ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

...■ ■ ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# ဒေသနုလက်ဆောင်

➤ ကြယ်တာရာတွေမှာ...
ကိုယ်ပိုင်အလင်းရောင်ကိုယ်စီ ရှိကြပါတယ်။
ဒါပေမယ့် လသာနေတဲ့ညတွေမှာ
သူတို့ရဲ့အလင်းရောင်ကို ပြခွင့်မရကြပါဘူး...
ဒါကြောင့် လမိုက်ည ရောက်ဖို့
စိတ်ရှည်ရှည်နဲ့ အလှည့်စောင့်နေကြလေရဲ့.

BURMESE CLASSIC

➤ မြစ်တို့၏သဘာဝတရားမှာ...
မြစ်ကမ်းနှစ်ဖက်သာရှိပါတယ်
ရေလယ်ခေါင်က မျောသွားတဲ့
သစ်သားတုံးတစ်တုံးအတွက်တော့
ဘယ်ကမ်းပေါ်မှ တင်နေစရာအကြောင်းမရှိပါ။
ကမ်းတစ်ဖက်ဖက်သို့ စောင်းသွားမှသာ
ကမ်းပေါ် တင်ပြီး ရပ်တန့်သွားတတ်တာပါ။

➤ အမြင့်မှာ ပွင့်နေတဲ့ပန်းကို
လှမ်းခူးဖို့ မမှီနိုင်ရုံနှင့်တော့
လက်ကိုလည်း အပြစ်တင်ဖို့မလိုပါဘူး၊
မြင့်နေတဲ့ပန်းကိုလည်း အပြစ်တင်ဖို့ မလိုပါဘူး၊
မှီနိုင်တဲ့အကြောင်းကို ရှာဖွေဖို့သာ ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဒေသနာလက်ဆောင်

➤ ငါးက အစာကို ပါးစပ်နဲ့ ဟပ်တော့
ငါးများချိတ်က နှုတ်ခမ်းမှာပဲ ချိတ်မိတယ်၊
ဖားက တစ်ခုလုံး မျိုလိုက်တော့
ငါးများချိတ်က အူမှာ ချိတ်မိတော့
မလွတ်နိုင်တော့ဘူး။

➤ မြက်ခင်းစိမ်းရဲ့အောက်မှာ
ချွန်ထက်နေတဲ့ကျောက်တုံးတွေ ရှိတယ်
မသိဘဲ လှဲချလိုက်တဲ့အခါ
အချွန်တွေနဲ့ ထိပြီး ဒဏ်ရာရနိုင်ပါတယ်
အလှအပရဲ့နောက်ကွယ်မှာ
မမြင်နိုင်တဲ့ မမြင်ရတဲ့အန္တရာယ်တွေ အများကြီး
ရှိနေတတ်တယ်...။

➤ ဘယ်လောက်ညစ်ပေနေတဲ့
ပစ္စည်းဖြစ်နေပါစေ
ဆေးသူက စေတနာနဲ့ ဆေးရင် ပြောင်ပါတယ်၊
ဆေးသူက စေတနာ မပါရင်တော့
ဘယ်လောက်ဆေးဆေး ပြောင်မှာမဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနုလက်ဆောင်

- ပျားအုံရဲ့အနီးအနားကို ကပ်သွားရုံနဲ့တော့
ပျားတွေက ထွက်လာပြီး မတုတ်ပါဘူး။
ပျားအုံကို တုတ်နှင့် ထိုးမှသာ
ထွက်တုတ်ကြတာပါ။
အန္တရာယ်နဲ့ ဝေးနေခြင်းဟာအကောင်းဆုံးပါပဲ။

BURMESE CLASSIC

- ရေဟာ သာမန်ဘဝမှာ
အခြားရေများနှင့် ဘာမှမထူးခြားပါဘူး။
အအေးခန်းထဲ ထည့်တော့မှ ရေခဲဘဝ
ရောက်ရတာပါ။
ရေခဲဘဝ ရောက်တာနဲ့
သူက ရေမျက်နှာပြင်ပေါ်မှာပဲ
နေချင်တော့တာပါပဲ။

- ဘယ်လောက်လှတဲ့ကြာပွင့် ဖြစ်ပါစေ
ကြာဖူးဘဝမှာ ရေအောက်မှာပဲ နေရပါတယ်။
အပွင့်ပွင့်ဖို့ကို တိုးထွက်လာတော့မှ
ရေပြင်ပေါ်ရောက်ပြီး နေရောင်ခြည်နဲ့
တွေ့ခွင့်ရခြင်းဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

➤ သဘာဝအတိုင်း...
အတောင်ပါတဲ့ပျားဖဲကောင်က
ပန်းရှိရာသို့ သွားရပါတယ်။
သဘာဝကို ဆန့်ကျင်ပြီး
အတောင်မရှိတဲ့ပန်းက ပျားရှိရာ သွားရင်တော့...
ပျားက ဂရုစိုက်မှာ မဟုတ်တော့ပါဘူး။

➤ သေတ္တာအတွင်းမှာ ရှိတဲ့အရာကို သိချင်ရင်
အရင်ဆုံး ပိတ်ထားတဲ့သော့ကို ဖွင့်ရပါမယ်၊
ဒါပေမယ့် ပိတ်ထားတဲ့သော့ခလောက်ကို ဖွင့်ဖို့
မှန်ကန်တဲ့သော့တစ်ချောင်းကို
ရှာဖွေဖို့တော့ အရေးကြီးဆုံးဖြစ်ပါတယ်။

➤ ရွှံ့ပျော့တွေကို လက်နှင့် ညှစ်လိုက်ရင်
လက်ကြားထဲမှ အပြင်သို့ ထွက်သွားကြတယ်၊
ပျော့ညံ့တဲ့လူတွေဟာ...
အနည်းငယ် ဖိရုံနှင့် ထွက်ပြေးဖို့
စိတ်ကူးတော့တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

# ဤဝတ္ထုတွင် ပါဝင်သောအခန်းများ


| | |
|---|---|
| အခန်း(၁) | သံပချိုင်နှင့်လူသေကျွန်းပဟေဠိ |
| အခန်း(၂) | မော်ဝိညာဉ်အမြုတေ |
| အခန်း(၃) | ဦးဇန်ကောင်းနှင့်အဿနစကား |
| အခန်း(၄) | မော်ဝိညာဉ်အမြုတေရှိခြင်း |
| အခန်း(၅) | ထူးဆန်းစွာပျောက်ဆုံးမှုများ |
| အခန်း(၆) | သောင်ပြင်ပေါ်မှခြေရာများ |
| အခန်း(၇) | ဘဝမလှသောအညတြအရှုံးသမား |
| အခန်း(၈) | စုံထောက်ကျော်စွာနှင့်သဲလွန်စကွင်းဆက်များ |
| အခန်း(၉) | မင်္ဂလာပွဲမှရာဇဝတ်သင့်သောသူ |
| အခန်း(၁၀) | မိန်းမလာတောင်းသောသရဲ |
| အခန်း(၁၁) | ကြောက်မက်ဖွယ်ရာလောဘရန်စွယ် |
| အခန်း(၁၂) | ဖူးစာဆုံကြသူများ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



# အခန်း(၁)

# သံမချိုင်နှင့် လူသေကျွန်းမဟော်ဒို

အားနုံ့ဆားငွေ့များကို သယ်ဆောင်လာသော ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသောလေသည် ကမ်းခြေပေါ်သို့ မြူးတက်လာသည်။

ကမ်းစပ်တလျှောက်မှာ ရှိသောကျောက်တုံးများနှင့် သဲသောင်ပြင်များကို ဖြတ်သန်းပြီးနောက်တွင် ပင်လယ်ကမ်းခြေတစ်လျှောက်၌ ရှိနေသော သစ်တောများနှင့် အုန်းတောများအတွင်းသို့ ရောက်ရှိလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ကမ်းခြေတလျှောက်မှာ အများဆုံးပေါက်လေ့ရှိသော လမုပင်၊ လမပင်၊ ကမ္ဘလာပင်၊ သမဲ့ပင်များမှာ ပင်လယ်ကမ်းရိုးတန်းတလျှောက်မှာ တံတိုင်းများသဖွယ် ကာရံထားလေသည်။

ရှေးနှစ်ပေါင်းများစွာကတော့ ပင်လယ်ကမ်းခြေတလျှောက် လူသူနေထိုင်မှု မရှိဘဲ ဆောင်းဦးပေါက်ရာသီအစမှ နွေရာသီ တလျှောက်လုံးမှာတော့ ငါးပုစွန်ဖမ်းဆီးသူတို့ လာရောက်စခန်းချကြလေသည်။

ယခု ပင်လယ်ကမ်းခြေတွင် မြို့ရွာများ ဖြစ်နေကြပြီဖြစ်သော ကဒုံကနီ၊ ရေ အစရှိသောနေရာများမှာပင် ရှေးအခါက လူနေထိုင်မှု မရှိခဲ့ကြပေ။ မိုးကုန်၍ ဆောင်းဦးပေါက်ရာသီ ရောက်သောအခါ အထက်ပိုင်းမှ လူများ ရောက်လာပြီး စခန်းချသောနေရာများသာ ဖြစ်သည်။

၎င်းတို့သည် ပင်လယ်ကမ်းခြေနှင့် နီးသောနေရာတွင် ယာယီစခန်းချကြလေသည်။

ရှေးအခါက ရေနှင့်ကဒုံကနီ စသောရွာများမှာ မှျင်ထိုးသူများ ယာယီစခန်းချသော မှျင်ထိုးဆိပ်သာဖြစ်ပေသည်။

အထက်ပိုင်း အရပ်ဒေသများဖြစ်သော ဗိုလ်ကလေး(ယခု ဘိုကလေး)၊ မော်ကျွန်း၊ (မော်လမြိုင်ကျွန်း) ကျုံမငေး၊ ကျုံတိုင်၊ ကျုံတာ စသောနေရာများမှာ နေထိုင်ကြသော ရေလုပ်သားသည် မိုးရာသီ ကုန်သော ဆောင်းဦးပေါက်ရာသီမှ အစပြုကာ တစ်နွေလုံး (နောက်နှစ် မိုးမကျမချင်း)ထိုနေရာများသို့ ဆင်းလာပြီး စခန်းချ နေထိုင်ကာ မှျင် ငါးပိ ပြုလုပ်သော မှျင်ပုစွန်များကို လာရောက်ဖမ်းဆီးလေ့ရှိကြသည်။

မှျင်ပုစွန်များကို တွန်းပိုက်များဖြင့် ထိုးယူဖမ်းဆီးကြခြင်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

နွေရာသီ ရောက်လာသောအခါ လှေအစင်း(၉၀)၊ (၁၀၀)ခန့် လာရောက်ကာ စခန်းချကြသောကြောင့် ရွာငယ်တစ်ရွာမျှ ရှိကြလေသည်။

မိုးကျလျှင် စခန်းသိမ်းကာ နေရပ်သို့ ပြန်ကြလေသည်။ နောက်ပိုင်းမှာတော့ အချို့က မပြန်ကြတော့ဘဲ ထိုနေရာမှာ စခန်းချကြရာမှ နောက်ပိုင်း ရွာငယ်ကလေးများ ဖြစ်လာကြသည်။

နောက်ပိုင်းမှာတော့ ရွာငယ်မှ ရွာကြီးဖြစ်လာကြခြင်းဖြစ်သည်။

နေဂရေ့အငူဟု ခေါ်သော နဂါးရာဇ် အငူတစ်ဝိုက်မှာတော့ မော်တင်စွန်းစေတီတော် ရှိသောကြောင့် ရေလုပ်သားများ စခန်းမချကြပေ။

သို့သော် အရှေ့ဘက်နှင့်အနောက်ဘက်၊ မြောက်ဘက်နေရာများမှာတော့ ရေလုပ်သားများ စခန်းချသည့်နေရာများ ရှိခဲ့သည်။

ပင်လယ်ကမ်းခြေတလျှောက်မှာ ပေါက်သော သမှဲ့၊ ကမ္ဗလာ လဗ၊ လမုတောများကို ရှင်းပြီး စခန်းချခဲ့ရာမှ ရွာငယ်ကလေးများဖြစ်လာကြသည်။

ပုသိမ်ဘက်မှာ ရှိသောရွာများမှ စုန်ဆင်းလာသော ရေလုပ်သားများသည် မော်တင်စွန်းအငူဘက်သို့ ရောက်လာတတ်ကြပေသည်။

ဖျာပုံဘက်မှ ဆင်းလာသောရေလုပ်သားများမှာ ဖျာပုံမြစ်ဝ တစ်ဝိုက်မှာ ရှိသော ကျွဲကဒွန်း အစရှိသောနေရာများသို့ သွားရောက် စခန်းချကြသလို ဗိုလ်ကလေး(ဘိုကလေး)နယ်ဘက်မှ ဆင်းလာသော



www.burmeseclassic.com

www.burmeseclassic.com



ရေလုပ်သားများမှာလည်း ဗိုလ်ကလေးမြစ်ဝ အဆုံးသတ်ရာ ကဒုံကနိ အစရှိသောနေရာများ၌ စခန်းချကြသည်။

မော်လမြိုင်ကျွန်း၊ မြောင်းမြ၊ ကျုံမငေး၊ လပွတ္တာ အစရှိသော နေရာများမှ ဆင်းလာသော ရေလုပ်သားများမှာ ရေဝတီမြစ် အဆုံးသတ်ရာ ရေရှာတစ်ဝိုက်မှာ စခန်းချကြသလို ပုသိမ်နယ်ဘက်မှ ဆင်းလာသော ရေလုပ်သားများမှာလည်း ပုသိမ်မြစ် အဆုံးသတ်ရာ မော်တင်စွန်းတစ်ဝိုက်မှာ စခန်းချပြီး ငါးပုစွန် ရှာဖွေကြလေသည်။

အထက်ပိုင်းမှ အဖွဲ့လိုက် အဖွဲ့လိုက် စုန်ဆင်းလာကြရာ စုရပ်နေရာ ရောက်သောအခါ လှေအစင်း(၉၀)၊ (၁၀၀)ခန့် များပြားသွားလေတော့သည်။

ထိုအခါ ပင်လယ်ကမ်းခြေနှင့် နီးသောတောများကို ခုတ်ထွင်ရှင်းလင်းပြီး ယာယီတဲများ ထိုးနေကြသည်။

တစ်မိုးတွင်းလုံး လူသူကင်းမဲ့နေသော ပင်လယ်ကမ်းစပ်နေရာများမှာ မြောက်ပြန်လေနှင့်အတူ ပြန်လည်အသက်ဝင်လာကြတော့သည်။

လူသံသူသံ၊ ကလေးသံ၊ ခွေးသံ၊ ကြက်သံများဖြင့် ဆူညံလာတော့သည်။

ညဦးပိုင်းအချိန်များတွင် မီးဖိုများ၊ ရေနံဆီမီးအိမ်များ ထွန်းထားရာ ကမ်းခြေတလျှောက်လုံး ပိုးစုန်းကြူးများ လင်းလက်နေသကဲ့သို့ ထင်ရပေသည်။

အထက်ပိုင်းမှ ဆင်းလာကြသူများမှာ သားငါးပုစွန် ရှာဖွေဖမ်းဆီးလာကြသော်လည်း ၎င်းတို့ အဓိက ဖမ်းဆီးသောအရာမှာ မျှင်ငပိ ပြုလုပ်သော မျှင်ပုစွန်ကလေးများပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မျှင်ပုစွန်ကလေးများမှာ သေးငယ်လှပြီး အရောင်အဆင်းမှာ အနီရောင်ဖြစ်သည်။

တစ်ကြိမ်ဆင်းလျှင် တစ်တင်း နှစ်တင်းအထိ ရကြလေသည်။

ရှေးအခါက ရင်တွန်းပိုက်များဖြင့် ပင်လယ်ကမ်းခြေ တလျှောက်မှာ ထိုးယူကြသော်လည်း နောက်ပိုင်းမှာတော့ ပင်လယ်ပြင် ထွက်ပြီး စန္နား၊ ဂါးပိုက်များဖြင့် ထောင်ဖမ်းယူကြလေသည်။

ရှေးအခါကတော့ အထက်ပိုင်းမှ ဆင်းလာကြသူများမှာ နွေရာသီကုန်၍ မိုးရာသီရောက်တော့မည်ဆိုလျှင် စခန်းသိမ်းကာ မိမိတို့ နေရပ်သို့ ပြန်ကြလေ့ရှိသည်။

နောက်ပိုင်းရောက်လာသောအခါ အချို့က မပြန်ကြတော့ဘဲ မူလနေရာများမှာပင် တဲများကို မိုးလေလုံအောင် စီမံဆောက်လုပ်ပြီး တစ်မိုးခိုကြလေသည်။

တစ်ဦးစ နှစ်ဦးစ နေထိုင်ကြရာမှ နောက်ပိုင်းတော့ တဖြည်းဖြည်းနှင့် လူများလာတော့သည်။

ရှေးအခါက တောနက်များထဲမှာ ကျား၊ ကျားသစ်၊ တောဆင်ရိုင်းများ ပေါလှသောကြောင့် လူနည်းလျှင် မနေဝံ့ကြသော်လည်း လူများလာသောအခါ နွေရောမိုးပါ နေဝံ့လာကြသည်။

ဤသို့ဖြင့် ပင်လယ်ကမ်းခြေတလျှောက်မှာ ရွာငယ်ရွာကြီးများ ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်သည်။

ထိုကဲ့သို့ ပေါ်ပေါက်လာခဲ့သောရွာများထဲတွင် ရေရွာလည်း တစ်ရွာအပါအဝင်ဖြစ်ခဲ့လေသည်။

ရေရွာသည် ရှေးအခါ မျှင်ထိုးသမားများ ယာယီစခန်းချသော မျှင်ထိုးဆိပ်တစ်ခုဖြစ်သော်လည်း နောက်ပိုင်းမှာတော့ တဖြည်းဖြည်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



စည်ကားသော ရွာကြီးတစ်ရွာအဖြစ်သို့ ရောက်လာခဲ့လေသည်။

ဧရာဝတီမြစ်သည် မေခနှင့်မလိခ မြစ်နှစ်သွယ် ပေါင်းဆုံရာမှ အစပြုပြီး မြောက်ဘက်မှတောင်ဘက်သို့ စီးဆင်းခဲ့သည်။

လမ်းခရီးတလျှောက်လုံး မိုင်ပေါင်း ရာထောင်ချီလျှက် ရှည်လျားခဲ့ပြီး မြို့ရွာပေါင်းများစွာတို့ကိုလည်း ဖြတ်ကျော်လာခဲ့ရသည်။

မြောက်ဖျားမှ စတင်စီးဆင်းခဲ့သော ဧရာဝတီမြစ်ကြီးသည် မြန်မာနိုင်ငံ၏တောင်ဘက်စွန်းနေရာမှာ ရှိသော ဧရာရွာအနီးသို့ ရောက်သောအခါ ကပ္ပလီပင်လယ်အတွင်းသို့ စီးဝင်ကာ အဆုံးသတ်သွားလေတော့သည်။

ဧရာဝတီမြစ်ဝသည် ဧရာရွာ၏အနောက်မြောက်ယွန်းယွန်းလောက်တွင် ရှိပါသည်။

ဧရာရွာသည် ဘိုကလေးမြို့နယ်အတွင်း၌ ပါဝင်ပြီး တောင်ဘက်အစွန်ဆုံးရွာဟုလည်း ပြော၍ရသည်။

အချို့ကလည်း ကပ္ပလီပင်လယ်ပြင်နှင့် ဧရာဝတီမြစ်ဝတို့ ပေါင်းဆုံရာနေရာ၌ တည်ရှိသောကြောင့် 'ဧရာ' ရွာဟု အမည်ပေးခဲ့သလောဟု အထင်ရှိကြလေသည်။ အချို့က ဧရာဟု မသုံးဘဲ အေးရာဟု ရေးကြသုံးကြလေသည်။

ရှေးအခါက ဘေးရန်မှ အေးရာအရပ်အဖြစ် လာရောက် ခိုလှုံရာနေရာဖြစ်သောကြောင့် အေးရာဟု ခေါ်ရာမှ ကာလကြာသောအခါ ဧရာဟု ဖြစ်လာကြောင်း အယူရှိကြလေသည်။

ဗြိတိသျှအစိုးရလက်ထက်တွင် ထုတ်ဝေခဲ့သော ကဒ့်ကနီ ဆဝ်တောကြီးဝိုင်းပြ မြေပုံထဲတွင် ဧရာကို အင်္ဂလိပ်ဘာသာဖြင့် "EYA" ဟု ရေးသားဖော်ပြထားလေသည်။

www.burmeseclassic.com



ဗြိတိသျှလက်ထက် အစိုးရပုံနှိပ်တိုက်မှ (၁၉၂၈)ခုနှစ် ထုတ်ဝေသော ဗိုလ်ကလေး(ဘိုကလေး)မြို့နယ်ပြမြေပုံတွင် "EYA" ဟု ဖော်ပြထားလေသည်။

(၁၉၅၆)ခုနှစ်၊ သမ္မစိတ္တ အပြည်ပြည်ဆိုင်ရာ ပညာရေးစာအုပ်ဖြန့်ချိရေးဌာနမှ ထုတ်ဝေခဲ့သော အငြိမ်းစား ပထဝီဝင် ပါမောက္ခ ဒေါ်သင်းကြည်နှင့် ရိက္ခာတော်ရ တွဲဖက် ဒုတိယ ပညာမင်းကြီး ဦးထွန်းအောင်တို့ ပြုစုသည့် ကျောင်းသုံး ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ကမ္ဘာ့မြေပုံစာအုပ်တွင် ရောဟုသာ ဖော်ပြထားလေသည်။

ရောဝတီတိုင်း ဖျာပုံခရိုင် အရေးပိုင်ရုံးမှ (၁၉၅၇)ခုနှစ်၊ ဇန်နဝါရီလ(၉)ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သော ရွာသူကြီးခန့်စာ၌လည်း ရောကျေးရွာနယ်မြေဟုပင် ရေးသားဖော်ပြထားလေသည်။

ရောရွာသည် အများအားဖြင့်တော့ ရေလုပ်ငန်းလုပ်သူများ နေထိုင်သောနေရာဖြစ်သည်။

နောက်ပိုင်းမှာတော့ ဈေးရောင်းသူများ၊ ခြံစိုက်သူများ ပေါ်ပေါက်လာသည်၊

နောက်ပိုင်းမှာတော့ ရောရွာကို အမှီပြုပြီး အခြားကျေးရွာများလည်း ပေါ်ပေါက်လာလေသည်။

ထိုရွာများမှာ သစ်တောများကို ခုတ်ထွင်ရှင်းလင်းပြီး လူနည်းစုဖြင့် စတင်ရွာတည်ကြပြီး နောက်ပိုင်းရောက်လာသောအခါ ရွာစုကလေးများ ဖြစ်လာသည်။ ရွာစုကလေးမှ တဖြည်းဖြည်းနှင့် ရွာကြီးများဖြစ်လာသည်။

ကျေးရွာထူထောင်ကြသူများမှာ ဥယျာဉ်ခြံများ စိုက်ပျိုးကြရာ အုန်းပင်များမှာ ဖြစ်ထွန်းမှု လျင်မြန်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



အုန်းပင်သည် ရေချိုအရပ်ရော ရေငန်အရပ်၌ပါ စိုက်ပျိုး၍ ရသည်ဆိုသော်လည်း ရေငန်အရပ်ကို ပိုမိုနှစ်သက်မှု ရှိလေသည်။

သို့ကြောင့် ပင်လယ်ကမ်းခြေမှာ စိုက်ပျိုးသော နှန်းတောများ မှာ နေ့ချင်းညချင်း ဖြစ်ထွန်းလာပြီး အဝေးမှ ကြည့်သောအခါ အုန်း တောများမှာ စိမ်းညို့နေလေသည်။

နောက်ပိုင်း ရေရွာကြီးကို အမှီပြုပြီး အခြားကျေးရွာစုများ ပေါ်လာသည်။

တောက်တာကုန်း၊ အုန်းပင်စု၊ တောင်ယာကြီး လတာချောင်း သမစိတ္တာ၊ သပြေရိုး၊ သဘော့အိုင်၊ ဆေးရိုးကုန်း၊ လေးအိမ်တန်း၊ သောင် တာ၊ ဝါးတောကုန်၊ ရွာသာယာ၊ ရေကျော်ကြီး ခေါင်ကြီးကျွန်း စသော ရွာများဖြစ်ကြလေသည်။

ထိုရွာများ တည်သောနေရာများမှာ ရှေးနှစ်ပေါင်း တစ်ရာ ကျော် နှစ်ရာခန့်အချိန်က ကနစိုသစ်တောကြီးများ ဖုံးလွှမ်းနေသော နေရာများပင်ဖြစ်သည်။

တဖြည်းဖြည်းနှင့် သစ်တောကြီးများ ပြုန်းတီးလာပြီးနောက် လူများက လယ်ယာစိုက်ပျိုးခြင်း၊ ဥယျာဉ်ခြံမြေများ ထူထောင်ကြခြင်း ကြောင့် သစ်တောကြီးများ ပျောက်ကွယ်သွားကြခြင်းဖြစ်သည်။

ထိုနေရာများမှာ မြန်မာလူမျိုးများ မရောက်မီ အချိန်ကာလ ကတည်းက မွန်လူမျိုးများ ရောက်လာပြီး နေထိုင်ခဲ့ကြသည်။

သက္ကရာဇ်(၁၁၁၉)ခု၊ (၁၇၅၇)တွင် ပဲခူး ဟံသာဝတီ မွန် နေပြည်တော်ကြီး ပျက်စီးသွားခဲ့ပြီးနောက်တွင် ကျုံတုံးမြို့စားကြီးသည် နောက်လိုက်ပါအခြွေအရံများနှင့် ပင်လယ်ကမ်းခြေဒေသအရပ်များသို့ မွန်လူမျိုးများ စတင်ရောက်ရှိလာခဲ့ခြင်းဖြစ်ပေသည်။ ရေရွာမှာ မွန်



www.burmeseclassic.com

www.burmeseclassic.com



အခေါ်အဝေါ်နှင့် "အကြာပ်ရး" ဖြစ်ပြီး အဓိပ္ပာယ်မှာ 'တပ်ကြပ်ကြီး တည်ခဲ့သောရွာ' ဟု အဓိပ္ပာယ်ရှိလေသည်။

ရောရွာအနီး တောက်တာကုန်းဒေသတွင် မွန်တပ်ကြပ်ကြီး၏ အဆက်အနွယ်များ တည်ဆောက်လှူဒါန်းခဲ့သော ရုပ်ပွားတော်၊ စေတီတော်နှင့် ကျောင်းအိုကြီးများ ရှိနေသေးသည်။

တောက်တာကုန်းနှင့် ထိုရွာအနီးရှိ အုန်းပင်စုရွာတို့တွင် မွန်လူမျိုးနှင့် အဆက်အနွယ်များ နေထိုင်လျက်ရှိသည်ကို တွေ့နိုင်ပေသေးသည်။

ရောရွာနှင့် ပတ်ဝန်းကျင်ရွာများတစ်ဝိုက်တွင် မြန်မာ မွန် ရခိုင်တို့ အများစု နေထိုင်ပြီး ကရင်နှင့်တရုတ်လူမျိုးအချို့လည်း ရှိကြသည်။

ရောရွာ၏ပင်လယ်ကမ်းခြေတလျှောက်မှာ အုန်းတောများ အများအပြားရှိပြီး ရေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း ပြုသူတို့ မှီတင်းနေထိုင်ကြသည်။

နီမောင်သည် ရောကျေးရွာမှာ နေထိုင်သူတစ်ယောက်ဖြစ်ပြီး ငါးရှာသောအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူတစ်ယောက်လည်းဖြစ်သည်။

နီမောင်မှာ အသက်(၂၅)နှစ်ဝန်းကျင်အရွယ်ရှိပြီး ရေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုနေရသူဖြစ်သဖြင့် ကြံ့ခိုင်သန်စွမ်းမှု ရှိလေသည်။

နီမောင်နှင့်အတူ နောက်ထပ်နှစ်ယောက်လည်း ရှိသေးသည်။

သူနှင့် လက်တွဲဖော်ဖြစ်သော စောထီးနှင့်ငမဲအောင်တို့ ဖြစ်ကြသည်။

ငါးရှာထွက်တော့မည်ဆိုလျှင် လှေပေါ်မှာ ပိုက်နှင့် အခြား



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများ တင်ဆောင်ပြီး သုံးယောက်သား ပင်လယ်ပြင်သို့ ထွက်ကြသည်။

ယခုတစ်ပတ် ပင်လယ်ထွက်ပြီး ငါးရှာရာ အထိအမိ ကောင်းကြသဖြင့် သုံးယောက်သား ဝမ်းသာပျော်ရွှင်စွာဖြင့် ကမ်းခြေသို့ ပြန်ဝင်လာကြသည်။

"နီမောင်ရေ. . . ဒီတစ်ခေါက် ငါးအထိအမိ များလာတော့ မင်းပျော်နေတယ် မဟုတ်လား"

စောထီးက မေးလိုက်သည်။

"ပျော်တာပေါ့ကွာ"

"ငါးရလာလို့ ပျော်တာထက် ငါးရောင်းလို့ ပိုက်ဆံများများရရင် ခင်မြရီအတွက် လက်ဆောင်လေးဘာလေး ဝယ်ပေးလို့ရမှာမို့ ပျော်နေတာ မဟုတ်လား"

"မဟုတ်ပါဘူးကွာ. . . ခင်မြရီက ငါ့ကို မကြိုက်ပါဘူး"

"သူက ဘယ်သူ့ကို သဘောကျနေလို့လဲ"

"ငါထင်တာတော့ သူက သံပချိုင်ကို ပိုပြီးသဘောကျနေပုံရတယ်"

သံပချိုင်မှာ ရောရွာသားတစ်ယောက်ဖြစ်ပြီး နီမောင်တို့လို ပင်လယ်ထွက်ပြီး ငါးရှာနေသူတစ်ဦးပင်ဖြစ်သည်။

သံပချိုင်မှာ အသက်(၂၈)နှစ်အရွယ်ခန့်ရှိပြီး ရခိုင်လူမျိုးတစ်ယောက်ဖြစ်သည်။

သူသည် အရပ်မြင့်မြင့် အသားညိုညိုနှင့် စကားပြောကောင်းသူတစ်ယောက်ဖြစ်သည်။

"သံပချိုင်လည်း ငါးဖမ်းသမား၊ မင်းလည်း ငါးဖမ်းမှ စားရတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက် ဖြစ်တာချင်း တူပါရက်နဲ့ ခင်မြရီက သူ့ကို ပိုပြီးသဘောကျတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား”

“ငါ့အထင်ပြောတာပါ. . . ခင်မြရီကို ချစ်ခွင့်ပန်ထားတာ အတော်ကြာပြီ၊ အခုထိ အဖြေမပေးသေးပုံထောက်တော့ သူတို့ချင်း အဆင်ပြေသွားလို့ ဖြစ်မှာပေါ့”

“ဒါကတော့ မင်းအနေနဲ့ တစ်ဖက်သတ် တွေးနေတာလည်း ဖြစ်ချင်ဖြစ်မှာပါ၊ မင်းက ပင်လယ်ပြင်မှာ ကျွမ်းကျင်သလောက် မိန်းကလေးတွေရဲ့အကြောင်းမှ သိပ်မသိသေးတာ၊ ခင်မြရီဟာ အခုချိန်အထိ လွတ်လပ်နေသူတစ်ယောက်ဘဝပဲ ရှိသေးတယ်၊ တစ်ဦးတစ်ယောက်နဲ့ လက်မထပ်မချင်း ဘာမှ အတည်ယူလို့မရဘူး၊ တစ်ယောက်နဲ့ ကြိုက်နေတယ်ဆိုပေမယ့် တကယ်လက်ထပ်တော့ တစ်ယောက်နဲ့ ဖြစ်ချင်ဖြစ်နေတတ်တာပဲ၊ တဖက်သတ် တွေးပြီး စိတ်ပျက်မနေစမ်းပါနဲ့ကွာ”

ဟု ငမဲအောင်က ဝါရင့်အချစ်အဘိဓမ္မာသမားလေသံမျိုးဖြင့် ပြောဆိုနေသည်။

ထိုစကားကြားသောအခါ နီမောင်တို့နှစ်ယောက်က သဘောကျစွာ ပြုံးပြလိုက်ကြသည်။

အဘယ်ကြောင့်ဆိုသော်. . .

အချစ်အဘိဓမ္မာကို ကြီးကြီးကျယ်ကျယ် ပြောဆိုနေသည့် ငမဲအောင်မှာ ယခုအချိန်အထိ သူပိုးပန်းနေသော မိန်းကလေး၏အချစ်ကို ရအောင်မကြိုးစားနိုင်သေးသောကြောင့် ဖြစ်သည်။

ခင်မြရီမှာ တောက်တာကုန်းရွာသူတစ်ယောက်ဖြစ်သည်။ အသက်(၂၀)ဝန်းကျင်အရွယ်ရှိပြီး ရုပ်ရည်ရော ကိုယ်လုံးကိုယ်ထည်ပါ လှပချောမောသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပါးပြင်ပေါ်မှာ စံပယ်တင်မဲ့နက်တစ်လုံးရှိပြီး ပြုံးလိုက် ရယ်လိုက်သောအခါ သွားတက်ကလေးများဖြင့် ချစ်စဖွယ်ရှိလေသည်။

ခင်မြရီကို နီမောင်ကလည်း နှစ်သက်သဘောကျနေသလို သံပချိုင်ကလည်း အရှုးအမူး စွဲလန်းနေသည်။

သူတို့နှစ်ယောက်မှာ တစ်ရွာတည်းသားချင်းလည်းဖြစ်၊ ရေလုပ်ငန်း လုပ်ရာမှာလည်း အတူတူဖြစ်သလို ခင်မြရီ၏အချစ်ကို ရအောင်ကြိုးစားကြရာမှာလည်း အတူတူဖြစ်နေသည်။

သို့သော် အခင်အမင် မပျက်ကြဘဲ သူလည်း သူ့နည်းသူ့ဟန်နှင့် ကြိုးစား၊ ကိုယ်လည်း ကိုယ့်နည်းကိုယ့်ဟန်နှင့် ကြိုးစားနေကြလေသည်။

နီမောင်တို့ ကမ်းခြေသို့ ပြန်ရောက်လာသောအချိန်မှာ သံပချိုင်တို့လှေလည်း ပြန်ရောက်နေချေပြီ။

နီမောင်တို့လှေ ဝင်လာတာ မြင်သောအခါ သံပချိုင်က ထိုနေရာသို့ လျှောက်လာလေသည်။

"နီမောင်ရေ. . . အထိအမိ ကောင်းရဲ့လားဟေ့"

"အေး. . . ဒီတစ်ခေါက်တော့ အတော်ကလေး ရခဲ့ပါတယ်၊ ဒါထက် မင်းတို့ရော အဆင်ပြေရဲ့လား"

"ငါတို့ ဒီတစ်ခေါက် သိပ်မဟန်ပါဘူးကွာ၊ များများရမလား ဆိုပြီး ဟိုးပင်လယ်ထဲက ကျွန်းတွေနား ရောက်အောင် ပိုက်သွားချတာတောင် ငါးကတော့ ဖြစ်လောက်အောင် မရခဲ့ပါဘူး"

ထိုသို့ပြောရင်း နီမောင်တို့လှေ ကမ်းခြေသို့ ပြန်ကပ်လာသည်ကို ကူညီပေးလေသည်။

နီမောင် ကမ်းပေါ်သို့ တက်လာသောအခါ သံပချိုင်က မေး



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"မင်း ညနေ တောက်တာကုန်းဘက် သွားဦးမှာလား နီမောင်"

"အလုပ်အားမှ သွားမှာပါ။ မင်းသွားချင်သွားလေ၊ မင်းသွားရင် ငါမသွားတော့ပါဘူး"

"ငါက ဒီသဘောမျိုးနဲ့ မေးတာမဟုတ်ပါဘူး၊ ခင်မြရီရဲ့မေတ္တာကို မင်းပဲရရ ငါပဲရရ ကျေနပ်ပါတယ်၊ ငါ မင်းနဲ့ တိုင်ပင်စရာရှိလို့ နီမောင်ရ"

"ဘာများလဲ"

"ငါ ဒီတစ်ခေါက် ပင်လယ်ပြင် ထွက်ရင်းနဲ့ ကျွန်းတစ်ကျွန်း ရောက်သွားတယ်၊ အဲဒီကျွန်းက တခြားမဟုတ်ဘူး၊ ဆလုံတွေ မသာချတဲ့ ကျွန်းတစ်ကျွန်းပဲ"

"ဟင်. . ."

ထိုစကားကြားသောအခါ နီမောင်မှာ များစွာအံ့ဩသွားလေသည်။

"ဒါထက်နေပါဦး. . . မင်းက အဲသည်ကျွန်းကို ဘယ်လိုရောက်သွားတာလဲ"

"ငါလည်း ဒီတစ်ခေါက် ငါးများများရအောင်ဆိုပြီး ပင်လယ်ထဲကို အတော်ဝေးဝေးရောက်အောင် သွားရင်းကနေ အဲဒီကျွန်းပေါ် ရောက်သွားခဲ့တာ"

"အရင်က ဒီဘက်တွေမှာ ဆလုံတွေ ရှိတယ်လို့ မကြားမိပါဘူး၊ အခုမှ ဘယ်လိုရောက်လာကြသလဲ မသိလူး"

"ဆလုံတွေက အခုလို ပင်လယ်ပြင်မှာ ရာသီဥတုတွေ သာယာရင် ပင်လယ်ပြင်အနှံ့ လျှောက်သွားနေကြတာဆိုတော့ ရောက်ရင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ရောက်ကြမှာပေါ့"

"ဒါထက်နေပါဦး. . . ဆလုံတွေ မသာချတဲ့ကျွန်းဆိုတာရော ဘယ်လိုသိခဲ့တာလဲ"

ထိုအခါ သံပချိုင်က ရှင်းပြလေသည်။

သံပချိုင်မှာ ရေရှာဘက် ရောက်မလာခင်က မြိတ်ကျွန်းစုများ ဘက်မှာ အချိန်အတော်ကြာကြာ နေထိုင်ခဲ့ဖူးသူဖြစ်သည်။

သို့ကြောင့် မြိတ်ကျွန်းစုများဘက်မှာ အများဆုံး တွေ့နိုင်သော ဆလုံများအကြောင်းကို အတန်အသင့် သိခဲ့လေသည်။

သူသည် ဆလုံစကားနှင့်ဓလေ့များကို တတ်ကျွမ်းခဲ့လေသည်။

ပင်လယ်ဂျစ်ပစီများ သို့မဟုတ် ပင်လယ်ပျော် မော်ကင်းဟု တင်စားခေါ်ဝေါ်ကြသည့် ဆလုံများမှာ ပင်လယ်ပြင်၌ ပျော်မွေ့သူများ ဖြစ်ကြလေသည်။

ကဗန်းလှေတစ်စင်းကို အိမ်သဖွယ် အမှီပြုနေထိုင်ပြီး ပင်လယ်ပြင်အနှံ့ လှည့်လည်သွားလာရင်းနှင့်ပင် ဝမ်းစာရှာဖွေကြလေသည်။

ငါး၊ ပုလဲ၊ ငါးကြီးအံဖတ်၊ ငှက်သိုက် စသော ပင်လယ်ထွက် အဖိုးတန်ပစ္စည်းများမှာ ဆလုံများ၏အဓိကဝမ်းစာများပင်ဖြစ်သည်။

၎င်းတို့သည် ပင်လယ်ပြင်၌ လှည့်လည်သွားရင်း သေဆုံးသွား သောအခါ မီးမရှို့ ရေမမျှော မြေမမြှုပ်ဘဲ ကျွန်းတစ်ကျွန်းပေါ်မှာ စင်တစ်စင်နှင့် တင်ကာ သင်္ဂြိုဟ်လေ့ရှိသည်။

ထိုသို့ထားရာမှာလည်း သေဆုံးသူ ပိုင်သော ပစ္စည်းကိရိယာ များကို အလောင်းပေါ်မှာ တင်ထားပေးလေ့ရှိသည်။

ထိုသို့ပြုလုပ်ထားခြင်းမှာ တကယ်မသေဘဲ အသက်ပြန်ရှင်လာ



www.burmeseclassic.com

www.burmeseclassic.com



ပါက အသက်မွေးဝမ်းကျောင်း ပြုလုပ်နိုင်ရန်အတွက်ဖြစ်သည်။

အဘယ်မျှပင် တန်ဖိုးရှိသောပစ္စည်းဖြစ်စေ၊ သေဆုံးသွားသူ၏ ပိုင်သောပစ္စည်းဖြစ်ပါက သေသူနှင့်အတူ ထည့်ပေးသောဓလေ့ ရှိသည်။

ထို့ပြင် ဆလုံတို့သည် ပင်လယ်ထဲမှာ လှည့်လည်သွားလာနေသည်ဆိုသော်လည်း သေဆုံးသူများကို သွားရောက်စွန့်ပစ်သော ကျွန်း တစ်ကျွန်းကိုတော့ သီးသန့်ထားလေ့ရှိသည်။

ထိုကျွန်းမှာ လူသူအရောက်အပေါက် မရှိသော သီးသန့်ကျွန်း မျိုးဖြစ်သည်။

ယခု သံပချိုင်တို့ ရောက်သွားသောကျွန်းမှာ ထိုကျွန်းမျိုးပင်ဖြစ် ချေသည်။

သံပချိုင်က ထိုအကြောင်းကို ပြောပြသောအခါ နီမောင်က စိတ်ဝင်စားသွားလေသည်။

"အဲဒီကျွန်းပေါ် ရောက်သွားတော့ ဘာများ ထူးခြားတာတွေ တွေ့ခဲ့ရသလဲ"

သံပချိုင်က မနီးမဝေးမှာ အလုပ်လုပ်နေသူများကို စိတ်မချ သောအမူအယာမျိုးဖြင့် တစ်ချက်လှမ်းကြည့်ပြီးမှ လေသံတိုးတိုးဖြင့် ပြောသည်။

"ငါ ထူးခြားတာတစ်ခု တွေ့ခဲ့ရတယ်၊ အခုတော့ ပြောလို့ မသင့်တော်သေးဘူး၊ ငါ ညရောက်တော့ မင်းဆီ လာခဲ့မယ်၊ မင်းစောင့် နေပါ"

ဟု ပြောပြီး သံပချိုင်က သူ့လေ့ရှိရာသို့ ပြန်သွားလေသည်။

နီမောင်မှာ စိတ်ဝင်စားဖွယ်ရာအကြောင်းတစ်ခုကို အစပိုင်း



www.burmeseclassic.com

www.burmeseclassic.com



နားထောင်ရပြီး အဆုံးမသတ်သေးဘဲ ရပ်လိုက်သကဲ့သို့ စိတ်ထဲမှာ မတင်မကျ ကျန်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂)

# မှော်ဝိဇ္ဇာနှင့် အမြုတေ

ပင်လယ်ပြင်သည် မာယာများသောနေရာတစ်ခုဖြစ်သည်။ သာသာယာယာ ရှိနေရာမှ ချက်ချင်းအုံ့မှိုင်းလာပြီး မုန်တိုင်းကျချင် ကျလာတတ်သည်။

လေပြင်းမုန်တိုင်းများ ကျနေရာမှ ချက်ချင်းပြောင်းလဲသွားကာ ကြည်ကြည်လင်လင် ပြန်ဖြစ်လာသည်မျိုးလည်း ရှိတတ်ပေသည်။

သံပချိုင်တို့လှေပေါ်မှာ သံပချိုင်အပါအဝင် လူသုံးယောက် ပါသည်။

ကျန်နှစ်ယောက်က သံပချိုင်၏လက်အောက် တပည့်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖြစ်ကြသော ကရင်ကြီးနှင့် ကုလားလေးဆိုသူတို့ဖြစ်သည်။

သူတို့သုံးယောက်မှာ ပင်လယ်ပြင်မှာမွေး၊ ပင်လယ်ပြင်မှာ ကြီးပြင်းကြပြီး ပင်လယ်လုပ်ငန်းနှင့်ပင် အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်သောကြောင့် ပင်လယ်အလုပ်မှန်သမျှ ကျွမ်းကျင်ကြလေသည်။

ယနေ့လည်း ငါးအထိအမိ များများရစေရန် ရည်ရွယ်ပြီး ကမ်းခြေနှင့် ဝေးသောကျွန်းများဘက်သို့ ထွက်ခဲ့ကြလေသည်။

ရောဝတီမြစ်ဝမှ ပင်လယ်ပြင်သို့ ထွက်လာလျှင် တောင်ဘက်ယွန်းယွန်းနေရာလောက်တွင် ကိုင်းသောင်ကျွန်း ရှိသည်။

ထိုကျွန်းပေါ်မှာ အခြေချ နေထိုင်ပြီး ငါးပုစွန် ရှာဖွေဖမ်းဆီးသူများ ရှိကြသည်။

ထိုနေရာပတ်ဝန်းကျင်တစ်ဝိုက်မှာ လူမရှိသော ကျွန်းစုများစွာ ရှိကြလေသည်။

ထိုကျွန်းများမှာ လူသူအရောက်အပေါက်နည်းသောကြောင့် သစ်တောများက ဖုံးလွှမ်းထားလေသည်။ အချို့သောကျွန်းများမှာ ကျောက်တောင်များ လိုဏ်ဂူများ ရှိသောကြောင့် ထိုနေရာများမှာ ငှက်သိုက်ရသော ဇီဝဆိုးငှက်များ နေထိုင်ကြလေသည်။

ဇီဝဆိုးငှက်များမှာ ကျောက်တောင်နံရံများနှင့် လိုဏ်ဂူကြီးများအတွင်းသို့ ဝင်ရောက်ကာ ငှက်သိုက်များ ပြုလုပ်လေ့ရှိကြသည်။

ပင်လယ်ပြင်မှာ ရာသီဥတု သာယာသော နွေရာသီနှင့်ဆောင်းရာသီများတွင် ငှက်သိုက်ရှာဖွေသူများ ရောက်လာတတ်သည်မှအပ ကျန်အချိန်များမှာ ထိုကျွန်းများသို့ လူသူအရောက်အပေါက် မရှိလှပေ။

ယခုနှစ်ပိုင်းများမှာတော့ မြိတ်ကျွန်းစုများဘက်မှ ရွေ့ပြောင်းလာသောဆလုံများ ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် များများမဟုတ်သေးဘဲ လှေတစ်စင်းစ နှစ်စင်းစ ရောက်လာကြခြင်းဖြစ်သည်။

ဆလုံများမှာ အများအားဖြင့်တော့ ကဗန်းလှေများပေါ်မှာသာ နေထိုင်ကြပြီး လေမိုးပြင်းထန်သည့်အချိန်အခါမျိုးနှင့် လူသေသည့် အခါမျိုးမှသာ နီးစပ်ရာကျွန်းများပေါ်သို့ တက်ရောက်လေ့ရှိကြသည်။

ယခု သံပချိုင်တို့ ရောက်နေသောကျွန်းမှာ လူသူကင်းမဲ့လျက် ရှိသော ကျွန်းတစ်ကျွန်းပင်ဖြစ်သည်။

ကမ်းခြေတလျှောက်မှာ သဲသောင်ပြင်များ ရှိပြီး ကမ်းစပ် တလျှောက်မှာတော့ ကျောက်တုံးကျောက်ဆောင်များရှိသည်။

အပေါ်ပိုင်းမှာတော့ သစ်တောကြီးများသာ ရှိလေသည်။ အများအားဖြင့်တော့ ပင်လယ်ဒေသမှာ ပေါက်ရောက်လေ့ ရှိသော ကနစို၊ သမဲ့၊ ကမ္ဘလာ၊ လဗပင်၊ လမုပင်များ ရှိကြလေသည်။

သစ်ပင်ကြီးများပေါ်မှာတော့ ပင်လယ်စင်ရော်ကြီးများ အပါ အဝင် ပင်လယ်ဖျော် ငှက်အများအပြား ရှိနေကြသည်။

သံပချိုင်တို့ ထိုကျွန်းအနီးသို့ ရောက်လာကြခြင်းမှာ ပင်လယ် ပြင်၏အခြေအနေမှာ ချက်ချင်းအုံ့မှိုင်းလာပြီး မုန်တိုင်းကျမည့်အခြေ အနေမျိုး ပေါ်လာသောကြောင့်ဖြစ်လေသည်။

သူတို့သည် စီးလာသောလှေကို လုံခြုံစိတ်ချရသောနေရာပေါ် ရောက်သည်အထိ တင်ထားကြပြီး ဒီလှိုင်းများနှင့် ပါမသွားစေရန် ကြိုး များဖြင့် ခိုင်အောင်ချည်ထားကြလေသည်။

သူတို့ ကျွန်းပေါ် ရောက်သောအချိန်မှာ ညနေပိုင်းအချိန် ဖြစ် သည်။

"ဒီကျွန်းပေါ်မှာ လူမရှိတာ သေချာတယ်၊ တကယ်လို့ မုန်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကျလာရင် လှေထဲမှာ နေရတာထက် ကျွန်းပေါ်မှာ နေရတာ ပိုပြီးစိတ်ချရတယ်"

"ကျွန်းပေါ် တက်ကြမယ့်အတူတူတော့ ဟိုနားဒီနား လှည့်ကြည့်ကြရင် မကောင်းဘူးလား။ ငှက်သိုက်တွေ့တော့လည်း ငှက်ဥလေးဘာလေး နှိုက်ကြရတာပေါ့"

"အေး. . . ဒီအကြံကောင်းတယ်၊ ကျွန်းပေါ်မှာ မိုးလေခိုလို့ရတဲ့ ဂူလေးဘာလေး တွေ့တော့လည်း တစ်ညတလေ ဝင်ခိုကြရတာပေါ့"

ဟု ပြောဆိုတိုင်ပင်ကြပြီးနောက် ဓါး၊ မှိန်း၊ လှံ စသော လက်နက်များကို ယူပြီးနောက် တောပေါ်သို့ တက်ကြလေသည်။

တောမှာ ကမ်းခြေတလျှောက်သာ ချုံနွယ်ပိတ်ပေါင်းများနှင့် ရှုပ်ထွေးနေသော်လည်း အပေါ်ပိုင်း ရောက်သောအခါ သစ်ပင်ကြီးငယ်များဖြင့် တောခြေရှင်းလှသဖြင့် သွားလာရ လွယ်ကူလေသည်။

ကျွန်းပေါ်မှာ တောကောင်များ မတွေ့ရသော်လည်း ပင်လယ်ပျော် ငှက်မျိုးစုံတို့ကတော့ ပေါလှပေသည်။

သစ်ပင်မြင့်များပေါ်မှာ ငှက်ပေါင်းစုံတို့၏အသိုက်များကို လှမ်းမြင်ရသော်လည်း အပေါ်တက်ရန်တော့ မလွယ်ကူလှပေ။

ကျွန်းမှာ သိပ်ကြီးဟန်မတူဘဲ တောပေါ် ရောက်ပြီး မကြာခင်မှာပင် ကျွန်း၏တစ်ဖက်ဆီမှ လှိုင်းပုတ်သံများ ကြားလာရသည်။

သူတို့ လှေဆိုက်ထားခဲ့သောနေရာနှင့် ယခုရောက်နေသောနေရာမှာ တစ်ဖက်စီဖြစ်သည်။

ထိုနေရာဘက် ရောက်သောအခါ လေနှင့်အတူ ပါလာသော အပုပ်နံ့အချို့ ရလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ကမ်းခြေနှင့် နီးသောနေရာမျိုးမှာ ထိုကဲ့သို့ အပုပ်နံ့ရခြင်းမျိုးမှာ အဆန်းတော့ မဟုတ်ပေ။

ပင်လယ်ထဲမှ မျောပါလာသော ငါးအသေကောင်များမှာ ပင်လယ်ရေလှိုင်း ပုပ်သောကြောင့် ကမ်းခြေတလျှောက် လာရောက်တင်နေတတ်ပေရာ အပုပ်နံ့များမှာ ထိုနေရာများမှ လေနှင့် ပါလာခြင်းမျိုးဖြစ်နိုင်ပေသည်။

"ဒီနေရာဘက် ရောက်ကာမှ အပုပ်နံ့တွေ တယ်များပါလား"

"ငါးပုပ်နံ့တွေ ဖြစ်မှာပါ့"

"ဒီအနံ့က ငါးပုပ်နံ့မျိုး မဟုတ်ဘူး၊ တောတိရစ္ဆာန်တွေ သေလို့ထွက်လာတဲ့အပုပ်နံ့မျိုးပဲ"

ကရင်ကြီးက သူထင်မြင်ချက်ကို ပြောရာ ကျန်နှစ်ယောက်ကဘာမှပြန်မပြောကြဘဲ လှိုင်းသံများ ကြားနေသောနေရာသို့ ဆင်းလာခဲ့ကြသည်။

တစ်နေရာ ရောက်တော့မှ ယင်မမည်းရိုင်းများ တဝေါဝေါနှင့်ဝိုင်းအုံနေသောအလောင်းကို တွေ့ကြရသည်။ အခြားမဟုတ်ပေ။

စင်ဖြင့် တင်ထားသော ဆလုံတစ်ယောက်၏အလောင်းပင်ဖြစ်သည်။

အလောင်းမှာ သေတာ ကြာမြင့်ခဲ့ဟန်ဖြင့် ပုပ်နေချေပြီ။ သဘော့များဖြင့် ပတ်ပြီး ကြိုးများဖြင့် တုပ်နှောင်ထားသော်လည်းတဖြည်းဖြည်းနှင့် ပုပ်လာသောကြောင့် ကြိုးများ ပြတ်ထွက်ပြီးနှောက်ပတ်ထားသောဖျာမှာလည်း ပြေကျနေပြီဖြစ်သောကြောင့် အခင်းမှအလောင်းကောင်မှာ အထင်းသားကြီး ပေါ်နေလေတော့သည်။

"ဒါ ဆလုံတစ်ယောက်ရဲ့အလောင်းပဲ၊ ပင်လယ်ထဲမှာ သွား



www.burmeseclassic.com

www.burmeseclassic.com



ရင်းလာရင်းနဲ့ သေသွားလို့ ဒီကျွန်းပေါ်မှာ လာတင်ထားခဲ့တာ ဖြစ်ရမယ်"

ဟု ပြောပြီး သုံးယောက်သား ထိုနေရာမှာ ကြာကြာဆက်မနေချင်တော့သဖြင့် လှည့်ပြန်ခဲ့ကြလေသည်။

သုံးယောက်စလုံး ငှက်ဥမရသည့်အပြင် အလောင်းကောင်နှင့်တွေ့ခဲ့ကြရသဖြင့် စိတ်လက်မကြည်မသာဖြစ်ပြီး ပြန်လာကြခြင်းဖြစ်သည်။ သူတို့သုံးယောက် လှေသို့ ပြန်ရောက်လာတော့ အတော်မှောင်နေချေပြီ။

ပင်လယ်ပြင်မှာ မုန်တိုင်းမကျသော်လည်း လေပြင်းများ တိုက်ခတ်နေသောကြောင့် လှိုင်းလုံးကြီးများက တဝုန်းဝုန်းနှင့် ထကြွလျက်ရှိနေကြသည်။

ကမ်းခြေသို့ လာရောက်ရိုက်ခတ်သောအသံများကိုလည်း ဆူညံစွာ ကြားကြရလေသည်။

ထိုရာသီဥတုမျိုးဖြင့်တော့ ပင်လယ်ပြင်သို့ မထွက်နိုင်ကြသေးသောကြောင့် ထိုကျွန်းမှာပင် တစ်ညနားကြရန် ဆုံးဖြတ်ကြသည်။

သို့ကြောင့် ချက်ပြုတ်ထားသော အစားအသောက်များကို စားသောက်ပြီး အိပ်စက်ရန် ပြင်ကြလေသည်။ လှေမှာ ငါးဖမ်းလှေ အမျိုးအစားဖြစ်ပြီး ပဲ့ပိုင်းမှာ ပေါင်းမိုးပါသည်။

မိုးရွာလျှင်တော့ သုံးယောက်သား ပေါင်းမိုးအတွင်းမှာပင် စုအိပ်ကြပြီး မိုးမရွာလျှင်တော့ လှေဦးပိုင်းမှာ ထွက်အိပ်သူက အိပ်ကြလေသည်။

ထိုနေ့ညက ကျန်နှစ်ယောက်က ပဲ့ပိုင်းပေါင်းမိုးအတွင်းမှာ အိပ်ကြပြီး သံပချိုင်တစ်ယောက်တည်း အမိုးအကာ မရှိသော လှေဦး



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းမှာ ထွက်အိပ်လေသည်။

သို့သော်လည်း လှေက လှိုင်းပုတ်သည့်ဒဏ်ကြောင့် လူးနေသောကြောင့် တော်တော်နှင့် အိပ်မပျော်ဘဲ ရှိနေသည်။ ညဉ့်နက်ပိုင်း အချိန်ရောက်သောအခါမှ မှေးကနဲ အိပ်ပျော်သွားသကဲ့သို့ ဖြစ်သွားလေသည်။

ထိုအခါ နားထဲမှာ ခြေသံလိုလို ကြားလာရသည်။

တစ်စုံတစ်ယောက် တောတိုးလာသောခြေသံမျိုးပင်ဖြစ်သည်။ ပထမတော့ တောထဲမှ သတ္တဝါတစ်ကောင်ကောင် တိုးထွက်လာလေသလားဟု ထင်လိုက်မိသည်။

ခြေသံက တဖြည်းဖြည်း နီးလာလေသည်။

သံပချိုင် လှေဝမ်းအတွင်းမှ ထကြည့်တော့ သစ်ပင်တွေကြားမှ တိုးထွက်လာသော မည်းမည်းသဏ္ဌာန်ကို လှမ်းမြင်ရသည်။

"ဟင်. . ."

အလင်းရောင် မှုန်ပျပျအောက်မှာ တိုးထွက်လာသည်က တောတိရစ္ဆာန်တစ်ကောင် မဟုတ်ပေ။

လူနှင့် တူသော ပုံပန်းသဏ္ဌာန်တစ်ယောက်သာဖြစ်သည်။ ပထမတော့ သံပချိုင်က နောက်ဘက်မှာ အိပ်ပျော်နေသည့် အဖော်နှစ်ယောက်ကို နှိုးလိုက်မည်ဟု စိတ်ကူးမိသော်လည်း မနှိုးရသေးခင်မှာ ထိုမည်းမည်းသဏ္ဌာန်က အနားရောက်လာလေသည်။

အလင်းရောင်မှုန်ပျပျကြောင့် ဝိုးတဝါး မြင်နေရသော ထိုသဏ္ဌာန်ကို ကြည့်ပြီး သံပချိုင်မှာ ထိတ်လန့်သွားလေသည်။

ထိုသဏ္ဌာန်က လှေဦးထိပ်နားမှာ လာရပ်လေသည်။ တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များဖြင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော



www.burmeseclassic.com

www.burmeseclassic.com



ဆလုံတစ်ယောက်ပင်ဖြစ်လေသည်။

"မင်းဘယ်သူလဲ"

သံပချိုင်က ဆလုံဘာသာစကားဖြင့် လှမ်းမေးလိုက်သည်။

"ငါ့နာမည်က ဇာလာဟီးလို့ ခေါ်တယ်၊ နတ်ဆရာတစ်ယောက်ပဲ၊ အခုတော့ ရွာသားတွေ ဝိုင်းသတ်တာနဲ့ သေခဲ့ရပြီး ဒီကျွန်းပေါ် ရောက်နေတာ"

"ဟင်. . ."

ထိုစကားကြားသောအခါ ညနေပိုင်းက တောထဲမှာ တွေ့မြင်ခဲ့ရသော အလောင်းစင်ကို သတိရမိလေသည်။

"မင်းက နတ်ဆရာဖြစ်ပါရက်နဲ့ ရွာသားတွေက ဘာကြောင့် သတ်ပစ်ရတာလဲ"

"ငါ့ဆီမှာ မှော်ဝိဇ္ဇာဥ်အမြုတေ ရှိတယ်"

"အဲဒါက ဘာလဲဟင်"

"ငါစီရင်လို့ အောင်မြင်ထားတဲ့ သိဒ္ဓိဝင်ပစ္စည်းတစ်မျိုးပေါ့၊ ဒီအမြုတေက လူတွေဆီက ပစ္စည်းတွေကို ကြိုက်သလို တောင်းယူလို့ရတယ်"

"အဲဒီလို တောင်းယူတော့ နောက်သိသွားပြီး အဖမ်းခံရမှာပေါ့"

"အဲ့ဒီလို မမှတ်မိနိုင်အောင်လို့ စီရင်ထားတဲ့ပစ္စည်းမျိုးပဲ၊ ငါ့အနေနဲ့ ဒီပစ္စည်းကို စီရင်ထားပြီး သုံးမယ်မှ မကြံသေးဘူး၊ လူတွေ သိသွားလို့ အသတ်ခံခဲ့ရတာပဲ"

"အခု အဲဒီအမြုတေက ဘယ်မှာလဲ"

"သူတို့ ရှာနေကြတာနဲ့ ငါ ဝမ်းထဲမှာ မျိုချထားခဲ့တာ၊ အခု ငါ့အလောင်းရဲ့ဝမ်းထဲမှာ ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါကို ငါတို့က ဘယ်လိုလုပ်ပေးရမှာလဲ"

"ငါ့ဝမ်းထဲမှာ ရှိတဲ့အမြုတေကို မင်းယူသွားပါ၊ ဒီအမြုတေ ရှိနေသမျှ ငါ့ဝိညာဉ်လည်း ဘယ်မှ သွားခွင့်ရမှာမဟုတ်ဘူး၊ ဒီအမြုတေကို ရရင် မင်းကြိုက်တဲ့လူဆီက လိုချင်တာကို တောင်းယူလို့ ရလိမ့်မယ်"

"ဟင်. . ."

ထိုစကားကြားသောအခါ သံပချိုင်မှာ များစွာစိတ်ဝင်စားသွားလေသည်။ ချက်ချင်း ခင်မြရီကို သတိရလိုက်မိသည်။

သူ့အနေနှင့် ယခုအချိန်ထိ ခင်မြရီ၏အချစ်ကို မရသေးပေ။ နီမောင်နှင့်အပြိုင် ပိုးပန်းနေရဆဲပင် ရှိသေး၏။ အကယ်၍သာ မှော်ဝိညာဉ်အမြုတေကို ရမည်ဆိုပါက ခင်မြရီ၏အချစ်ကို အလွယ်တကူ တောင်းယူ၍ ရလိမ့်မယ်ဟု ရှူးရှူးမိုက်မိုက် တွေးလိုက်မိသည်။

"ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"မင်းက ငါ့ဝမ်းဗိုက်ထဲမှာ ရှိနေတဲ့ မှော်ဝိညာဉ်အမြုတေကို ခွဲပြီးယူသွားပေးပါ၊ ဒါပေမယ့် မင်းတို့ ယူမယ်ဆိုရင်တော့ ဒီတောမှာ ရှိတဲ့မကောင်းဆိုးဝါးတွေက နှောင့်ယှက်ကြလိမ့်မယ်၊ မင်းတို့ အဲဒါတွေကို နိုင်မှရမယ်၊ မနိုင်ရင်တော့ မင်းတို့ အသတ်ခံရလိမ့်မယ်"

ထိုသို့ပြောသောအခါ စောစောက စိတ်ကူးယဉ်နေမှုများ ခဏချင်းမှာပင် ကွယ်ပျောက်သွားပြီး ကြောက်လန့်စိတ်များ ဝင်လာကြလေတော့သည်။

"ငါတို့ အဲဒါတွေကိုမှ နားမလည်တာ. . . ဘယ်လိုလုပ်ရမလဲ"

"မင်းတို့ နားမလည်ရင် နားလည်တဲ့လူတွေနဲ့ တိုင်ပင်ပြီး လုပ်ပါ၊ မဟုတ်ရင်တော့ မင်းတို့ သေကြလိမ့်မယ်"

ဟု ပြောပြီး မည်းမည်းသဏ္ဌာန်ကြီးက တောထဲသို့ ပြန်ဝင်



www.burmeseclassic.com

www.burmeseclassic.com



သွားလေတော့သည်။

ထိုအခါမှ သံပချိုင်မှာ စိတ်လှုပ်ရှားမှုများဖြင့် ငူငူကြီး ကျန်ခဲ့လေသည်။

သူသည် အိပ်ယာမှ ပြန်နိုးလာသကဲ့သို့ ဇဝေဇဝါ ဖြစ်နေလေသည်။

"စောစောက ငါ ကြားခဲ့မြင်ခဲ့တာတွေက တကယ်ပဲလား၊ အိပ်မက်,မက်နေတာများလား၊ သူပြောသွားတဲ့ မော်ဝိဉာဉ် အမြုတေကို ရရင်တော့ ငါလိုချင်တာ ရပြီ၊ ဒါပေမယ့် အဲဒီပစ္စည်းက လူဆိုးသေကောင်ရဲ့ဝမ်းဗိုက်ထဲမှာဆိုတော့ ဘယ်လိုနှိုက်ယူလို့ရမလဲ၊ တကယ်လို့ အရဲစွန့်ပြီး နှိုက်ယူနေတုန်းမှာ မကောင်းဆိုးဝါးတွေ ရောက်လာရင် ဘယ်လိုလုပ်ရမလဲ၊ ငါနဲ့ ပါလာတဲ့ကရင်ကြီးနဲ့ ကုလားလေးကလည်း ပင်လယ်ပြင်မှာသာ အားကိုးရတာ၊ သရဲတစ္ဆေတွေနဲ့ တွေ့ရင် ခံနိုင်မှာ မဟုတ်ဘူး၊ နောက်ပြီး ဒီအကြောင်းတွေကိုလည်း သူတို့ မသိတာဘဲကောင်းတယ်၊ ဒီတော့ ငါဘယ်လိုလုပ်ရမလဲ၊ ငါတို့ရွာမှာ ဒီလိုကိစ္စမျိုးတွေနဲ့ ပတ်သက်လာရင် ကျွမ်းကျင်တဲ့သူ ဘယ်သူရှိမလဲ"

ထိုသို့စဉ်းစားနေရင်းမှပင် နီမောင်ကို သတိရမိလေတော့သည်။

အထက်ပါအကြောင်းများမှာ သံပချိုင်က နီမောင်နှင့် တွေ့သောအခါ အကြောင်းစုံ ပြန်ပြောပြနေခြင်းပင်ဖြစ်ပေသည်။

နီမောင်ကလည်း သံပချိုင် ပြောသောအကြောင်းများကို စိတ်ဝင်စားလေလေသည်။

နီမောင်နှင့်သံပချိုင်မှာ ခင်မြရီ၏မေတ္တာကို ရရှိရန်ကြိုးပမ်းနေကြရာမှာ တူညီကြသော်လည်း တစ်ယောက်နှင့်တစ်ယောက် များစွာ



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်ရင်းနှီးသူများ ဖြစ်ပေသည်။

တစ်ယောက်အကြောင်းရှိလျှင် တစ်ယောက်အကူအညီပေးပြီး အချို့အကြောင်းများကိုလည်း တိုင်ပင်ဖော်တိုင်ပင်ဖက်များ ဖြစ်ကြလေသည်။

"နီမောင်. . . ငါပြောတာကို မင်းဘယ်လိုထင်လဲ"

"ငါတော့ သိပ်နားမလည်ဘူး၊ ဒီအကြောင်းမျိုးတွေက ရွာဖျားဘက်မှာ နေတဲ့ ဆရာကြီးဦးဗန်ကောင်းတို့မှပဲ ပိုသိမှာပဲ၊ မင်းသိချင်ရင် သူ့ကို သွားမေးတာ ပိုကောင်းမယ်ထင်တယ်"

"သွားမေးတာကတော့ ဟုတ်ပါပြီ၊ တကယ်လို့ သိဒ္ဓိရှိတဲ့ပစ္စည်းဆိုရင် မင်းပါ လိုက်ခဲ့မလား"

"မင်း အဖော်မရှိရင်တော့ ငါလိုက်ခဲ့ပါမယ်"

ဟု ကတိပေးလိုက်လေသည်။

သံပချိုင်ကတော့ နီမောင်ထံမှ ကတိရသည်နှင့် များစွာ ကျေနပ်မှု ရှိသွားသောကြောင့် ပြန်သွားလေတော့သည်။သူပြန်သွားသောအခါမှ နီမောင်မှာ ထိုအကြောင်းကို ပြန်တွေးနေသည်။

မှော်ဝိဇ္ဇာဥ် အမြုတေဆိုတာ ဘယ်လိုပစ္စည်းမျိုးလဲ။

ထိုပစ္စည်းကြောင့် နတ်ဆရာ အသတ်ခံခဲ့ရတယ်ဆိုသည်မှာ ဘာကြောင့်လဲ။

သို့သော်လည်း ဉာဏ်တစ်ထွာတစ်မိုက်လောက်နှင့်တော့ အဖြေရအောင် မစဉ်းစားနိုင်ခဲ့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃)

# ဦးမန်ကောင်းနှင့် ဒဿနစကား

တစ်နေ့လုံး ထွန်းလင်းတောက်ပနေသော နေရောင်ခြည်များမှာ တဖြည်းဖြည်းနှင့် လျော့ပါးစ ပြုလာချေပြီ။ နေလုံးကြီးသည်ဝင်းအလင်းရောင်များ ဖျော့တော့စ ပြုလာလေပြီ။

ဆည်းဆာရောင်များကို ချန်ထားခဲ့ပြီး အနောက်ဘက်ပင်လယ်ရေပြင်အောက်သို့ ငုပ်လျှိုးပျောက်ကွယ်ရန် ကြိုးစားနေလေပြီ။

နေထွက်စ အရုဏ်ဦးဆည်းဆာချိန်နှင့် နေဝင့်ဏာနီညနေစောင်း ဆည်းဆာချိန် နှစ်မျိုးရှိရာ နေဝင်ချိန် ဆည်းဆာရောင်ရှာ ပိုမို



www.burmeseclassic.com

www.burmeseclassic.com



တောက်ပပြီး လှပမှုလည်း ရှိပေသည်။

ပန်းနုရောင်မှ တဖြည်းဖြည်းနှင့် ပုစွန်ဆီရောင်များ သမ်းလာပုံမှာ မြင်ရသူတိုင်း နှစ်သက်သဘောကျစေသည်။

စိတ်ထဲမှ ကြည်နူးခံစားမှုများကို ဖြစ်ပေါ်စေသည်။ ထိုညနေခင်း ဆည်းဆာရောင်များကို 'အကျည်းတန်လှချိန်' ဟုလည်း တင်စားခေါ်ကြသည်။

ညနေခင်း တိမ်တောက်နေသည့်အခါ ထိုဆည်းဆာရောင်နှင့် ထိတွေ့သူတိုင်း လှပချောမောနေသယောင် ထင်ရသောကြောင့်ဖြစ်သည်။

တောက်တာကုန်းရွာမှာ ရောရွာနှင့် မဝေးလှပေ။ ရှေးအခါက မွန်လူမျိုးတို့ အခြေချ နေထိုင်သွားခဲ့သောဒေသဖြစ်သောကြောင့် စေတီပုထိုးများနှင့် ကျောင်းဟောင်းများပင် ရှိနေသေးသည်။

တကယ်တော့ တောက်တာကုန်းသည် ရောရွာလောက် မကြီးသော်လည်း ရွာကြီးတစ်ရွာပင်ဖြစ်သည်။

ထိုရွာမှာ နေထိုင်ကြသူများမှာ ရေလုပ်ငန်းအမျိုးမျိုး မီးသွေးဖိုလုပ်ငန်း၊ ဓနိခြံ အုန်းခြံနှင့်ဥယျာဉ်လုပ်ငန်းများလုပ် ကိုင်ကြလေသည်။

ရေလုပ်ငန်းအမျိုးမျိုးမှ ပင်လယ်ငါးခြောက်အမျိုးမျိုး၊ ရေကျိုငါးပိ၊ မျှင်ငါးပိ စသောငါးပိအမျိုးမျိုး၊ ငါးငံပြာရည်၊ ပုစွန်ငံပြာရည်၊ ပုစွန်ခြောက်အမျိုးမျိုး၊

ပုစွန်ဖွဲ(ပုစွန်ခြောက် ပြုလုပ်ရာမှ ထွက်သောဖွဲ) ငါးစည်ဖောင်း၊ အုန်းသီး၊ ဓနိ၊ မီးသွေး စသည့်တို့မှာ ရော တောက်တာကုန်း အပါအဝင် ထိုနယ်ဘက်မှ အထွက်များသော ဒေသခံ ထွက်ကုန်များဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တောက်တာကုန်းနှင့် ရွာချင်း နီးသော အုန်းပင်စုရွာတို့တွင် ယခုအချိန်အထိ မွန်လူမျိုးအဆက်အနွယ်များ ရှိနေပြီး ရှေးအစဉ်အဆက်က ပြုလုပ်ခဲ့သော မိရိုးဖလာအလုပ်ဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုကြလေသည်။

(ရှေးအခါက ယခုအချိန်ကဲ့သို့ ဂဏန်းဖမ်းဆီးရောင်းချသော အလုပ်မရှိကြသော်လည်း ယခုအခါမှာတော့ ထိုဒေသတလျှောက်မှာ ဂဏန်းဖမ်းဆီးရောင်းချခြင်းမှာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းကြီးတစ်ခုအဖြစ်သို့ ရောက်နေခဲ့လေပြီ)

တောက်တာကုန်းရွာမှာ ဈေးဆိုင်များ ဖွင့်ပြီး ဈေးရောင်းဝယ်အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများလည်း ရှိကြသည်။

နီမောင်နှင့်သံပချိုင်တို့နှစ်ယောက် ပိုးပန်းနေသော ခင်မြရီမှာ တောက်တာကုန်းရွာ နေထိုင်သူဖြစ်သည်။ မိဘများက အုန်းခြံ ဓနိခြံများ ရှိပြီး အတန်အသင့် ချောင်လည်ကြသောကြောင့် သမီးဖြစ်သူကို အလုပ်မလုပ်စေဘဲ နေအိမ်ရှေ့မှာပင် ဈေးဆိုင်တည်ပေးထားသည်။

ခင်မြရီမှာ မောင်အငယ်တစ်ယောက်သာ ရှိသည်။

ဖခင်ဖြစ်သူနှင့် မောင်ငယ်တို့နှစ်ယောက် မိုးလင်းသည်နှင့် ခြံထဲ သွားကြပြီး မိခင်ဖြစ်သူက အိမ်မှုကိစ္စများကို တာဝန်ယူ ဆောင်ရွက်လေသည်။

ခင်မြရီတာဝန်က မိုးလင်းသည်နှင့် ဈေးဆိုင်ဖွင့်ပြီး ရောင်းချရန်ဖြစ်သည်။

နီမောင်ရောက်သွားသောအချိန်မှာ ညနေပိုင်းအချိန် ဖြစ်သောကြောင့် ဆိုင်မှာ လူရှင်းနေသည်။ မြငွေရီတစ်ယောက်တည်း ဆိုင်ပေါ်မှာ ရှိနေပြီး လက်ဖက်ခြောက် အထုပ်ငယ်လေးများ ထုပ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ နီမောင်ကို မြင်တော့ ခင်မြရီက ပြုံးပြသည်။ သွားတက်လေးများ ပေါ်အောင် ပြုံးပြသော ခင်မြရီ၏အပြုံးတစ်ချက်က ရင်ထဲမှာ ပင့်သက်ကို ဖြစ်သွားစေသည်။

"နီမောင် ဘယ်က မျက်စိလည်လာတာလဲ"

"ဒီကိုပဲ လာတာပါပဲ၊ ဒီတစ်ပတ် ငါးခြောက်ကောင်းကောင်းလေးတွေ ရလာလို့ နင်တို့အတွက် လာပို့ပေးတာ"

ဟု ပြောကာ လက်ထဲမှာ ပါလာသော ငါးခြောက်ထုပ်ကို လှမ်းပေးလိုက်တော့ ခင်မြရီက ဈေးဆိုင်အတွင်းမှပင် လှမ်းယူရလေသည်။

"ကျေးဇူးတင်ပါတယ်ဟယ်. . . ထိုင်ဦးလေ. . . ငါ လက်ဖက်သုတ်နဲ့ ရေနွေးကြမ်း ပြန်ပြီးဧည့်ခံပါ့မယ်"

ဟု ပြောသဖြင့် ဈေးဆိုင်ရှေ့မှာ ပြုလုပ်ထားသော ခုံတန်းလျားပေါ်မှာ ဝင်ထိုင်လိုက်သည်။

ခဏကြာတော့ ခင်မြရီက လက်ဖက်သုတ်ပန်းကန်နှင့် ရေနွေးကြမ်းအိုး လှမ်းပေးသဖြင့် လှမ်းယူပြီး ခုံတန်းလျားပေါ်မှာ တင်ထားလိုက်သည်။

"ကဲ. . . အမောပြေ စားပါဦး၊ နင် ဒီရွာဘက်ကို မရောက်တာကြာပြီနော်. . . ပင်လယ်ထွက်နေရလို့လား"

နီမောင်က ပန်းကန်ထဲသို့ ရေနွေးကြမ်း ငှဲ့ထည့်ရင်း ခေါင်းငြိတ်ပြသည်။

"အလုပ်တွေ အရမ်းကြိုးစားနေပါလား၊ ငွေများများရအောင်ပြီး တစ်ခုခု လုပ်ဖို့များ စဉ်းစားနေတာလား"

"လူဆိုတာကတော့ မျှော်လင့်ချက်တွေ ရည်ရွယ်ချက်တွေကတော့ ရှိကြတာချည်းပေါ့၊ ဒါပေမယ့် ကိုယ်ထင်တိုင်းလည်း ဖြစ်ချင်မှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာတာမျိုးမှ မဟုတ်တာ"

"ဒါပေမယ့် ဘယ်အရာမဆို ဇွဲကောင်းကောင်းနဲ့ ကြိုးစားရင်တော့ ရနိုင်တာပဲ မဟုတ်လား၊ ဒါထက် နေပါဦး၊ နင်က ဘာတွေများ ကြီးကြီးကျယ်ကျယ် စိတ်ကူးနေတယ်ဆိုတာလည်း ပြောပါဦး"

နီမောင်က သောက်လက်စ လက်ဖက်ရည်ပန်းကန်ကို ပြန်ချထားလိုက်ရင်း သက်ပြင်းတစ်ချက် ချလိုက်သည်။

"ငါလည်း အရွယ်ကလေး ရလာပြီဆိုတော့ ဒီလိုပဲ စဉ်းစားစရာလေးတွေတော့ ရှိလာတာပေါ့၊ ဒါပေမယ့် အခုလက်ရှိအခြေအနေအတိုင်းတော့ မဖြစ်နိုင်သေးပါဘူး ခင်မြရီ"

"ကေန္တတော့ နင်မှန်းနေတာက စန္ဒားပိုင်ရှင်သမီးတွေ စက်လှေပိုင်ရှင်သမီးတွေများ ဖြစ်နေလို့ ဒီလောက်ခက်ခဲနေရတာလား"

"မဟုတ်ပါဘူး. . . ဒီလောက်အထိလည်း မမှန်းဝံ့ပါဘူး"

ခင်မြရီက တစ်ချက်ပြုံးလိုက်သည်။

"ဒီလောက်မခက်ဘူးဆိုရင်လည်း ကိုယ်လိုချင်တာကိုရအောင် ကြိုးစားပေါ့ဟာ၊ ငါတို့ ကူညီပေးနိုင်မယ့်ကိစ္စဆိုရင်လည်း ပြောလေ၊ တတ်နိုင်သလောက် အကူအညီပေးရမှာပေါ့"

နီမောင်က မချိပြုံး တစ်ချက်ပြုံးလိုက်သည်။

"တကယ်တော့ ဒီကိစ္စက နင်ကူညီပေးရင် ရပါတယ်၊ ဘာကြောင့်လဲဆိုတော့ နင်ကိုယ်တိုင် ဆုံးဖြတ်ပေးရင် ရတဲ့ကိစ္စမျိုးပါ"

ထိုစကားများက ပါးစပ်မှ ထွက်လာခြင်းမဟုတ်ဘဲ ရင်ထဲမှာ ပွဲတင်ထပ်နေလေသည်။

"နီမောင်. . . ဘာတွေများ ဒီလောက်စဉ်းစားနေတာလဲ၊ စဉ်းစားတာလည်း စဉ်းစားပေါ့၊ လက်ဖက်လည်း စားပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . အေးပါ"

သည်တော့မှ အယောင်ယောင်အမှားမှားဖြင့် လက်ဖက်တစ်ဇွန်း ခပ်စားလိုက်သည်။

"နင့်ဆီကို သံပချိုင်ရော လာသေးလား"

"အင်း. . . တလောကတော့ လာသေးတယ်၊ အခုတလောတော့ မတွေ့ပြန်ဘူး၊ ပင်လယ်ထွက်သွားတယ် ထင်ပါတယ်"

"သူလည်း မနေ့က ပြန်ရောက်လာပြီ၊ နင့်ဆီ လာဦးမယ် ထင်ပါတယ်၊ ငါပြန်တော့မယ် ခင်မြရီ"

ဟု ပြောကာ နေရာမှ ထသည်။

"ဟင်. . . ဘယ်လိုဖြစ်တာလဲ မြန်လှချည်လား"

"အေး. . . အလုပ်ကလေး ရှိနေသေးတာ အခုမှ သတိရတာနဲ့ နောက်မှ လာခဲ့ဦးမယ်"

ဟု ခင်မြရီကို နှုတ်ဆက်ပြီးနောက် ပြန်ထွက်ခဲ့လေသည်။ ခင်မြရီကတော့ နီမောင်အမူအယာကို ကြည့်ပြီး အားမလိုအားမရ ဖြစ်ကာ ကျန်ခဲ့လေသည်။

နီမောင်မှာလည်း ခင်မြရီနှင့် နှစ်ယောက်ချင်း တွေ့ခိုက် မိမိပြောလိုသောစကားများကို ပြောရန် စိတ်ကူးမိသော်လည်း တကယ်တမ်းကျပြန်တော့လည်း ပြောမထွက်ပြန်ပေ။

"သူကြည့်ရတာ ငါ့အပေါ်မှာတော့ လိုက်လျောမှုရှိတဲ့ပုံမျိုးပါပဲ၊ ဒါကလည်း ငါ့အနေနဲ့ တစ်ဖက်သတ် ထင်တာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပါ။ သူက ငါ့အပေါ်မှာ မိတ်ဆွေတစ်ယောက်အနေနဲ့ ခင်နေတာမျိုး ဖြစ်နေရင် ဖွင့်ပြောလိုက်တော့မှ အခင်အမင် ပျက်သွားမှာလည်း စိုးရသေးတယ်၊ နောက်ပြီး ငါ့မှာလည်း ဘာတစ်ခုမှ ပြည့်စုံသေးတာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီလိုပဲ နေတာ ကောင်းပါတယ်လေ၊ သူ တကယ်လို့ သံပချိုင်နဲ့ အဆင်ပြေသွားရင်လည်း ငါ့အနေနဲ့ ကျေနပ်ရမှာပါပဲ”

ဟု တစ်ယောက်တည်း ချီတုံချတုံ တွေးနေမိလေသည်။ နေဝင်ရီတရောအချိန်မှာ ရောရွာသို့ ပြန်ရောက်လာသောအခါ ဆရာကြီး ဦးဗန်ကောင်းကို သတိရမိလေသည်။

“ငါတို့ ပင်လယ်ထဲ မသွားခင် ဆရာကြီးနဲ့ တွေ့ပြီး အကျိုးအကြောင်း ပြောထားရရင်တော့ ကောင်းမယ်”

ဟု တွေးမိကာ ဦးဗန်ကောင်း နေထိုင်ရာ ရွာမျှားဘက်သို့ ထွက်လာခဲ့လေသည်။

ဦးဗန်ကောင်းသည် အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီး ဆေးပညာ ဓါတ်ပညာ ကျွမ်းကျင်သော မြန်မာဆေးဆရာတစ်ဦးပင်ဖြစ်သည်။

ရောရွာမှာ ကျေးရွာဆေးပေးခန်း ရှိသော်လည်း ရောဂါဖြစ်လာလျှင် မြန်မာဆေးပညာ ကျွမ်းကျင်သောဆရာများကို အားကိုးရသည်လည်း ရှိသည်။

ဦးဗန်ကောင်းကလည်း ဆေးကုပေးရာမှာ ဆေးဖိုးဝါးခအစိတ မထားဘဲ စေတနာဖြင့်သာ ကုသပေးလေ့ရှိသည်။ ငွေကြေးဖြင့် အစိတထားပြီး ကုသပေးခြင်းမျိုး မဟုတ်သောကြောင့် ရောဂါ ပျောက်ကင်းသောအခါ စားသောက်စရာများဖြင့် လာရောက်ကန်တော့သည်တများလေသည်။

ထိုကဲ့သို့ စေတနာကောင်းသောကြောင့် ဦးဗန်ကောင်းမှာ လက်လုပ်လက်စား ဆင်းရဲသူဆင်းရဲသားများ အားကိုးစရာဆရာတစ်ဦး ဖြစ်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်နှင့်လည်း ခင်မင်ရင်းနှီးနေသောကြောင့် အလုပ်နားသောရက်နှင့် ကြုံကြိုက်လျှင် ဦးဗန်ကောင်းထံ သွားပြီး အလုပ်ရှိလျှင် ကူညီလုပ်ကိုင်ပေးလေ့ရှိရာ ဦးဗန်ကောင်းကလည်း နီမောင်အပေါ်မှာ သူ့သားနောင်မယ်တစ်ဦးပမာ ခင်မင်လေသည်။

တစ်ခါတစ်ရံ အခြားနေရာများသို့ လှေဖြင့် ဆေးကုသွားရသည့်အခါ နီမောင်ကို အဖော်ခေါ်သွားလေ့ရှိသည်။

ညနေစောင်းအချိန် နီမောင်ရောက်သွားသောအချိန်တွင် ဦးဗန်ကောင်းမှာ ဆေးဖော်စပ်ရန်အတွက် ဆေးထောင်းနေလေသည်။

"နီမောင်ပါလား. . . ဘယ်က လှည့်လာတာလဲ"

"တောက်တာကုန်းရွာဘက်က ပြန်လာတာပါ၊ အဘ ဆေးထောင်းနေတာလား၊ ပေးလေ. . . ကျွန်တော်ထောင်းပေးမယ်"

နီမောင်က ဆေးဆုံကို ယူပြီး ထောင်းပေးသောအခါ ဦးဗန်ကောင်းက ကွမ်းအစ်ကို ယူ၍ ကွမ်းယာနေလေတော့သည်။

"မင်း ပင်လယ်ထွက်တာ အရအမိ ကောင်းရဲ့လား"

"ဒီလိုပါပဲ အဘရာ၊ စားလောက်ရုံတော့ ရပါတယ်"

"ရေလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုသူတွေကတော့ကွာ လှေဦးစိုရင် ဝမ်းစို၊ လှေဦးခြောက်တာနဲ့ ဝမ်းလည်း ခြောက်ကြတာ မဟုတ်ပါပဲ၊ တကယ်တမ်း ချမ်းသာသွားကြတဲ့လူတွေကတော့ ငွေရှိတဲ့လူတွေပါပဲ"

"ကိုယ့်မှာ ငွေအရင်းအနှီး မရှိတော့လည်း ဒီလိုပဲ လုပ်အားနဲ့ပဲ ရင်းနှီးစားသောက်ရတာပါပဲ အဘရယ်"

"ဒါပေမယ့် ဘဝတစ်ခုကို ပုံသေကားချတော့ တွေးမတော်နဲ့ကွ၊ လူဆိုတာ ကံတရားနဲ့ နေကြတဲ့လူတွေချည်းပဲ၊ ကံထင်လာတာကို



www.burmeseclassic.com

www.burmeseclassic.com



မမြင်နိုင်ဘူးဆိုပေမယ့် ဥပေက္ခာပြုမထားရဘူး၊ သူရောက်လာတဲ့အချိန်မှာ ကိုယ့်ဘက်က အဆင်သင့်ဖြစ်အောင်တော့ ဝီရိယနဲ့ ပြင်ဆင်ထားသင့်တာပေါ့၊ ကိုယ်က ဝီရိယနဲ့ အဆင်သင့် ပြင်ထားတဲ့အချိန်မှာ ကံတရားက ကိုယ့်ဘက်ကို အလှည့်ပေးလိုက်မယ်ဆိုရင် ဘဝအပြောင်းအလဲတွေ အများကြီး ဖြစ်လာနိုင်တာပေါ့ကွာ"

ထိုစကားကြားသောအခါ နီမောင်စိတ်ထဲမှာ အားရှိသလို ခံစားလိုက်ရလေသည်။

"အဘ ပြောတဲ့စကား ကြားရတာ ကျွန်တော်တောင် အားရှိသလို ခံစားရတယ်"

"မင်း တခြားမကြည့်နဲ့၊ အခုလောလောဆယ် မင်းပတ်ဝန်းကျင်မှာ ချမ်းသာနေတဲ့လူတွေ ကြီးပွားနေတဲ့လူတွေက မျိုးရိုးအစဉ်အဆက်ကြီးပွားချမ်းသာတဲ့လူဆိုတာ အတော်ကလေး ရှားပါတယ်၊ သူ့ညာဘဝက နေ ကြိုးစားပြီး ဒီဘဝရောက်နေကြတဲ့လူတွေ များပါတယ်၊ တခြားမကြည့်နဲ့. . . အခု ရေရွာမှာ အချမ်းသာဆုံး စာရင်းဝင်ဖြစ်နေတဲ့ ဦးထွန်းပေါ်ဆိုတာ တစ်ချိန်တုန်းက သူများဆီမှာ သူရင်းငှားဘဝနဲ့ လုပ်ခဲ့ရတာပဲ၊ တဖြည်းဖြည်း ကြိုးစားအားထုတ်ရင်းနဲ့ အခုလိုဘဝ ရောက်လာခဲ့တာပဲ"

နီမောင်က ဆေးထောင်းနေရင်း ခေါင်းညိတ်ပြသည်။

"အဲဒီတော့ ဘဝဆိုတာ အနိမ့်အမြင့်တွေနဲ့ လည်ပတ်နေတာဆိုတော့ အခုဆင်းရဲနေလည်း ဝမ်းနည်းနေစရာ မလိုဘူး၊ အခုချမ်းသာနေလို့လည်း ဘဝင်မြင့်နေစရာ မလိုဘူး၊ အရေးကြီးတာ ကိုယ်လုပ်ရမယ့်အလုပ်ကို မှန်မှန်လုပ်ရင်းနဲ့ ဘဝတက်လမ်း ရှာနေဖို့ပဲ အရေးကြီးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ် အဘ"

"ငါက တစ်နေ့မှ တစ်ကျပ်ပဲ ရတယ်၊ သူများတွေက တစ်နေ့ကို ရာနဲ့ချီပြီး ရနေတာ မြင်ပြီး စိတ်ပျက်စရာ မလိုပါဘူး၊ အဲဒီလိုတွေးပြီး စိတ်ပျက်စရာ မလိုပါဘူး၊ အဲဒီလို တွေးပြီးစိတ်ဆင်းရဲနေမယ့်အစား တခြားနေရာတွေမှာ ကိုယ့်လောက်မှ မရတဲ့လူတွေ အများကြီး ရှိနေတာကို တွေးလိုက်ရင် စိတ်သက်သာရာ ရနိုင်တာပေါ့၊ ဒါပေမယ့် အရေးကြီးတဲ့အချက်နှစ်ခုတော့ သတိထားရမယ်ကွ"

"ဘာများလဲ အဘ"

"တစ်ချက်က ဘဝတိုးတက်ရေးနဲ့ ပတ်သက်လာရင် မျှော်လင့်ချက်ကို များများထားရတယ်၊ နောက်တစ်ချက်က အချစ်နဲ့ ပတ်သက်လာရင်တော့ မျှော်လင့်ချက်တွေ များများမထားသင့်ဘူး၊ ဘာကြောင့်လဲ ဆိုတော့ အဆင်မပြေလို့ ကိုယ်လိုချင်တာ မရတဲ့အခါ မျှော်လင့်ချက် များများထားတဲ့လူတွေဟာ ပိုပြီးခံစားရလေ့ရှိတယ်"

ထိုစကားကြောင့် နီမောင်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ဦးဗန်ကောင်းထံမှ ထိုကဲ့သို့သော ဒဿနစကားမျိုး ကြားရသဖြင့်လည်း အံ့သြနေလေသည်။ မိမိကို ရည်ရွယ်ပြီး ပြောနေသလားဟုလည်း ထင်မိလေသည်။

ဆေးထောင်းပြီးသွားသောအခါ မှောင်စပျိုးသောအချိန်သို့ ရောက်နေချေပြီ။ ဦးဗန်ကောင်းက နီမောင်ကို လက်ဖက်ရည်ကြမ်း ထန်းလျက် စသည်တို့နှင့် ဧည့်ခံကျွေးမွေးရင်း မေးလေသည်။

"မင်းကိစ္စရှိလို့လား နီမောင်"

"အဘကို မေးစရာရှိလို့ လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မေးစရာရှိတာ မေးပေါ့ကွာ"

"ဒီတစ်ပတ် ပင်လယ်ထဲက ကျွန်းတစ်ကျွန်းမှာ သံပချိုင်တို့ ကြုံခဲ့ရတဲ့အကြောင်းတစ်ခုရှိတယ် အဘ"

နီမောင်က သံပချိုင် ပြောပြသောအကြောင်းများကို ပြောပြလိုက်သည်။

"သူပြောပြတာတွေ တကယ်ရော ဖြစ်နိုင်သလား အဘ"

"အင်း. . . ဖြစ်နိုင်ပါတယ်"

"သူပြောတဲ့ မှော်ဝိဇ္ဇာဥ်အမြုတေဆိုတာရော တကယ်ရှိတဲ့ ပစ္စည်းမျိုးလား"

"ရှိပါတယ်"

"ဘယ်လိုပစ္စည်းမျိုးလဲ အဘ"

ဦးဇန်ကောင်းက ကွမ်းဝါးနေရင်းမှ ကွမ်းတံထွေးများကို ကြမ်းပေါက်မှ အောက်သို့ ထွေးချလိုက်သည်။

"အမြုတေဆိုတာ သိဒ္ဓိရှိတဲ့ပစ္စည်းမျိုးပေါ့ကွာ၊ သိဒ္ဓိဝင်တဲ့ပစ္စည်းဆိုတာ သူ့သဘာဝအလျောက် ဖြစ်ပေါ်နေတဲ့ပစ္စည်းမျိုးနဲ့ လူတွေ စီရင်လို့ သိဒ္ဓိဝင်နေတဲ့ပစ္စည်းဆိုပြီး နှစ်မျိုးရှိတယ်"

"ဟုတ်ကဲ့"

"ကျောက်အမြုတေ ဆင်အမြုတေ စတဲ့အမြုတေတွေက သဘာဝအလျောက် ဖြစ်ပေါ်တဲ့အမြုတေမျိုးပေါ့၊ ပြဒါးနဲ့ အစီအရင်ပြုလုပ်လို့ ပြဒါးရှင်လုံး ဖြစ်လာတာကတော့ လူတွေ စီရင်လို့ သိဒ္ဓိဝင်ပစ္စည်းမျိုး ဖြစ်လာတာပေါ့ကွာ"

"မှော်ဝိဇ္ဇာဥ်အမြုတေက ဘယ်လိုမျိုးလဲ အဘ"

"လူတွေ စီရင်ထားတဲ့ သိဒ္ဓိရှိတဲ့ပစ္စည်းမျိုးပေါ့ကွာ၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘစ်ခုတော့ ရှိတယ်၊ အမြုတေ ဆိုတိုင်းလည်း ကောင်းတာမျိုးတော့ မဟုတ်ဘူး၊ ဂဝံမျက်နှာဖုံး ဘီလူးသားပိုက် အစရှိတဲ့ အစီအရင်ရုပ်တု တွေဟာ လူတွေကို အန္တရာယ်အမျိုးမျိုး ပေးနိုင်တဲ့ပစ္စည်းမျိုးတွေပေါ့ ကွာ"

"ဒီလိုဆိုရင် မှော်ဝိဇ္ဇာဉ်အမြုတေအရုပ်ဆိုတာလည်း လူတွေကို ဒုက္ခပေးမယ့်အရုပ်မျိုး ဖြစ်မှာပေါ့နော်"

"မင်းပြောပုံအရဆိုရင် ဒီအမြုတေက လူတွေဆီက ပစ္စည်းတွေကို မတရားယူဖို့ စီရင်ထားတဲ့ပစ္စည်းမျိုးဆိုတော့ ကောင်းတဲ့ပစ္စည်း တော့ ဘယ်ဟုတ်ပါ့မလဲ"

"သံပချိုင်ကတော့ အဲဒီပစ္စည်းကို သွားယူမယ်လို့ လုပ်နေတယ် အဘ"

"တကယ်လို့ ရလာခဲ့ရင်တောင် သူ့အနေနဲ့ မသုံးတတ်ရင် ဘေးအန္တရာယ်တွေ တွေ့နိုင်တာပေါ့"

ဟု ပြောပြရာ နီမောင် ရင်မောစွာဖြင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

အပြင်ဘက်မှာ အမှောင်ရိပ်များ သမ်းနေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

# မှော်စီညာဉ်အဖြူတော ရှာဖွေခြင်း

**ပင်**လယ်ထဲမှ ကျွန်းရှိရာသို့ နောက်တစ်ခေါက် ပြန်သွားသောအခါ အခက်အခဲမရှိ သွားနိုင်ကြလေသည်။ သံပချိုင်တို့က တစ်ခေါက် ရောက်ဖူးခဲ့ပြီးဖြစ်သောကြောင့် ၎င်းတို့ကပင် ဦးဆောင်၍ ခေါ် သွားကြခြင်းဖြစ်သည်။

နီမောင်တို့သုံးယောက်က လှေတစ်စင်း၊ သံပချိုင်တို့ သုံးယောက်က လှေတစ်စင်း ဖြစ်သည်။ ကျွန်းအနီးသို့ ရောက်သောအခါ မွန်းလွဲပိုင်းအချိန်သို့ ရောက်နေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"သံပချိုင်. . . ငါတို့ ဘယ်လိုလုပ်ကြမလဲ"

"တောပေါ် တက်ကြည့်ကြရင် ကောင်းမယ်"

ရာသီဥတုက သာယာနေသောကြောင့် ကျွန်းပေါ်မှာ အလင်းရောင်များ ရှိလေသည်။

"နတ်ဆရာ ဇာလာဟီးရဲ့အလောင်းစင်က ဘယ်နေရာမှာ ရှိတာလဲ"

"ကျွန်းရဲ့အနောက်ဘက်ခြမ်းမှာ တွေ့ခဲ့တယ်"

"အခုနေ ကျွန်းပေါ် တက်လို့ မိုးချုပ်သွားရင် ဘယ်လိုလုပ်မလဲ"

"မီးတုတ်တွေနဲ့ ထွန်းပြီး ရှာယူမှာပေါ့၊ လိုချင်တဲ့ပစ္စည်း ရပြီးတာနဲ့ ညတွင်းချင်း ပြန်ကြတာပေါ့. . . မကောင်းဘူးလား"

သံပချိုင်ကတော့ စိတ်အားထက်သန်နေမှုကြောင့် ဟန်တပြင်ပြင် ဖြစ်နေသည်။

ထို့ကြောင့် ခြောက်ယောက်သား မိမိတို့လှေများကို လုံခြုံသောနေရာမှာ ထားခဲ့ကြပြီးမှ တောပေါ် တက်ရန် ပြင်ဆင်ကြလေသည်။

နီမောင်၊ စောထီး၊ ငမဲအောင်၊ သံပချိုင်၊ ကရင်ကြီးနှင့် ကုလားလေးတို့ဖြစ်ကြသည်။

ဓါးလှံလက်နက်များအပြင် မီးတုတ်များပါ အဆင်သင့် ပြုလုပ်သွားကြလေသည်။

တောပေါ် တက်ကာနီးတော့ တိုးတိုးမေးလေသည်။

"နီမောင်. . . သံပချိုင် ပြောတာတွေကရော အမှန်တွေ ဖြစ်ပါ့မလား၊ သူက မိန်းမတောင်းယူဖို့ ငွေလိုနေတာဆိုတော့ စိတ်ထဲမှာ ထင်မိထင်ရာတွေ ပြောနေတာရော မဖြစ်နိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ငါလည်း မသိဘူး"

"တောပေါ် ရောက်တော့မှ မကောင်းဆိုးဝါးတွေနဲ့ တွေ့နေရင် ဘယ်လိုလုပ်မလဲ"

"တွေ့တော့လည်း ဒီလိုပဲ လုပ်ကြရုံ ရှိတာပေါ့ကွာ"

ကျန်နှစ်ယောက်က စိုးရိမ်စွာ မေးနေကြသော်လည်း နီမောင်ကတော့ အရေးမကြီးဟန်ဖြင့် လိုအပ်သောပစ္စည်းများကို ထည့်နေလေသည်။

သူထည့်နေသောပစ္စည်းများထဲမှာ ဦးဇန်ကောင်း ထည့်ပေးလိုက်သောဆေးလုံးနှင့် ပရိတ်ကြိုးများလည်း ပါလေသည်။

"ဒီလောက်လည်း ကြောက်မနေကြပါနဲ့ကွာ၊ တကယ်လို့ သူပြောတဲ့အတိုင်း မဟုတ်တော့လည်း ငါတို့ ငါးဖမ်းပြန်ကြတာပေါ့"

ဟု ပြောလိုက်သည်။

သူ့အမူအယာမှာ ငါးမရ ရေချိုးပြန်မည့်သဘောမျိုး ထားနေဟန်ရှိလေသည်။

ထိုနောက်မှာတော့ ခြောက်ယောက်သား တောပေါ်သို့ တက်ကြလေသည်။

သူတို့ တောပေါ် တက်တော့မှ ချက်ချင်း မိုးတိမ်များ တက်လာပြီး အလင်းရောင် ပျောက်သွားလေသည်။ သစ်ပင်ရိပ်များကြောင့် ချက်ချင်းမှောင်တက်လာသည်။

မွန်းလွဲပိုင်းအချိန်ပင် ဖြစ်လင့်ကစား ညဦးပိုင်းအချိန် ရောက်နေသကဲ့သို့ မိုးမှောင်ကျနေသည်။

တောပေါ် ရောက်သောအခါ သံပချိုင်ကပင် ရှေ့ဦးဆောင်ပြီး သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ တစ်ခေါက်ရောက်ခဲ့ပြီးသောနေရာဖြစ်သော သစ်ပင်သစ်ကိုင်းများကို ဓါးဖြင့် ခုတ်ချထားသည့်နေရာများကို တွေ့ရသည်။

လမ်းတလျှောက် ဓါးချက်မိပြီး ပြတ်ကျနေသော သစ်ကိုင်းသစ်ခွက်များမှ လတ်လတ်ဆတ်ဆတ်ပင် ရှိနေသေးသည်။

သူတို့တတွေ ကျွန်းပေါ် တက်ခဲ့ကြပြီး အတန်ကြာသည်အထိတောတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

ယုတ်စွအဆုံး ငှက်အော်သံများပင် မကြားရပေ။ တဖြည်းဖြည်းနှင့် မွန်းလွဲပိုင်းအချိန် ကျော်လာပြီး ညနေပိုင်းအချိန်ဘက်သို့ ရောက်လာချေပြီ။

အမှောင်ရိပ်များကလည်း ကျွန်းတစ်ခုလုံးကို ဖုံးအုပ်ထားနေဆဲပင် ရှိသေး၏။

ထိုအချိန်မှာပင် သူတို့ ရောက်နေသောနေရာနှင့် မနီးမဝေးနေရာလောက်ဆီမှ အချင်းချင်း ပြောနေကြသည့်အသံအချို့ကို ကြားလာရသည်။

"ငါတို့ကျွန်းပေါ် လူတွေ ရောက်နေပြီဟေ့"

"သူတို့ ဟိုပစ္စည်းကို ယူချင်လို့ လာကြတာ ဖြစ်မှာပေါ့"

"ဒီလိုဆိုရင်တော့ အပါခံလို့ မဖြစ်သေးဘူး၊ သူတို့ကို နှောင့်ယှက်ရမှာပဲ"

"ငါတို့နဲ့ အဖော်ရအောင် သူ့တို့ရဲ့ဝိညာဉ်တွေကို ရအောင်လုပ်ကြရမယ်"

"ကောင်းတယ်ဟေ့. . . ကောင်းတယ်၊ ဒါမှ ဒီကျွန်းပေါ်မှာဝိညာဉ်တွေ များလာမှာ"

ထိုကဲ့သို့ ပြောနေသောစကားသံများကို နီမောင်တို့ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



သောနေရာမှ အတိုင်းသား ကြားကြရလေသည်။

ထိုစကားသံများကြောင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"သံပချိုင်. . . မင်းပြောတုန်းက ဒီကျွန်းပေါ်မှာ လူမရှိဘူးဆို၊ အခု စကားပြောသံတွေ ကြားနေရပါလား"

နီမောင်က ပြောလိုက်သည်။

"ငါတို့ အရင်တစ်ခေါက် ရောက်တုန်းကတော့ တစ်ယောက်မှ မတွေ့ခဲ့ဘူး၊ အခု ဆလုံတွေများ ရောက်နေကြတာလား မသိဘူး"

"ဆလုံတွေဆိုရင်တော့ အရေးမကြီးပါဘူး၊ လူသားစားတဲ့ ရေဘီလူးတွေ ဒါမှမဟုတ် မကောင်းဆိုးဝါးတွေ ရောက်နေရင်တော့ အခက်ပဲ"

ဟု ပြောလိုက်ရာ ကျန်လူများမှာ မျက်လုံးပြူးသွားလေသည်။

ထိုအသံများ ကြားရပြီး ခဏကြာသောအခါ ပျောက်သွားပြန်သည်။

နီမောင်တို့တွေမှာ နောက်ထပ်တစ်စုံတစ်ရာ ကြားရလေမလားဟု စောင့်ကြည့်ကြသော်လည်း မည်သည့်အသံမှ မကြားရတော့မှ ခြောက်ယောက်သား ပါလာသောလက်နက်များကို အဆင်သင့် ကိုင်ဆောင်ပြီး ရှေ့သို့ တိုးသွားကြလေတော့သည်။

စောစောက အသံကြားလိုက်ရသောနေရာမှာ သူတို့ ရောက်နေသည့်နေရာနှင့် မဝေးလှပေ။ သို့သော်လည်း ထိုနေရာ ရောက်သောအခါ လူမဆိုထားနှင့်၊ ခွေးတစ်ကောင် ကြောင်တစ်မြီးမှပင် မတွေ့ကြရသဖြင့် အံ့သြသွားကြသည်။

"စောစောက အသံတွေ ကြားရတာ ဒီနေရာလောက်ကပဲ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

"ဟုတ်တယ်. . . အခုတော့လည်း တစ်ယောက်မှ မတွေ့ရပါလား"

"ငါတို့ လာတဲ့အသံကြားလို့ ပုန်းနေတာလား၊ ဒါမှမဟုတ် မကောင်းဆိုးဝါးတွေရဲ့အသံတွေများ ဖြစ်မလား"

ဇဝေဇဝါနှင့် ထိုနေရာပတ်ဝန်းကျင်သို့ လိုက်လံရှာဖွေကြသော်လည်း ဘာမှမတွေ့ကြဘဲ ရှိနေပြီးမှ အသံများက အခြားတစ်နေရာမှ ကြားရပြန်လေသည်။ စကားပြောနေသောအသံများပင်ဖြစ်ပေသည်။ အသံကြားသောနေရာဘက်သို့ သွားကြည့်ပြန်တော့လည်း ဘာမှမတွေ့ရပေ။

ဤသို့ဖြင့် တစ်နေရာပြီးတစ်နေရာ အသံများ ကြားရသော်လည်း အကောင်အထည် မတွေ့ရသောအခါမှ သရဲခြောက်နေမှန်း သိကြရလေတော့သည်။

နီမောင်တို့ခြောက်ယောက်စလုံး စိတ်ကြမ်းလူကြမ်းသမားများ ဖြစ်ကြသော်လည်း တစ္ဆေသရဲနှင့် ပတ်သက်လျှင်တော့ ကြောက်တတ်သူများ ပါလေရာ မျက်နှာငယ်ကလေးများဖြင့် ဖြစ်နေကြသည်။

တဖြည်းဖြည်းနှင့် ညနေပိုင်းအချိန်ရောက်သောအခါမှ အကောင်အထည်ပြပြီး ခြောက်လှန့်လေတော့သည်။

မနီးမဝေးနေရာမှ သစ်ကိုင်း များ ချိုးချခြင်း၊ လှုပ်ယမ်းပြခြင်း၊ ရိပ်ကနဲ ဖြတ်ပြေးသွားခြင်း၊ သစ်ပင်နောက်မှ လက်တစ်ဖက် ထုတ်ပြခြင်း၊ သစ်ကိုင်းပေါ်မှ ခြေထောက်ကို သာ တွဲလောင်းချပြခြင်း၊

သစ်ပင်အမြင့်ပေါ်မှ ဝုန်းကနဲ ခုန်ချပြခြင်း၊ သစ်ကိုင်းပေါ်မှ မေးတင်ပြီး လျှာထုတ်ပြခြင်း၊ ရှည်လျားသော လျှာကြီးများမှာ ဖျာလိပ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးများ ဖြေချလိုက်သကဲ့သို့ အောက်သို့ ကျလာခြင်း၊ ဦးခေါင်းပြတ်ကြီး တစ်ခုတည်း တစ်နေရာမှတစ်နေရာသို့ လိမ့်နေခြင်း၊ ခေါင်းမပါသော ကိုယ်ချည်းသက်သက်ဖြင့် သစ်ပင်နောက်ဖက်မှ ထွက်ပြခြင်း စသော ခြောက်လှန့်ခြင်းမျိုးစုံတို့ဖြင့် ခြောက်လှန့်ပြလေတော့သည်။

သို့သော်လည်း အနီးရောက်သည်အထိတော့ မကပ်ဝံ့ကြပေ၊ ပထမတော့ ကြောက်လန့်သွားကြသည်။

အနားမကပ်ဝံ့ဘဲ ရိပ်မိတော့မှ စိတ်သက်သာရာရသွားကြကာ ရှေ့သို့ ဆက်တိုးသွားကြရာ နေဝင်ရီတရောအချိန်လောက်တွင် အလောင်းစင် ရှိရာသို့ ရောက်သွားကြလေတော့သည်။

အပုပ်နံ့များက ပတ်ဝန်းကျင်တစ်ဝိုက်သို့ ပျံ့နေသောကြောင့် အဝတ်စများနှင့် နှာခေါင်းကို စည်းထား ကြရလေသည်။

"အဲ့ဒါ ငါပြောတဲ့ နတ်ဆရာ ဇာလာဟီးရဲ့အလောင်းစင်ပဲ"

"အမြုတေက ဘယ်နေရာမှာတဲ့လဲ"

"မျိုချထားတယ်ဆိုတော့ သူ့ဗိုက်ထဲမှာပဲ ရှိမှာပေါ့"

"ဒါဖြင့် ဘယ်လိုလုပ်မှာလဲ"

"ဓါးနဲ့ ခွဲယူရမှာပေါ့"

"မင်းလုပ်မှာလား"

နီမောင်က မေးတော့ သံပချိုင်က မျက်လုံးပြူးသွားလေသည်။

"ငါတစ်ယောက်တည်းတော့ မလုပ်ဝံ့ဘူး၊ မင်းပါ ကူပေးမှ ဖြစ်မှာ"

နီမောင်က အတန်ကြာအောင် စဉ်းစားနေရင်း အလောင်းစင် ရှိရာသို့ လှမ်းကြည့်နေသည်။

အပုပ်နံ့များကြောင့် ယင်မမည်းရိုင်းများက တဝေါဝေါနှင့် ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



အုံနေကြသည်။

ဖျာလိပ်ကို ပတ်ထားသောကြိုးက ပြတ်နေပြီဖြစ်သောကြောင့် သဘောဖျာချပ်က နံဘေးသို့ ပြန်ကျနေလေသည်။

ထို့ကြောင့် ပြတ်နေပြီဖြစ်သော နတ်ဆရာ၏အလောင်းကို ကောင်းစွာလှမ်းမြင်ရလေသည်။

အလောင်းမှာ ချည်ထားသော ခြေကြိုးလက်ကြိုးများလည်း ပြတ်နေပြီဖြစ်သောကြောင့် ခြေနှင့်လက်တို့မှာ နံဘေးသို့ ကားထွက်နေသည်။

နတ်ဆရာမှာ ဆလုံတစ်ဦးဖြစ်သောကြောင့် အသားက မည်းမည်း၊ ရုပ်ကဆိုးဆိုး ရှိပေရာ ယခုကဲ့သို့ သေတာကြာပြီး ပုပ်ပွနေသောအခါ ပို၍အကြည့်ရဆိုးလေသည်။

"ဘယ်လိုလုပ်မလဲ သံပချိုင်"

"ဒီအတိုင်းတော့ ဘာမှလုပ်လို့ရမှာ မဟုတ်ဘူး၊ အလောင်းကို အောက်ချမှပဲ ရမယ်"

"ဒီလိုဆိုရင်လည်း တိုင်တွေကို ဓါးနဲ့ ခုတ်ဖြတ်ပြီး တွန်းလှဲရုံပေါ့ ကွာ"

နီမောင်က စိတ်မြန်လက်မြန်နှင့် ဓါးကိုင်ပြီး ရှေ့သို့ တိုးသွားသောအခါမှ ကျန်လူများလည်း မဲ့ရဲတရဲနှင့် နောက်မှ လိုက်လာကြသည်။

အနားရောက်လာသောအခါ လေးတိုင်စင် ထူထားသော တိုင်များကို ဓါးဖြင့် ခုတ်ဖြတ်ပြီး တွန်းလှဲလိုက်သောအခါ အောက်သို့ဝုန်းကနဲ ပြုတ်ကျလာလေတော့သည်။

အောက်သို့ ကျသွားသောအခါမှ အလောင်းနှင့်အတူ တင်

www.burmeseclassic.com



ထားသည့် နတ်ဆရာ၏ဆေးလွယ်အိတ် ပါမှန်း သိကြရသည် နီမောင်က ဆေးလွယ်အိတ်ကို ကောက်ယူပြီး ဖွင့်ကြည့်လိုက်သည်။

ဆေးလွယ်အိတ်မှာ ခနိရွက်များဖြင့် ပြုလုပ်ထားပြီး အဖုံးတစ်ခုနှင့် လွယ်ရန် ကြိုးတစ်ချောင်း တပ်ဆင်ထားသည်။ အတွင်းမှာတော့ နတ်ဆရာအသုံးအဆောင်ပစ္စည်းများ ပါလေသည်။

လူလက်ဖျံရိုး၊ မေးရိုး၊ ငါးအရိုးတစ်စုံ၊ အရောင်ဆိုးထားသော သဲမှုန့်များ၊ ဆေးအစီအရင်ပြုလုပ်ရာမှာ အသုံးပြုသောအရုပ်အမျိုးမျိုးတို့ကို တွေ့ရသည်။

ထိုအထဲတွင် မိစ္ဆာရုပ်နှင့် ကဝေသားပိုက် ဂဝံ မျက်နှာဖုံးအရုပ်တို့လည်း ပါလေသည်။

ထိုဆေးလွယ်အိတ်အတွင်းမှာတော့ သံပချိုင် အလိုရှိသော မှော်ဝိဇ္ဇာဥ်အမြုတေ ဆိုသောအရာတော့ မတွေ့ရပေ။

"ဒီလွယ်အိတ်ထဲမှာတော့ မင်းလိုချင်တာ မရှိဘူး"

"သူပြောသွားတာကတော့ သူ့ဗိုက်ထဲမှာ မျိုချထားတယ်လို့ ပြောသွားတယ်"

"ဒါဖြင့် ခွဲယူရုံပဲ ရှိတော့တာပေါ့"

အချိန်ကလည်း တဖြည်းဖြည်းနှင့် မှောင်လာပြီဖြစ်သောကြောင့် တောထဲမှာ အလင်းရောင် မရှိတော့သဖြင့် ပါလာသောမီးတုတ်အချို့ကို မီးထွန်းလိုက်တော့မှ အလင်းရောင်အချို့ ရလာလေတော့သည်။

ထိုအလင်းရောင် ရလာမှ စောစောက အနားလာပြီး ခြောက်လှန့်နေသော မကောင်းဆိုးဝါးများမှာ အနည်းငယ် ခွာသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့တိုင်အောင် အပြီးဖယ်ခွာသွားခြင်းမျိုး မဟုတ်ဘဲ မနီးမဝေးမှနေ၍ ခြောက်လှန့်လျက်ပင်ရှိနေကြသေးသည်။

အချို့က အဝေးမှ လက်တံရှည်များဖြင့် လှမ်းဆွဲတော့မည့်ဟန်မျိုး တပြင်ပြင် ဖြစ်နေကြသည်။

အချို့ကလည်း ပါးစပ်ဖြဲပြလိုက်၊ သွားဖြီးပြလိုက်၊ လျှာထုတ်ပြလိုက်၊ မျက်လုံးပြူးပြလိုက်နှင့် အမျိုးမျိုး ခြောက်လှန့်လျက် ရှိနေကြသည်။

နီမောင်တို့တတွေမှာလည်း ပတ်ဝန်းကျင်မှ ခြောက်လှန့်နေကြသော မိစ္ဆာများကို ဂရုမစိုက်အားဘဲ ၎င်းတို့ အလိုရှိသောပစ္စည်းများကို ရှာဖွေရန်သာ အာရုံစိုက်နေကြသည်။

အချိန်ကလည်း တဖြည်းဖြည်း မှောင်လာချေပြီ။ မီးတုတ်မှ အလင်းရောင်များကြောင့်သာ ပတ်ဝန်းကျင်ကို မြင်နေရခြင်းဖြစ်၏။

ပထမတော့ မကောင်းဆိုးဝါးများ ရှေ့တိုးလာပြီး နှောင့်ယှက်ကြလေမလားဟု စိုးရိမ်နေကြသေးသည်။ မီးတိုင်များ ထွန်းလိုက်၍ အလင်းရောင်များ ရလာသောအချိန်တွင် မကောင်းဆိုးဝါးများ အဝေးသို့ ရှောင်သွားသောအခါမှ အားရှိလာကြသည်။

"ကဲ. . . သံပချိုင် အချိန်မရှိဘူး၊ အလောင်းကို ဗိုက်ခွဲပြီးတော့ မင်းလိုချင်တဲ့ပစ္စည်း ရှိမရှိ ရှာကြည့်လေကွာ"

ဟု ပြောသဖြင့် သံပချိုင်က မျက်နှာကို အဝတ်ဖြင့် စည်းပြီး အသွားထက်သောဓါးကို ကိုင်ပြီး အလောင်းအနီးသို့ တိုးကပ်သွားလေသည်။

နီမောင်က မီးတုတ်ကို မြှောက်ပြပြီး အနားမှာ ရပ်နေသော်လည်း ကျန်လေးယောက်က မသိမသာ နောက်သို့ ဆုတ်သွားကြလေ

www.burmeseclassic.com



သည်။

သံပချိုင်က ဓါးဖြင့် အလောင်း၏ဝမ်းဗိုက်ကို ခွဲသည်။ သွေးပုပ်ရေများက အောက်သို့ စီးကျလာသည်။ သို့သော်လည်း သူလိုချင်တာကို သဲကြီးမဲကြီး ရှာဖွေနေသည်။

နီမောင်က မီးတုတ်ကို မြှောက်ပြရင်း စိတ်ဝင်တစား လှမ်းကြည့်နေသည်။

သံပချိုင်က အလောင်း၏ဝမ်းဗိုက်တစ်ခုလုံးကို မွှေနှောက်ရှာဖွေသော်လည်း သူလိုချင်သောအမြုတေကိုတော့ မတွေ့သေးပေ။

"သံပချိုင်. . . မင်းပြောတဲ့အမြုတေက ရှိရောရှိရဲ့လား"

"ရှိမယ်ထင်တာပဲ. . . အခုအချိန်အထိတော့ ငါ အိပ်မက်ထဲမှာ တွေ့တာတွေအားလုံး မှန်နေတာပဲ"

"ဗိုက်ထဲမှာ မတွေ့ရင် လည်ချောင်းထဲ ရှာကြည့်ပါလား၊ မျိုချလိုက်တာဆိုတော့ လည်ချောင်းထဲမှာ တစ်ချင်တစ်နေတာလည်း ဖြစ်မယ်"

ဟု ပြောသဖြင့် လည်ချောင်းတစ်ဝိုက်ကို ခွဲရှာသောအခါမှ ဇီးကင်းအရွယ်ခန့် ရှိသော ကျောက်လုံးငယ်တစ်ခုကို တွေ့ရလေသည်။

"တွေ့ပြီကွ. . . ဒါပဲ ဖြစ်မယ်ထင်တယ်"

သံပချိုင်က ဝမ်းသာအားရ အော်ပြောပြီးနောက် မြင်သာအောင် ထောင်ပြသည်။

ကျောက်လုံးကလေးမှာ အနက်ရောင်ဖြစ်ဟန်ရှိပြီး မီးရောင်ဖြင့် ထိသောအခါ အရောင်တဖျပ်ဖျပ် လက်နေလေသည်။

သံပချိုင်က နီမောင်ရှိရာသို့ လျှောက်လာပြီး လက်ထဲမှ ကျောက်လုံးကို ပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



“အိပ်မက်ထဲမှာ သူပြောသွားတဲ့ အမြုတေဆိုတာ ဒါပဲဖြစ်မယ် ထင်တယ် နီမောင်”

နီမောင်က လှမ်းယူပြီး အသေအချာ ကြည့်သည်။

ကျောက်တုံးကလေးမှာ ဇီးကင်းအရွယ်ခန့်ဖြစ်ပြီး နက်မှောင်လျက်ရှိသည်။

အတွင်းမှာ တစ်စုံတစ်ခု ရှိနေသကဲ့သို့ လက်ပေါ် ရောက်လာသည်နှင့် အလင်းရောင်များက လှုပ်ရှားလာလေသည်။

နီမောင်စိတ်ထဲမှာ ကြည့်နေရင်းနှင့် အတွင်းမှ တစ်စုံတစ်ယောက် ထွက်လာလေမလားဟု ထင်နေမိသည်။

“ဟုတ်မယ်ထင်တယ်”

“ငါတို့တော့ ချမ်းသာတော့မယ် ထင်တယ်၊ တကယ်လို့ အိပ်မက်ထဲမှာ သူပြောသွားတဲ့အတိုင်း လုပ်လို့ရမယ်ဆိုရင်တော့ မကြာခင် ချမ်းသာလာပြီး ဆင်းရဲတွင်းက မြန်မြန်လွတ်မြောက်မှာပဲ၊ ငါချမ်းသာလာရင် မင်းတို့တွေကိုလည်း ကူညီစောင့်ရှောက်ပေးပါ့မယ်”

“ရပါတယ်ကွာ. . . မင်းအဆင်ပြေရင် ပြီးတာပါပဲ”

“ဘယ်ဟုတ်ပါ့မလဲကွ. . . ဒီပစ္စည်းကို ရအောင်ရှာကြတော့ အတူတူ ဖြစ်ပြီးမှ အကျိုးအမြတ် ရလာတော့ ငါတစ်ယောက်တည်း ခံစားမယ်ဆိုရင် ဘယ်တရားပါ့မလဲ”

ထိုသို့ပြောနေရင်းမှာပင် သံပချိုင်တစ်ယောက် အမူအယာ ပြောင်းနေကြသည်ကို သတိပြုမိကြသည်။

သူတို့တတွေ ကမ်းခြေသို့ ပြန်ဆင်းလာသောအခါ မကောင်းဆိုးဝါးများက နောက်မှ လိုက်လာကြသေးသည်။

သို့သော်လည်း နီမောင်ဆီမှာ ပါလာသောဆေးနှင့် ပရိတ်ကြိုး



www.burmeseclassic.com

www.burmeseclassic.com



များကြောင့် အနားရောက်အောင်တော့ မလာဝံ့ကြပေ။ နောက်ဆုံးတော့ အနှောင့်အယှက်ကင်းစွာဖြင့် ကမ်းစပ်သို့ ပြန်ရောက်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

# ထူးဆန်းစွာ ပျောက်ဆုံးမှုများ

ထိုအဖြစ်အပျက်များ ဖြစ်ပေါ်ခဲ့ပြီး လအနည်းငယ်ကြာသော အခါ ရောရှာ၌ ထူးခြားသောဖြစ်ရပ်ဆန်းများ ပေါ်ပေါက်လာခဲ့ပေသည်။ အခြားမဟုတ်ပေ။

ရောရှာနှင့် အနီးတစ်ဝိုက်မှာ ရှိသောကျေးရွာများမှ ငွေကြေးအတန်အသင့် ချောင်လည်သူတို့၏ သားသမီးများမှာ မကြာခဏ ပျောက်ဆုံးသွားကြသည်။

ထိုသို့ပျောက်ဆုံးသွားပြီး မကြာခင် နေအိမ်သို့ပြန်ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



တတ်ကြသည်။

ထိုသို့ပြန်ရောက်လာသောအချိန်တွင် ကိုယ်၌ ဝတ်ဆင်ပေးထားသော ရွှေငွေရတနာပစ္စည်းများမှာ တစ်စုံတစ်ယောက်က ချွတ်ယူလိုက်သကဲ့သို့ တစ်ခုမှ မပါလာတော့ပေ။

ကလေးများသာမက အရွယ်ရောက်ပြီးသော လူပျိုအပျိုအရွယ်များပင် ထိုနည်းနှင့် မကြာခဏ ပျောက်ဆုံးသွားလေ့ရှိပြီး ဝတ်ဆင်ထားသော လက်စွပ်၊ နာရီ ဆွဲကြိုး၊ နားဋောင်း စသောပစ္စည်းများအပြင် ငွေပါလျှင်လည်း ထိုငွေကိုပါ ယူထားလိုက်သေးသည်။

ထိုကဲ့သို့ ပစ္စည်းဥစ္စာ ယူခံရသော ကလေးလူကြီး စသည်တို့မှာ အိမ်သို့ ပြန်ရောက်လာသောအခါ လူကြီးများက ဝိုင်းဝန်းမေးမြန်းသော်လည်း ဘာမှပြန်မပြောနိုင်ဘဲ မှင်တက်မိနေသလို အာစေးထည့်ခံထားရသလို ဖြစ်ကာ ဘာတစ်ခွန်းမှ ပြန်မပြောနိုင်ကြပေ။ အချို့ဆိုလျှင် ရက်အတန်ကြာသည်အထိ ဆေးမိခံထားရသကဲ့သို့ ငူငူငေါင်ငေါင် ဖြစ်နေကြတော့သည်။

"ဟဲ့. . . ဘယ်လိုဖြစ်နေတာလဲ၊ ဘာဖြစ်လို့ ဒီလောက်ငေးငိုင်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး အမေရဲ့"

"ဒါဖြင့် နင့်ရဲ့လက်ဝတ်လက်စားတွေကို ဘယ်သူချွတ်ယူလိုက်တာလဲ ငါ့ကို ပြောပါဦး"

"ဟို. . ဟို. . ဘယ်သူမှ မယူပါဘူးဗျ"

"မယူဘဲနဲ့ နင့်ကိုယ်ပေါ်မှာ ဆင်ပေးထားတဲ့ လက်စွပ်၊ နာရီ ဆွဲကြိုးတွေ ဘယ်ရောက်ကုန်ပြီလဲ"

"အဲဒါတော့ ကျွန်တော် မသိဘူး"

www.burmeseclassic.com



"ငါ့ကို မှန်မှန်ပြောစမ်းပါ သားရယ်၊ နင့်ပစ္စည်းတွေကို ရည်းစား
ကိုများ ပေးခဲ့သလား"

"မပေးပါဘူး"

"ဒါဖြင့် နင် ဖဲဝိုင်းမှာများ ရှုံးလာခဲ့သလား"

"ကျွန်တော်မှ ဖဲမကစားတတ်တဲ့ဟာ"

"ဒီလိုဆိုရင် ဘယ်သူယူထားလိုက်တာလဲ၊ အမေ့ကို ပြောစမ်း
ပါ သားရယ်"

"ဘယ်သူမှ မယူပါဘူး"

ဘယ်လိုပင် လှည့်ပတ်မေးမေး နောက်ဆုံးအဖြေကတော့ ထို
အဖြေမျိုးနှင့်ပင် အဆုံးသတ်လေ့ရှိကြသည်။

ဒါက တစ်ဦးတစ်ယောက်တည်း မဟုတ်ပေ။ ပစ္စည်းပျောက်
ကြသည့် ကလေးရာ လူကြီးပါ မေးလိုက်တိုင်း ထိုကဲ့သို့ မရေမရာနှင့်
ပြန်ပြောနိုင်ကြလေသည်။

ထိုအခါ ငွေကြေးဥစ္စာ ပြည့်စုံသူများရော အတန်အသင့် ရှိကြ
သူများပါ မိမိတို့သားသမီးများအပြင် ပိုင်ဆိုင်သော ဥစ္စာပစ္စည်းများ
အတွက်ပါ စိတ်မချနိုင်အောင်ဖြစ်လာကြသည်။

မမြင်ရသောအန္တရာယ်က မိမိတို့ထံသို့ ဘယ်နေ့ ရောက်လာ
လေမလဲဟု နေ့တထိတ်ထိတ် ရှိနေကြသည်။

တကယ်တော့ ကဒုံ၊ ရော၊ အမာ စသောနေရာများမှာ
လယ်ကမ်းခြေရွာများသာဆိုသော်လည်း ငွေကြေးဥစ္စာ ချမ်းသာကြ
သူ များကြလေသည်။

ရေလုပ်ငန်း၊ အုန်းခြံ၊ ဓနိခြံလုပ်ငန်း၊ မီးသွေးလုပ်ငန်း
ရောင်းအဝယ်လုပ်ငန်းဖြင့် ကြီးပွားချမ်းသာသူ များလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ပဉ္စာဒိပ

အချို့ ရန်ကုန်မြို့နှင့် အခြားဒေသမှ တရုတ်လူမျိုးများပင် သာရောက်အခြေချပြီး စီးပွားရှာနေကြသောကြောင့် ငွေကြေးချမ်းသာ သူ များလေသည်။

စက်လှေပိုင်ရှင် စန္ဒားပိုင်ရှင်များဆိုလျှင် ငွေကြေးသိန်းပေါင်း များစွာ ချမ်းသာကြလေသည်။

ထိုသူတို့၏သားသမီးများမှာပင် တစ်ခါတစ်ရံ ခံလာကြသော အခါ အားလုံး ကျိုးလန့်စာစား ဖြစ်လာကြသည်။

အချို့ကလည်း ပယောဂ အနှောင့်အယှက် ဖြစ်လာသည် အထင်နှင့် နတ်ဆရာများနှင့် ကုသကြသည်။

အချို့ကလည်း ရာဇဝတ်မှုတစ်ခုအနေနှင့် ကဒ့်ကနိမှာရှိသော ပုလိပ်စခန်းသို့ သွားရောက်၍ အမှုဖွင့်ကာ တိုင်တန်းကြလေသည်။

ထိုအခါ ပုလိပ်များ လိုက်လာပြီး ပစ္စည်းအလုခံရသူများကို မေးမြန်းစစ်ဆေးကြသည်။ အဖြေကတော့ ထူးမခြားနားပင်။

"ဘာမှမသိပါဘူး. . . ဘာမှမဖြစ်ပါဘူး"

ဟူသောအဖြေတစ်ခုမှလွဲပြီး အခြားဘာတစ်ခုမှ မေးမြန်းမရ သောကြောင့် အမှုလိုက်ပုလိပ်များလည်း များစွာအခက်ကြုံရတော့ သည်။

"ခင်ဗျားတို့ကသာ စခန်းမှာ ပစ္စည်းပျောက်မှု လုယက်မှုတွေ ဆိုပြီး အမှုလာဖွင့်နေကြတယ်၊ ကာယကံရှင်တွေ မေးတော့လည်း ဘာမှမရပါဘူး၊ တခြားလူ လုယူတာတော့ ဟုတ်မယ်မထင်ဘူး၊ ကာယကံရှင်တွေ သဘောတူလို့သာ ချတ်ပေးလိုက်ကြတာပဲ ဖြစ်မှာပါ"

ဟု မှတ်ချက်ချလေသည်။

နောက်ပိုင်းရောက်လာတော့ အမှုဖြစ်ပွားပုံမှာ အပြောင်းပြောင်း



www.burmeseclassic.com

www.burmeseclassic.com



လာလေတော့သည်။

ရောရွာမှာချည်း ဆက်တိုက်မဖြစ်တော့ပေ။ ထိုသတင်းက လည်း ရောရွာတကြောမှာ တောမီးလောင်သကဲ့သို့ တဖြည်းဖြည်းနှင့် ပြန့်နှံ့နေပြီဖြစ်ရာ ပိုက်ဆံရှိသူများက ၎င်းတို့သားသမီးများကို အဖော် မပါဘဲ တစ်ယောက်ချင်းနှစ်ယောက်ချင်း အပြင်သို့ မလွှတ်ကြတော့ဘဲ မျက်စိဒေါက်ထောက် စောင့်ကြည့်နေကြလေသည်။

ထိုအခါ ရောရွာမှာ မဖြစ်တော့ဘဲ အရှေ့ဘက်မှာ ရှိသော ကဒုံကနီမှာ ထိုအဖြစ်အပျက်များ ဆက်တိုက်ပေါ်လာပြန်တော့သည်။

ကဒုံကနီမှာတော့ ထိုအကြောင်းများကို သတင်းကြားရုံသာ ကြားပြီး ကိုယ်တိုင်မကြုံရသေးသောကြောင့် သိပ်မယုံကြည်ကြပေ။

သို့ကြောင့် အမှတ်တမဲ့ ပေါ့ပေါ့တန်တန်ပင် နေထိုင်ကြလေ သည်။

တကယ်တော့ ကဒုံကနီမှာလည်း ရန်ကုန်မြို့နှင့် သဘော် တိုက်ရိုက်ပေါက်သောဒေသဖြစ်ပြီး ပင်လယ်ရေလုပ်ငန်းများဖြင့် စီးပွား ဖြစ်ထွန်းသူ များလေသည်။

ကဒုံကနီမှာလည်း ရောရွာကဲ့သို့ပင် ငွေရှင်ကြေးရှင် များသော အရပ်ဒေသ ဖြစ်ပြီး ရောထက် ဧရိယာအကျယ်အဝန်း ပိုများလေသည်။

ထိုဒေသမှာလည်း မမျှော်လင့်ဘဲ အန္တရာယ်များက ဝင်ရောက် လာလေတော့သည်။ အခြားမဟုတ်ပေ. . .။

လက်ဝတ်လက်စား ဝတ်ဆင်ပေးထားသော ကလေးလူကြီး များ မကြာခဏ ပျောက်ဆုံးသွားပြီး ပြန်ရောက်လာသောအခါ ဝတ် ဆင်သွားသော လက်ဝတ်ရတနာများနှင့် ငွေများအားလုံးပြန်ပါမလာ တော့ခြင်းပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ကဒုံကနီ ရွာသူရွာသားများ အထိတ်တလန့် ဖြစ်ကြရတော့သည်။

ပုလိပ်တိုင်သူကတိုင်၊ ဗေဒင်မေးသူကမေး၊ နတ်ဆရာ ခေါ်သူခေါ်ဖြင့် အလုပ်ရှုပ်ကြရတော့သည်။

သူတို့အဖြစ်မှာ ကိုယ့်ပေါင်ပေါ် မီးကျတော့ ပူတတ်ကြသည့် အဖြစ်မျိုးနှင့် တူနေတော့သည်။

တရားခံကို နည်းအမျိုးမျိုးနှင့် စုံစမ်းကြသော်လည်း အဖြေကတော့ မရကြပေ။

BURMESE CLASSIC

ရာဇဝတ်မှုများကို မကြာခဏ ကျူးလွန်သော တရားခံကတော့ သတင်းအစအနမျှပင် မရကြပေ။

ကဒုံကနီမှာ အုတ်အော်သောင်းနင်း ဖြစ်လာသောအခါ ကိုယ်ပျောက်တရားခံက ပြန်ငြိမ်သွားပြန်သည်။ နောက်တစ်ပတ်ခန့် ကြာသောအခါ အရှေ့ဘက်ကမ်းမှာ ရှိသောအမာရွာ၌ ထိုကဲ့သို့သောအဖြစ်များ မကြာခဏ ဖြစ်ပွားသောသတင်းများကို ကြားကြရပြန်သည်။

နောက်ပိုင်းမှာ ကဒုံ ဧရာ အမာ စသောနေရာများ၌ တစ်လှည့်စီ အမှုအခင်းများ ဖြစ်ပွားလာရာ တာဝန်ရှိသူများက မနေနိုင်တော့ဘဲ ထိုအမှုနှင့် သက်ဆိုင်သောတရားခံကို ပေါ်ပေါက်စေရန် ကြိုးပမ်းကြရလေတော့သည်။

ဗိုလ်ကလေး(ယခုဘိုကလေး)မြို့မှ ရာဇဝတ်အုပ်များ၊ အမှုလိုက်ရဲများ၊ စုံထောက်များ စေလွှတ်ပြီး စုံစမ်းထောက်လှမ်းရသည်အထိ ဖြစ်လာတော့သည်။

ထိုသတင်းက ကျေးရွာများမှာသာမကတော့ဘဲ မြို့အထိ ခရီးပေါက်ကာ ပြန့်နှံ့လေရာ လူအများ စိတ်ဝင်စားခြင်း ရှိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပစ္စည်းတွေကို ယူနေတဲ့လူကို အခုထိ စုံစမ်းလို့ မရသေးဘူးတဲ့၊ ဘယ်လိုလူမျိုး ဖြစ်မလဲ မသိဘူးနော်"

"အိုး. . . ဒီလောက်အစွမ်းထက်နေမှတော့ ရှေးတုန်းက ပေါ်ခဲ့ဖူးတဲ့ သူခိုးကြီးတောက်ပြားလို ကိုယ်ပျောက်သူခိုး ဖြစ်နေလို့သာ ဖမ်းမမိတာ ဖြစ်မှာပဲ"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ အဘတို့ ပြောဖူးတဲ့ မှော်ဝင်နေတဲ့အရုပ်ကလေး ညရောက်လာရင် ပစ္စည်းတွေ လိုက်ခိုးတာမျိုးရော မဖြစ်နိုင်ဘူးလား"

BURMESE CLASSIC

"ဖြစ်နိုင်တာပေါ့. . . လူခြောက်တွေလည်း အဲဒီလိုပဲ ခိုးယူနိုင်တယ်လို့ ကြားဖူးတယ်"

"နင်တို့ ပြောတဲ့ မှော်ဝင်အရုပ်တို့ လူခြောက်ဆိုတာတွေက ညအချိန်ရောက်မှ ထွက်ခိုးကြတာ၊ လူတွေ မသိအောင် ခိုးယူကြတာ၊ အခု ပျောက်နေတာက လူတွေဆီက ဖြုတ်ယူနေတာဟဲ့၊ နောက်ပြီး အဖြုတ်ခံရတဲ့လူတွေကလည်း သူ့ကိုလည်း မမှတ်မိဘူး၊ မေးရင်လည်း ဘာတစ်ခွန်းမှ ပြန်မပြောနိုင်ဘူး. . . မထူးဆန်းဘူးလား"

"အင်း. . . ထူးဆန်းတာတော့ အမှန်ပဲ၊ နင်တို့ပြောသလို ကိုယ်ပျောက်နေလို့သာ မသိကြတာ ဖြစ်မှာပေါ့နော်. . . ကြောက်စရာကြီး"

ဟု အချင်းချင်း ပြောဆိုနေကြလေသည်။

ပုလိပ်နှင့်စုံထောက်များကလည်း နေရာအနှံ့တွင် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ရုပ်ဖျက်စောင့်ဆိုင်းလျက် တရားခံကို ခြေရာခံမိရန် ကြိုးစားနေကြလေသည်။

ထိုသို့ခြေရာခံနေကြစဉ်မှာတော့ နောက်ထပ်အမှုအခင်းများ

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘဲ ငြိမ်သက်နေတော့သည်။

သို့သော်လည်း ပင်လယ်ပြင်မှာ မုန်တိုင်းမကျမီ ငြိမ်သက်ခြင်းမျိုးဖြစ်ပြီး ရက်အတန်ကြာသောအခါမှ ကြီးမားသော အမှုအခင်းတစ်ခု ပေါ်လာလေတော့သည်။

အခြားမဟုတ်ပေ. . .။

ရောရွာမှာ နေသော ရွှေတိုးဆိုသော လူရွယ်တစ်ယောက်မှာ သင်္ဘောဆိပ်သို့ ဆင်းရန် ပြင်နေလေသည်။

သူ၏မိဘများမှာ ငါးဖမ်းစက်လှေများ အမြောက်အများ ပိုင်ဆိုင်ထားရုံမက ရောရွာမှာ ကုန်စုံဆိုင်ကြီး ဖွင့်ထားလေသည်။

၎င်းတို့ဆိုင်မှာ အနယ်နယ်အရပ်ရပ်မှာ ရှိသော လက်လီဆိုင်တလေးများကို ပြန်လည်ရောင်းချပေးသောဆိုင်ကြီးပင်ဖြစ်သည်။

ရောရွာနှင့် ရန်ကုန်သို့ တိုက်ရိုက်ပြေးဆွဲနေသော တစ်ထပ်သင်္ဘောကြီးများ ရှိသည်။

ရောရွာမှ ညနေပိုင်းအချိန်ထွက်လျှင် ရန်ကုန်သို့ နောက်တစ်နေ့ မနက်ပိုင်းအချိန် ရောက်သည်။ ရန်ကုန်မှ ညနေပိုင်းအချိန် ထွက်လာလျှင် နောက်တစ်နေ့ မနက်ပိုင်းအချိန်တွင် ကဒုံကနီနှင့် ရောရွာသို့ ပြန်ရောက်လာသည်။

ရန်ကုန်မြို့သို့ ပင်လယ်ထွက်ကုန်ပစ္စည်းများ တင်ပို့ချင်၍သော်လည်းကောင်း၊ ရန်ကုန်မှ ကုန်ပစ္စည်း မှာလျှင်သော်လည်းကောင်း ထိုသင်္ဘောကြီးများကို အားကိုးကြရသည်။

လိုအပ်သော ကုန်ပစ္စည်းစာရင်းများကို ရေးပြီး ငွေနှင့် ထည့်လိုက်လျှင် နောက်တစ်ရက်နှစ်ရက်ဆိုလျှင် လိုအပ်သောကုန်ပစ္စည်းများ ပါလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ရွှေတိုးတစ်ယောက် ဆိုင်အတွက် လိုအပ်သော ကုန်ပစ္စည်းများကို စာရင်းရေးပြီး ကျသင့်ငွေများကို ထုပ်၍ သင်္ဘော ဆိပ်သို့ ဆင်းရန်ပြင်နေသည်။

"ရွှေတိုး. . . ငွေတွေအများကြီးနဲ့ ဂရုစိုက်နော်"

"အဖေကလည်းဗျာ. . . ကျွန်တော်က ကလေးမှ မဟုတ်တော့ တာ၊ ပေါ့ပေါ့လျော့လျော့ လုပ်ပါ့မလား"

"မင်းပေါ့မှာစိုးလို့ မဟုတ်ဘူးကွ၊ အခုတလော သောင်းကျန်း နေတဲ့ ကိုယ်ပျောက်သူခိုးအကြောင်းကို နည်းနည်းမှ မကြားမိဘူးလား၊ သူနဲ့ တွေ့သွားမှာစိုးလို့ သတိပေးနေရတာကွ"

"ကျွန်တော်သွားမယ့်နေရာက လူတွေအများကြီး ရှိနေတဲ့ သင်္ဘောဆိပ်နေရာဆိုတော့ မစိုးရိမ်ရပါဘူး"

ထိုသို့ပြောပြီး အိတ်တစ်လုံးနှင့် ထည့်ပတ်ထားသောငွေထုပ်ကို ချိုင်းကြားညှပ်ပြီး သင်္ဘောဆိပ်ဘက်သို့ ဆင်းလာခဲ့သည်။

၎င်းတို့ ဈေးဆိုင်ရှိသောနေရာနှင့် သင်္ဘောဆိပ်မှာ မဝေးလှ ပေ။

လမ်းတစ်လျှောက်လုံးမှာလည်း လူသွားလူလာများက ပျားပန်း ခတ်မျှ ရှုပ်ထွေးနေလေသည်။

ထိုအထဲတွင် အသွင်အမျိုးမျိုးဖြင့် ရုပ်ဖျက်ထားကြသော ပုလိပ် များနှင့်စုံထောက်များလည်း ရှိနေကြသည်။

ထို့ပြင် ယူနီဖောင်းအပြည့် ဝတ်ဆင်ထားသော ပုလိပ်နှစ် ယောက်တို့က တံတားထိပ် ဂိတ်ပေါက်ဝနားမှ စောင့်ကြည့်နေကြသည်။

၎င်းတို့တာဝန်က ရန်ကုန်ထွက်မည့်သင်္ဘောပေါ် သို့တင်ရန်သတ် ထားသော ကုန်ပစ္စည်းများ မှောင်ခိုတင်မှုကို စောင့်ကြည့်နေကြခြင်း

www.burmeseclassic.com



ဖြစ်သည်။

အမှန်တော့ ကန့်သတ်ထားသော မှောင်ခိုပစ္စည်းများမှာ ညတံတည်းက သင်္ဘောဝမ်းထဲသို့ ရောက်နှင့်နေကြလေပြီ။

ထိုအချိန်မှာ ရွှေတိုးတစ်ယောက် သင်္ဘောဆိပ်သို့ ရောက်လာလေသည်။

သူသည် တံတားပေါ်မှ သင်္ဘောဆီသို့ ဆင်းရန် ကုန်းဘောင်ပေါ်မှာ အတက်အဆင်း မရှင်းသေးသောကြောင့် စောင့်ဆိုင်းနေစဉ်သူ့နောက်ဘက်မှ လူတစ်ယောက် ကပ်လာသည်။

ရွှေတိုးက အမှတ်တမဲ့ လှည့်ကြည့်လိုက်သောအခါ ဆံပင်ရှည်များကို ဦးခေါင်းထိပ်မှာ ထုံးထားပြီး နှုတ်ခမ်းမွေး ပါးမြိုင်းမွေးအရှည်များနှင့် ကုလားလူမျိုးတစ်ဦးကို တွေ့ရသည်။

ထိုကုလားက အညိုရောင်ဝတ်စုံကို ဝတ်ထားသည်။ ရောရွာမှာတရုတ်လူမျိုးအချို့ ရှိသော်လည်း ကုလားလူမျိုးကတော့ မတွေ့ရသလောက် နည်းလှသည်။ ယခုကဲ့သို့ ဆာဒူးလိုလို ယောဂီလိုလိုပုံစံနှင့် ထူးထူးခြားခြား ကုလားလူမျိုးတစ်ယောက်ကို တွေ့ရသဖြင့် အံ့ဩနေစဉ်မှာ ထိုကုလားက အနားကပ်၍ တစ်စုံတစ်ခု ပြောလိုက်သည်။

ထိုနောက်မှာတော့ ရွှေတိုးတစ်ယောက် ထိုကုလားကြီးနှင့် အတူပါသွားသည်ကို ပုလိပ်နှစ်ယောက်က လှမ်းမြင်လိုက်ကြသည်။

ထိုအချိန်မှစပြီး ရွှေတိုးတစ်ယောက် အိမ်သို့ ပြန်မလာတော့ဘဲ ပျောက်ချင်းမလှ ပျောက်သွားလေတော့သည်။



☺ အောင်မြင်စာပေ ☺

www.burmeseclassic.com



# အခန်း(၆)

# သောင်ပြင်ပေါ်မှ ခြေရာများ

ရွှေတိုးတစ်ယောက် ပျောက်ချင်းမလှ ပျောက်သွားသောကြောင့် မိဘများက ပုလိပ်များထံ တိုင်ချက်ဖွင့်ပြီး အပူတပြင်း လိုက်ရှာကြသည်။

သို့သော် အစအနမျှ မတွေ့ကြရတော့ပေ။

ရွှေတိုးကို နောက်ဆုံးတွေ့မြင်လိုက်ရသူမှာ ဆိပ်ကမ်းမှာ စောင့်နေကြသော ပုလိပ်နှစ်ယောက်ပင်ဖြစ်သည်။

၎င်းတို့က ရွှေတိုးကို ကုလားအဘိုးကြီးတစ်ယောက်နှင့် အတူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားကြောင်း ပြောကြသဖြင့် ကုလားအဘိုးကြီးကို လိုက်လံရှာဖွေကြသည်။ သို့သော် ကဒုံ ရော အမာရွာတစ်ဝိုက်မှာတော့ ကုလားအဘိုးကြီးနှင့် တူတာဆိုလို့ တစ်ယောက်မှ မတွေ့ရပေ။

ရောရွာနှင့် အနီးတစ်ဝိုက်တွင် အခြားသူများ ပျောက်သွားစဉ်က သာမန်အကြောင်းအရာတစ်ခုလို့ သဘောထားနေကြသော်လည်း ယခုကဲ့သို့ ကျေးရွာမျက်နှာဖုံးဖြစ်သော ရွှေတိုးပျောက်သွားသောအခါ များစွာထိတ်လန့်တုန်လှုပ်ကြလေတော့သည်။

လူချမ်းသာ ကြေးရည်တက်အသိုင်းအဝိုင်းမှာ များစွာတုန်လှုပ်ချောက်ချားလာကြသည်။

ယခင်က သာမန်လူများသာ ဖြစ်ပျက်နေရာမှ ယခု လူချမ်းသာအသိုင်းအဝိုင်းသို့ လှည့်လာသောအခါ မိမိတို့အလှည့် ဘယ်တော့ရောက်လာလေမလဲဟု တထိတ်ထိတ်နှင့် ရှိနေကြတော့သည်။

ပုလိပ်နှင့်စုံထောက်များမှာလည်း ပျောက်နေသောသူကို ပြန်တွေ့နိုင်ရန် တရားခံကို အမိဖမ်းနိုင်ရန် များစွာကြိုးစားအားထုတ်မှုပြုကြလေသည်။

ရွှေတိုး၏မိဘများမှာလည်း များစွာစိုးရိမ်သောက ရောက်နေကြသည်။

"ကျုပ်သားလေး အသက်ရှင်ရက်နဲ့မှ ရှိပါသေးရဲ့လား ကိုရင်စိန်ရယ်၊ စုံစမ်းလို့များ သတင်းမရသေးဘူးလား"

"ငါတို့လည်း အလုပ်သမားတွေ လွှတ်ပြီး နေရာအနှံ့ ရှာနေတာပဲ မသန်းစိန်ရယ်၊ အခုထိ သတင်းမကြားရသေးဘူး ဖြစ်နေတယ်"

"ဒီလိုဆိုရင်တော့ သူ့ဆီမှာ ပါသွားတဲ့ပိုက်ဆံတွေကို ယူချင်တာနဲ့ တစ်နေရာခေါ် သွားပြီး သတ်ပစ်လိုက်ကြပြီ ထင်ပါရဲ့၊ အမယ်



www.burmeseclassic.com

www.burmeseclassic.com



လေး. . . အဖြစ်ဆိုးလှချည်လား သားရဲ့"

"အို. . . မငိုပါနဲ့ကွာ၊ အခုဟာက ရှာမတွေ့သေးတာပဲ ရှိသေးတာ၊ သေတယ်ရှင်တယ် မသိရသေးပါဘူး၊ တော်ကြာ ပြန်ရောက်လာမှာပါ"

ဦးရင်စိန်က မိန်းမဖြစ်သူကို ချော့မော့နှစ်သိမ့်လိုက်လေသည်။

ဦးရင်စိန် ပြောသည့်အတိုင်းပင်. . .

နောက်သုံးရက်ခန့်ကြာသောအခါ ရွှေအိုးတစ်ယောက် သူ့အလိုအလျောက် အိမ်သို့ ပြန်ရောက်လာသည်။

၎င်းပြန်ရောက်လာသောကြောင့် မိဘများမှာ ဝမ်းသာကြရလေသည်။

"ဟင်. . . ရွှေတိုး မင်းပြန်ရောက်လာပြီလား၊ ဘယ်တွေ သွားနေတာလဲကွာ"

ရွှေတိုးမှာ ပျောက်သွားစက ဝတ်ဆင်သွားသော အဝတ်အစားနှင့်ပင် ဖြစ်သော်လည်း တစ်ကိုယ်လုံး ညစ်ပတ်ပေရေလျက်ရှိလေသည်။

"ဘယ်မှမသွားပါဘူး အဖေရဲ့"

ရွှေတိုးအမူအယာက ဘာတစ်ခုမှ မှတ်မိဟန် မတူတော့ပေ။

"မင်း သုံးရက်တောင် ပျောက်နေတာလေ၊ ဘယ်နေရာတွေ လျှောက်သွားနေတာလဲ"

"ဘယ်မှမသွားပါဘူး"

"ဒါဖြင့် ဘယ်နေရာရောက်နေတာလဲ"

"ဘယ်မှမရောက်ပါဘူး၊ ဒီမှာပဲ ရှိနေတာပဲ"

"မင်းကို ခေါ်သွားတယ်ဆိုတဲ့ ကုလားအဘိုးကြီးဆိုတာကရော



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလဲ၊ မင်းနဲ့ အသိလား"

"ဟင့်အင်း. . . မသိပါဘူး"

"မသိဘဲနဲ့ ဘာကြောင့် သူ့နောက်လိုက်သွားရတာလဲ"

"ကျွန်တော် ဘယ်သူနဲ့မှ လိုက်မသွားပါဘူး"

"ဒါဖြင့် မင်းယူသွားတဲ့ ကုန်ဖိုးငွေတွေရော ဘယ်မှာ ကျန်ခဲ့သလဲ"

"ကုန်ဖိုးငွေတွေ ကျွန်တော်မယူပါဘူး"

ဘယ်လိုမေးမေး သူတို့ လိုချင်သောအဖြေကတော့ တစ်ခုမှ မရကြပေ။

မိဘများ မေး၍မရသဖြင့် စုံထောက်များက နည်းအမျိုးမျိုးဖြင့် လှည့်ပတ်မေးကြသော်လည်း ဘာမှမသိရဘဲ ဝေ့ဝေ့ဝဲဝဲနှင့်သာ ပြန်ပြောလေသည်။

"ဒါထက် မင်းကို ခေါ်သွားတဲ့ ကုလားအဘိုးကြီးကို မင်း မှတ်မိတယ်မဟုတ်လား"

"ကျွန်တော့်ကို ဘယ်သူကမှ ခေါ်မသွားပါဘူး၊ ကုလားအဘိုးကြီးဆိုတာလည်း မသိပါဘူး"

"ဒါပေမယ့် မင်းဆီက ကုန်ဖိုးငွေတွေကို သူယူထားလိုက်တာကတော့ အမှန်ပဲ၊ သေသေချာချာ စဉ်းစားကြည့်ပါဦး"

"ကျွန်တော်ကတော့ ဘာတစ်ခုမှ သတိမရတော့ဘူး"

နောက်ဆုံးပိတ် ထိုစကားနှင့်ပင် လက်လျှော့လိုက်ရလေသည်။

ကိစ္စက ထိုမျှနှင့် ပြီးမသွားခဲ့ပေ။

ရွှေတိုးတစ်ယောက် အိမ်သို့ ပြန်ရောက်လာပြီးနောက်မှာလည်း အမူအယာက ပျက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငေးငေးငိုင်ငိုင်နှင့် ယခင်ကလောက် ဖျတ်လတ်တက်ကြွမှု မရှိတော့ပေ။

စကားပြောရာမှာလည်း သွက်သွက်လက်လက် မရှိဘဲ မေးနိုင်မှ တစ်ခွန်းစနှစ်ခွန်းစသာ ပြန်ပြောလေသည်။ ထိုအခြေအနေကို မြင်တော့ မိတ်ဆွေအပေါင်းအသင်းများက အကြံပေးကြသည်။

"ဦးရင်စိန်. . . ခင်ဗျားသားကြည့်ရတာ အရင်ကနဲ့ မတူတော့တာတော့ အမှန်ပဲ၊ ပုံမှန်မှ ဟုတ်ရဲ့လား၊ ကျုပ်တို့အထင်တော့ ဆေးတွေဘာတွေ မိများနေရော့မလား မသိဘူး၊ ဆရာလေးဘာလေးနဲ့ ပြကြည့်ရင် ကောင်းမယ်ထင်တယ်"

ဟု အကြံပေးကြသည်။

ဦးရင်စိန်တို့မှာ တရုတ်လူမျိုးများဖြစ်သောကြောင့် ထိုကိစ္စနှင့်ပတ်သက်ပြီး နားလည်ခြင်း မရှိကြသလို ယုံကြည်မှုလည်း သိပ်မရှိကြချေ။

ရွာခံ မိတ်ဆွေအပေါင်းအသင်းများက မနေနိုင်သောကြောင့် ဦးဗန်ကောင်းကို ခေါ်လာပြီး ကုသစေသည်။

ဦးဗန်ကောင်း ရောက်လာသောအခါ ရှေ့တိုးက သိပ်ပြီးသဘောကျဟန် မတူပေ။

မိဘများက ကုသစေချင်၍သာ ငြိမ်နေရသော်လည်း မကျေမနပ် ဖြစ်နေသည်။

"ကျွန်တော့်မှာ ဘာရောဂါမှ မရှိဘဲ ဘာကြောင့် ဆေးကုရမှာလဲ"

"မင်းမှာ ရောဂါမရှိရင်တော့ ဆေးကုစရာ မလိုဘူးပေါ့၊ တကယ်လို့ မင်းကိုယ်တိုင် မသိသေးတဲ့ ပယောဂတစ်ခုခု စွဲကပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဆိုရင်တော့ ဆေးကုပေးမှ ပျောက်မှာပေါ့ကွာ"

ဟု ပြောပြီး သာမန်ဆေးများကိုသာ တိုက်ပြီး ရောဂါဖစ်မြစ်ကို သိရန် စောင့်ကြည့်နေသည်။

ဦးဗန်ကောင်းစိတ်ထဲမှာ ရွှေတိုးမှာ သူ၏မူလစိတ် မရှိတော့ မှန်း ရိပ်မိလေသည်။

တစ်ညမှာတော့ ရွှေတိုးတစ်ယောက် ပျောက်ချင်းမလှ ပျောက် သွားလေသည်။

ထိုသို့ပျောက်သွားရာမှာ လူချည်းသက်သက် ပျောက်သွား ခြင်း မဟုတ်ဘဲ အိမ်မှာ ရှိသောငွေအချို့ကို ယူသွားလေသည်။

ရွှေတိုးပျောက်သွားသဖြင့် လိုက်ရှာကြသော်လည်း အစအနမျှ ပင် မတွေ့ကြရပေ။

နောက်တစ်နေ့ ရောက်တော့ အိမ်သို့ သူ့ဖာသာ ပြန်ရောက် လာသည်။

ထိုအခါမှာလည်း ဘာမှမေးမရပြန်ပေ။

ဦးဗန်ကောင်းအနေနှင့် ရွှေတိုးအခြေအနေကို ရိပ်မိလေတော့ သည်။

"အင်း. . . ဒီကောင်တော့ တစ်ဦးတစ်ယောက်က စေခိုင်းတဲ့ အတိုင်း လုပ်ပေးနေရတာတော့ သေချာပြီ၊ သူ့မှာ မူလစိတ် မရှိတော့ ဘူး၊ ကြာရင် ဒုက္ခတွေ့ဖို့ပဲ ရှိတော့တယ်"

ထိုသို့တွေးရင်းမှ တစ်စုံတစ်ခုကို ပြန်လည်သတိရမိလေသည်။

ထိုသို့သတိရသဖြင့် နီမောင် ရှိရာသို့ သွားလေသည်။ အိမ် ရောက်သောအခါ ပိုက်ဖာနေသောနီမောင်ကို တွေ့ရလေသည်။

"ဟော. . . အဘပါလား၊ ဘယ်က လှည့်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဆီကိုပဲ လာခဲ့တာပါပဲ"

ဟု ပြောကာ အိမ်ပေါ်သို့ ဝင်ထိုင်သောအခါ နီမောင်က ပိုက်ဖာနေခြင်းကို ရပ်ပြီး လက်ဖက်ရည်ကြမ်းအိုး ချပေးသည်။

"မင်းနဲ့သံပချိုင်နဲ့က တလောက ပြောတဲ့ကိစ္စ လုပ်ဖြစ်ကြသလား"

"ဘယ်ကိစ္စလဲ အဘ"

"မှော်ဝိဇ္ဇာဥ်အမြုတေ သွားယူဖို့ တိုင်ပင်ကြတဲ့ကိစ္စလေ"

"သွားဖြစ်တယ် အဘ"

"ရခဲ့ကြသလား"

"ရခဲ့ကြတယ်"

"ဘာကြောင့် ငါ့ကို လာမပြောကြတာလဲ"

"သံပချိုင်ပဲ ယူသွားတာပါ။ သူက ဘယ်သူ့ကိုမှ မပြောဖို့ ကတိတောင်းထားလို့ပါ"

ဦးပန်ကောင်းက လက်ဖက်ရည် သောက်ရင်း သက်ပြင်းတစ်ချက် ချလိုက်သည်။

"အခုတလော သံပချိုင်တစ်ယောက် အလုပ်ဆင်းတာ တွေ့မိသေးလား"

"သူတော့ အလုပ်ဆင်းတာ မတွေ့ရတော့ဘူး၊ သူ့တပည့် နှစ်ယောက်ကတော့ ပင်လယ်ထွက်နေကြတယ်"

"အခု သံပချိုင် ဘယ်မှာလဲ"

"ကျွန်တော်နဲ့ မတွေ့ဖြစ်တာ အတော်ကြာပြီ အဘ"

"ဒီမှာ နီမောင်. . . မင်းကို ငါတစ်ခုပြောမယ်၊ အခုတလော ငါတို့ရွာအပါအဝင် တခြားနေရာတွေမှာပါ မကြာခဏ ပစ္စည်းပျောက်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့သတင်းကိုရော မင်းကြားတယ်မဟုတ်လား"

"ကျွန်တော်က ပင်လယ်ထွက်နေတာဆိုတော့ သိပ်တော့ မသိဘူး၊ ပြန်လာတော့ သူများပြောနေသံတွေတော့ ကြားရတယ်၊ အဲဒါတွေက ဘယ်လိုဖြစ်နေတာလဲ၊ သံပချိုင်နဲ့ရော ဘယ်လိုပတ်သက်နေတာလဲ အဘ"

နီမောင်က အရိုးခံအတိုင်း မေးလိုက်လေသည်။

"သူရသွားတဲ့ပစ္စည်းက သာမန်ပစ္စည်းမျိုး မဟုတ်ဘူး၊ သိဒ္ဓိရှိတဲ့ပစ္စည်းမျိုးပဲ၊ ဒီပစ္စည်းမျိုး ရှိတဲ့လူက သူလိုချင်တဲ့ပစ္စည်းတွေကို တစ်နည်းနည်းနဲ့ ရအောင်လုပ်နိုင်တယ်၊ ငါ့အထင်ပြောရရင်တော့ အခုတလော ဖြစ်နေတဲ့ကိစ္စတွေက သံပချိုင်လက်ချက်တွေများ ဖြစ်နေမလား မသိဘူး"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ အဘ"

"တကယ်လို့ သံပချိုင်နဲ့တွေ့ရင် ငါ့ဆီ ခေါ်လာခဲ့စမ်းကွာ"

"ကောင်းပါပြီ အဘ"

ဦးဇန်ကောင်းလည်း သောက်လက်စ လက်ဖက်ရည်ကြမ်းပန်းကန်ကို ပြန်ချပြီးနောက် ခပ်သုတ်သုတ် ပြန်သွားလေတော့သည်။

ဦးဇန်ကောင်းသည် ဦးရင်စိန်တို့နေအိမ် ပြန်ရောက်သောအခါ ရင်းတို့နှင့် တိုင်ပင်ပြီး အစီအစဉ်တစ်ခု ပြုလုပ်လေသည်။

ထိုအစီအစဉ်မှာ ဒေါ်သန့်စိန်တို့ထံမှာ ရှိသော လက်ဝတ်လက်စားအတုများကို တောင်းယူပြီး အထုပ်,ထုပ်ထားလေသည်။

(ရှေးအခါက ကျေးလက်တောရွာများမှာ နေထိုင်ကြသော ဥစ္စာပစ္စည်း ချမ်းသာသူများမှာ လက်ဝတ်ရတနာအစစ်များ ရှိသော်လည်း သူခိုးဓားပြရန် ကြောက်ကြရသဖြင့် ထုတ်မဝတ်ဘဲ ပွဲလမ်း

www.burmeseclassic.com



သဘင် ရှိသည့်အခါ ပုံစံတူ ပြုလုပ်ထားသော လက်ဝတ်ရတနာအတု များကိုသာ ဝတ်ဆင်လေ့ရှိကြသည်။

ခါးပြသူခိုးနှင့် တွေ့ရသည့်အခါ ထိုအတုများကိုပင် ထုတ်ပေး ကြသည်။)

ထိုပစ္စည်းထုပ်ကို ညည့်ခန်းဘီရိုအံဆွဲထဲမှာပင် အလွယ်တကူ ထည့်ထားလေသည်။

ညအချိန်ရောက်သောအခါ တစ်အိမ်လုံး အိပ်ကြပြီး ဦးဗန် ကောင်းတစ်ယောက်သာ အိပ်ပျော်ဟန်ဆောင်ပြီး စောင့်နေလေသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်သောအခါ အိမ်အပြင်ဘက်မှ ခြေသံလိုလို ကြားရပြီး မရှေးမနှောင်းမှာပင် ပိတ်ထားသောတံခါး ပေါက်မှ ဖြူဖြူသဏ္ဌာန်တစ်ခု အိမ်တွင်းသို့ ဝင်လာသည်။

ဦးဗန်ကောင်းက လှဲနေရာမှ လှမ်းမြင်သော်လည်း ဟန်မပျက် စောင့်ကြည့်နေလေသည်။

အတန်ကြာတော့ ထိုသဏ္ဌာန်က ရွှေတိုးအိပ်နေရာသို့ သွားပြီး နှိုးလိုက်သည်။

ဇင်းလက်နှင့် ထိလိုက်သည်နှင့် ရွှေအိုးမှာ အလန့်တကြား အမူအယာဖြင့် ထလာသည်။

သူသည် အနားမှာ ရပ်နေသောဖြူဖြူသဏ္ဌာန်ကို မြင်သော အခါ ကြောင်စီစီဖြစ်နေလေသည်။

ဖြူဖြူသဏ္ဌာန်က ရတနာထုပ် ထည့်ထားသောနေရာကို လက် ညှိုးထိုးပြပြီး ပျောက်ကွယ်သွားသည်။

ထိုသဏ္ဌာန်ပျောက်သွားသည်နှင့် ရွှေတိုးမှာ သတိမေ့နေသူ ပမာ ဒယိမ်းဒယိုင်နှင့် ထလာပြီး ဘီဒိုရှိရာသို့ သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် ဘီဒိုကို ဖွင့်ပြီး အံဆွဲထဲမှာ ဦးဇန်ကောင်း ထည့်ထား သော ရတနာပစ္စည်းထုပ်ကို ယူလေသည်။ ပြီးလျှင် တံခါးကို ညင်သာ စွာ ဖွင့်ပြီးနောက် အပြင်သို့ ထွက်သွားလေသည်။

ဦးဇန်ကောင်းလည်း နောက်ဘက် မနီးမဝေးနေရာမှ လိုက် သွားလေသည်။

ရွှေတိုးမှာ ဦးဇန်ကောင်း လိုက်လာသည်ကိုလည်း သတိမပြု ဘဲ အိပ်ပျော်နေရာမှ ထလျှောက်နေသူပမာ ရွာအပြင်ဘက် သောင်ပြင် ရှိရာသို့ ဆင်းသွားလေသည်။

ထိုနေရာရောက်သောအခါ ဦးဇန်ကောင်းက ဆက်မလိုက် တော့ဘဲ တစ်နေရာမှ စောင့်ကြည့်နေလေသည်။

ပင်လယ်ကမ်းခြေနှင့် နီးသောနေရာတွင် ကျောက်တုံး ကျောက်ဆောင်များ ရှိသည်။

အချို့ကျောက်တုံးကြီးများမှာ အတော်ကြီးလေသေည်။

ရွှေတိုး ရေစပ်နား ရောက်သွားသောအခါ ကျောက်တုံးကြီး တစ်တုံးနောက်ဘက်မှ အဝတ်မည်းခြုံထားသော လူတစ်ယောက် ထွက် လာသည်။

ရွှေတိုးက သူ့လက်ထဲမှ ယူလာသောအထုပ်ကို လှမ်းပေးလိုက် သောအခါ ထိုသူက ယူပြီး ရေစပ်ဘက်သို့ ပြန်ဆင်းသွားလေသည်။

အတန်ကြာသောအခါ ကျောက်တုံးနောက်ဘက်မှ လှေတစ် စင်း လှော်ထွက်သွားသည်ကို မသဲမကွဲ လှမ်းမြင်လိုက်ရလေသည်။

ထိုလှေထွက်သွားသောအခါ ရွှေတိုးမှာလည်း အရုပ်ကြိုးပြတ် ပုံသဏ္ဍာန်မျိုးဖြင့် သောင်ပြင်ပေါ်သို့ လဲကျသွားလေတော့သည်။

ထိုအခါမှ ဦးဇန်ကောင်း နေရာမှ ထွက်ကာ ရွှေတိုး လဲကျနေ



www.burmeseclassic.com

www.burmeseclassic.com



သောနေရာသို့ လျှောက်သွားလေသည်။

အနားရောက်ပြီး ငုံ့ကြည့်လိုက်သောအခါ ရွှေတိုးတစ်ယောက်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေချေပြီ။

ဦးဗန်ကောင်းက အနီးပတ်ဝန်းကျင်တစ်ဝိုက်သို့ လက်နှိပ်ဓာတ်မီးရောင်ဖြင့် ထိုးကြည့်သောအခါ ရွှေတိုး၏ခြေရာများအပြင် အခြားခြေရာများကိုလည်း လတ်လတ်ဆတ်ဆတ် တွေ့ရသဖြင့် များစွာ ကျေနပ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၇)

# အဝမလှသော အညတြအရှုံးသမား

တစ်နေ့သ၌ ခင်မြရီ ဈေးဆိုင်သို့ သံပချိုင်တစ်ယောက် ရောက်လာလေသည်။

သံပချိုင် မလာသည်မှာ အတော်ကြာပြီဖြစ်ပြီး ယခုမှ ရောက်လာသောကြောင့် ခင်မြရီမှာ အံ့ဩနေသည်။

ထို့ထက် သံပချိုင်၏ပုံသဏ္ဍာန်မှာ ယခင်တွေ့နေကျပုံသဏ္ဍာန်မျိုး မဟုတ်ဘဲ အဝတ်အစားများက သစ်လွင်တောက်ပနေသဖြင့် ပို၍ အံ့ဩနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . သံပချိုင်ပါလား၊ နင့်ကြည့်ရတာ သစ်လွင်တောက်ပနေပါလား၊ ပင်လယ်မဆင်းရဘူးလား"

သံပချိုင်က ပြုံးဖြီးဖြီး အမူအယာဖြင့် ရှေ့မှာ ချထားသော ခုံတန်းလျားပေါ်မှာ ဝင်ထိုင်လေသည်။ ပြီးမှ ၎င်းယူလာသောအိတ်ကို ခင်မြရီကို လှမ်းပေးလေသည်။

"ဘာတွေလဲ"

"ငါ မြို့ရောက်လို့ နင့်အတွက် လက်ဆောင်ပစ္စည်းတွေ ဝယ်လာတာပါ"

ဟု ပြောသဖြင့် ခင်မြရီက ယူထားလိုက်သည်။

"ဖွင့်ကြည့်ပါဦး"

"ဘာတွေလဲ. . . များလှချည်လား"

"နင်ဖွင့်ကြည့်တော့ သိလိမ့်မပေါ့"

ဟု ပြောသဖြင့် အိတ်ကို ဇစ်ဆွဲ၍ဖွင့်ပြီး အတွင်းမှ ပစ္စည်းများကို အောက်သို့ ချလိုက်သည်။

အိတ်ထဲမှာ ပါလာသောပစ္စည်းများမှာ အမျိုးအမည် စုံလင်လှလေသည်။

ပိတ်စများ၊ ချုပ်ပြီးသား အင်္ကျီလုံချည်များ၊ နှုတ်ခမ်းနီ၊ မိတ်ကပ်စသော အလှအပ အသုံးအဆောင်ပစ္စည်းများအပြင် ဗူးငယ်တစ်ဗူးလည်း ပါလေသည်။ ထိုဗူးငယ်ကို ဖွင့်ကြည့်လိုက်သောအခါ အတွင်း၌ ရွှေဖြင့် ပြုလုပ်ထားသော လက်စွပ်တစ်ကွင်းကို တွေ့ရသဖြင့် ခင်မြရီ ခမျာ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

"နင်ယူလာတဲ့ပစ္စည်းတွေ များလှချည်လား"

"ဟုတ်တယ်လေ. . . ငါက အရင်က သံပချိုင့်မှ မဟုတ်တော့



www.burmeseclassic.com

www.burmeseclassic.com



တာ၊ မြို့မှာ ရှိတဲ့ဘကြီးတစ်ယောက်က သူသေကာနီးမှာ ရှိတဲ့အမွေ
ပစ္စည်းတွေ ခွဲပေးခဲ့လို့ ငါ လူချမ်းသာတစ်ယောက်ဘဝ ရောက်သွားပြီ
လေ"

"ဟင်. . ."

"ဒါကြောင့် အရင်ကလို ပင်လယ်အလုပ်တွေ လုပ်စရာ မလို
တော့ဘူး၊ ငါ့လှေနဲ့ပိုက်တွေကိုတောင် တပည့်နှစ်ယောက်ကို ပေးလိုက်
ပြီ"

"နင် အခုလိုဘဝမျိုး ရောက်သွားတာ ငါဝမ်းသာပါတယ်
သံပချိုင်ရယ်၊ ဒီလောက်များတဲ့လက်ဆောင်ပစ္စည်းတွေကိုတော့ ငါ
လက်မခံပါရစေနဲ့"

"ဒီလိုတော့ မလုပ်ပါနဲ့တော့၊ နင့်အတွက် ရည်စူးပြီး ဝယ်လာ
တဲ့ပစ္စည်းတွေကို နင်မယူရင် အလကားဖြစ်ကုန်မှာပေါ့၊ နောက်ပြီး
နင့်ကို ပြောစရာရှိတာလည်း ပြောချင်လို့ပါ"

ခင်မြရီက ခေါင်းငုံ့ထားလေသည်။

"အရင်ကတည်းက ငါ နင့်အပေါ်မှာ ဘယ်လိုသဘောထားခဲ့
တယ်ဆိုတာ နင်သိပါတယ်၊ ဒါပေမယ့် အရင်က ငါ့ဘဝက မခိုင်မာ
တော့ ဖွင့်မပြောသာခဲ့ဘူး၊ အခုတော့ အခြေအနေလည်း ခိုင်မာပြီ
ဆိုတော့ ငါ့ရင်ထဲက စကားတွေ ဖွင့်ပြောပါရစေ"

ခင်မြရီက ခေါင်းငုံ့မြဲ ငုံ့ထားလေသည်။

"တခြားတော့ မဟုတ်ပါဘူး၊ နင်လည်း ငါ့သဘောကို ရိပ်မိမှာ
ပါ၊ ငါ နင့်အပေါ်မှာ မေတ္တာရှိနေပါတယ်၊ နင်သဘောတူ လက်ခံမယ်
ဆိုရင် လူကြီးသူမတွေနဲ့ တင့်တောင့်တင့်တယ် တောင်းရမ်းယူပါရစေ

ခင်မြရီက ယခုအချိန်ထိ ဘာတစ်ခွန်းမှ ပြန်မပြောသေးပေ

www.burmeseclassic.com



"နင်နဲ့ လက်ထပ်ပြီးရင် နင့်မိဘတွေအတွက် ရင်းနှီးစားသောက်ဖို့ ငွေတစ်သောင်းလည်း ပေးပါ့မယ်"

"ဟင်. . ."

ထိုစကားကြားသောအခါ ခင်မြရီခမျာ မျက်လုံးပြူးသွားလေသည်။

ရွှေတစ်ကျပ်သားမှ သုံးရာလေးရာသာ ပေးရသော ခေတ်ကာလအချိန်မှာ ငွေတစ်သောင်းဆိုသောတန်ဖိုးမှာ များလှပေသည်။

ဥယျာဉ်ခြံ၊ ခနိခြံ ဒါမှမဟုတ် ပင်လယ်ထွက်သင်္ဘော စက်လှေတစ်စင်း ဝယ်နိုင်လောက်အောင် တန်ဖိုးရှိသော ငွေပမာဏပင် ဖြစ်သည်။

"ဘယ်လိုလဲ ခင်မြရီ"

"ငါ. . ငါစဉ်းစားပါရစေဦးဟာ"

ထိုသို့ပြောလိုက်သောအခါ သံပချိုင်က ပြန်သွားလေတော့သည်။

ထိုအခါမှ အိမ်ထဲမှ တစေ့တစောင်း အကဲခတ်ကြည့်နေသော မိခင်ဖြစ်သူ ဒေါ်ရွှေမှုံ ခပ်သုတ်သုတ် ထွက်လာလေသည်။

"စောစောက လာသွားတာ သံပချိုင် မဟုတ်လား၊ ညည်းကို ဘာတွေလာပေးသွားတာလဲ"

ခင်မြရီက ရှေ့မှာ ချထားသောပစ္စည်းများကို ပြလိုက်ရာ ရွှေလက်စွပ်ကို မြင်သောအခါ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ခင်မြရီက သံပချိုင် ပြောပြသွားသောအကြောင်းများကို ပြောပြလိုက်သည်။ ငွေတစ်သောင်းကိစ္စကိုတော့ မပြောသေးပေ။

"အင်း. . . လူဆိုတာ ကံကောင်းလာတဲ့အခါ မျက်ချင်း ဘဝ

www.burmeseclassic.com



အခြေအနေကလည်း ပြောင်းလဲသွားတာပဲကိုး၊ လှံထမ်းလာတာကိုသာ မြင်ရတယ်၊ ကံထမ်းလာတာ မမြင်ရ ဆိုတဲ့စကား တယ်မှန်တာပဲ"

ဟု ပြောဆိုရေရွတ်နေလေသည်။

နောက်ပိုင်းမှာတော့ သံပချိုင်တစ်ယောက် ရက်ခြားဆိုသလို ရောက်လာပြီး ခင်မြရီအတွက်သာမကတော့ဘဲ မိဘများအတွက်ပါ အဝတ်အထည် အစားအသောက်များ ဝယ်လာပေးသဖြင့် ဦးငွေရနှင့် ဒေါ်ရွှေမှုံတို့မှာ သဘောအကျကြီး ကျနေကြတော့သည်။

နောက်ပိုင်းမှာတော့ ခင်မြရီနှင့် လက်ထပ်ခွင့် ပေးပါက ငွေ တစ်သောင်း တင်တောင်းပါမည်ဟု အတိအလင်း ဖွင့်ပြောလာသော အခါ နှစ်ယောက်စလုံး ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ သဘော တူ လက်ခံလိုက်ကြလေသည်။

ထိုအခါမှသာ ခင်မြရီ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေမျိုး ရောက်ပြီး စိတ်အညစ်ကြီး ညစ်ရလေတော့သည်။

တကယ်တွေးကြည့်တော့မှ သူမအနေနှင့် သံပချိုင်အပေါ်မှာ တကယ်မချစ်နိုင်သေးပေ။

အိမ်ထောင်ဘက်တစ်ယောက်အထိ လက်တွဲသွားရန် မဆုံး ဖြတ်ရသေးပေ။

နှလုံးသားက အဆင်သင့် မဖြစ်သေးခင်မှာ မမျှော်လင့်ဘဲ လက်ထပ်ရတော့မည့်အခြေသို့ ရောက်လာလေတော့သည်။

သံပချိုင်က လူကြီးစုံရာနှင့် လာရောက်တောင်းရမ်းကြ နေ့ကောင်းရက်သာပင် ရွေးချယ်ပြီးခဲ့ကြလေပြီ။

သံပချိုင်ကို လက်မခံနိုင်ပါဟု ငြင်းပယ်ရန် အကြောင်းအကြောင်း ပြချက်ကလည်း သူမမှာ ဘာမှမရှိသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူလည်း မရှိသေး။

ရည်ရွယ်ထားသူလည်း မရှိသေးသောကြောင့် မိဘများ စီမံရာ တိုပဲ မျက်စိမှိတ်ပြီး လက်ခံရမည့်အခြေအနေမျိုး ရောက်နေတော့ သည်။

ထိုရက်အတွင်းမှာ သူ့ဆိုင်သို့ နီမောင် ရောက်လာလေသည်။

နီမောင်ကို မြင်တော့ ခင်မြရီမှာ စိတ်တင်းထားသည့်ကြားမှ မျက်ရည်များ ဝိုင်းတက်လာသည်။

"နင် သံပချိုင်နဲ့ လက်ထပ်ကြတော့မယ့်သတင်း ငါကြားပါ တယ်၊ သူလည်း အခြေအနေ ပြောင်းသွားပြီဆိုတော့ နင်တို့ အဆင်ပြေ ကြမှာပါ"

ခင်မြရီက ပါးပြင်ပေါ် စီးကျလာသောမျက်ရည်များကို အင်္ကျီစ ဖြင့် တို့သုတ်ပစ်နေသည်။

"ဘာဖြစ်လို့ ငိုနေရတာလဲ ခင်မြရီ နင့်မှာ ဘယ်လိုအခက်အခဲ မျိုးတွေ ရှိနေလို့လဲ"

"ဒီအချိန်မျိုး ရောက်တော့မှ ဘာကြောင့် ဒီစကားမျိုး လာမေး နေရတာလဲ နီမောင်ရယ်"

"ငါ. . ငါ. . "

နီမောင်က အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေစဉ် အိမ်ထဲမှ ဒေါ် ရွှေမှုံ ထွက်လာလေသည်။

ဒေါ်ရွှေမှုံ ထွက်လာတော့ ခင်မြရီက အိမ်ထဲ ဝင်သွားလေ သည်။

"နီမောင်. . . ပင်လယ်က ပြန်တက်လာတာလား"

"ဟုတ်ပါတယ် အဒေါ်"

www.burmeseclassic.com

www.burmeseclassic.com



"ခင်မြရီကိုတော့ သံပချိုင်နဲ့ နေရာချပေးတော့မလို့ စီစဉ်ပြီးကြပြီကွယ်၊ မင်္ဂလာပွဲရက် ရောက်ရင်လည်း မင်းတို့သူငယ်ချင်းအတွက် ဝိုင်းဝန်းကူညီပေးကြဦးနော်"

"ဟုတ် . . ဟုတ်ကဲ့"

"သံပချိုင်ကတော့ ဒီဘဝက ကျွတ်သွားပြီ၊ မင်းတို့ပဲ ပင်လယ်မှာ ဝမ်းစာရှာတဲ့ဘဝက မလွတ်သေးတာ၊ တကယ်တော့ ဒီအလုပ်မျိုးတွေဆိုတာ လှေဦးစိုရင်စို လှေဦးခြောက်ရင် ဝမ်းခြောက်တဲ့ဘဝမျိုးတွေပါပဲ၊ ဒီထက်တော့ ကြီးပွားတိုးတက်စရာလမ်း မရှိတော့ပါဘူး"

ဟု ပြောသဖြင့် နီမောင်လည်း ထိုင်ရာမှ ထပြီး နှုတ်ဆက်ကာ ပြန်ထွက်ခဲ့လေသည်။

ခင်မြရီတို့အိမ်မှ ပြန်လာခဲ့ပြီးကတည်းက နီမောင်အတွေးအိမ်မှာ မတင်မကျ အတွေးတစ်ခုက ကပ်ပါလာသည်။

ခင်မြရီနှင့် သံပချိုင်တို့ လက်ထပ်ကြတော့မည်ဆိုသောသတင်းကို ကြားရခြင်းကြောင့် မဟုတ်ဘဲ ခင်မြရီ ပြောလိုက်သည့် စကားတစ်ခွန်းကြောင့်ပင်ဖြစ်၏။

"ဒီအချိန်မျိုး ရောက်တော့မှ ဘာကြောင့် ဒီစကားမျိုး လာမေးနေရတာလဲ နီမောင်ရယ်"

ထိုစကားသည် သူ့အတွေးအိမ်တစ်ခုလုံးမှာ ပွဲတင်ထပ်နေလေတော့သည်။

"သူ ဘယ်လိုအဓိပ္ပာယ်နဲ့ ဒီစကားမျိုး ပြောလိုက်တာလဲ၊ အရင်ကတည်းက ဒီစကားမျိုး ပြောသင့်တယ်ဆိုတဲ့အဓိပ္ပာယ်လား၊ တကယ်လို့ ငါက ဦးအောင်ပြောခဲ့ရင်ကော သူက လက်ခံပေးမှာလား၊ အခုမှတော့ ငါ့အနေနဲ့ ဘာများ တတ်နိုင်တော့မှာလဲ ခင်မြရီ"

www.burmeseclassic.com



ဟု ရှာစ်ယောက်တည်း တွေးနေမိသည်။

ညဦးပိုင်းအချိန်တွင် သူနေသောအိမ်သို့ သံပချိုင် ရောက်လာလေသည်။

သူ့လက်ထဲမှာ အထုပ်ငယ်တစ်ထုပ်လည်း ပါလာလေသည်။

သံပချိုင်နှင့် မတွေ့ရသည်မှာ အတော်ကြာပြီဖြစ်သောကြောင့် နီမောင်မှာ အံ့ဩနေသည်။

"ငါလည်း အလုပ်တွေ များနေတာနဲ့ မင်းဆီကို မရောက်ဖြစ်တော့ ကတိဖျက်သလို ဖြစ်နေတယ်"

သံပချိုင်က တောင်းပန်စကားဆိုသည်။

"ရပါတယ်ကွာ"

"ငါ ခင်မြရီနဲ့ လက်ထပ်တော့မယ် နီမောင်"

"ငါသတင်းကြားပြီးပါပြီ"

"ငါတို့ချင်း အခုလို အဆင်ပြေသွားတာ မင်းဝမ်းမသာဘူးလား"

"ဝမ်းသာပါတယ်ကွာ"

"မင်းကြည့်ရတာ မရွှင်မလန်းနဲ့ပါလား. . . ဘာဖြစ်နေတာလဲ၊ ငါတို့ရဲ့မင်္ဂလာပွဲရက်ကျရင် မင်းတို့သုံးယောက် လာပြီး ဝိုင်းကူပေးကြရမယ်နော်"

"အချင်းချင်းတွေပဲ. . . လာရမှာပေါ့သံပချိုင်ရယ်"

"ငါလည်း သူနဲ့ မင်္ဂလာဆောင်ပြီးတာနဲ့ မြို့ကို ပြောင်းပြီး နေတော့မယ်လို့ စိတ်ကူးထားတယ်၊ ဒါကြောင့် မသွားခင် မင်းနဲ့ လာတွေ့တာပဲ"

"ငါ ဘာကူညီပေးရမလဲ ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"အကူအညီပေးစရာ မလိုပါဘူး၊ ငါက ကတိပေးထားခဲ့တဲ့အတိုင်း မင်းကို အကူအညီပေးခဲ့ချင်လို့ပါ"

ဟု ပြောပြီး လက်ထဲမှာ ယူလာသောအထုပ်ကို နီမောင်အား လှမ်းပေးလေသည်။ နီမောင် မယူပေ။

"ဘာတွေလဲ"

"ငွေနဲ့ရွှေပါ. . . မင်းရင်းနှီးစားသောက်ဖို့ ပေးတာပါ"

"ငါမယူပါဘူး"

"ဟင်. . . ဘာဖြစ်လို့လဲ၊ ဒါမှ မင်း ပင်လယ်ပြင်မှာ ငါးရှာစားနေရဟဲ့ဘဝက လွတ်မှာပေါ့"

"ငါ ပင်လယ်ပြင်မှာ တစ်သက်လုံး နေရလည်း အရေးမကြီးပါဘူး၊ မသန့်စင်တဲ့ရွှေငွေတွေကိုတော့ မသုံးပါရစေနဲ့ကွာ"

ထိုသို့ပြောသောအခါ သံပချိုင်က မျက်စိမျက်နှာပျက်သွားလေသည်။

"ဒီလိုဆိုရင် မင်း ငါ့အကြောင်းတွေကို သိနေတာပေါ့နော်"

"ပင်လယ်ထဲက ကျွန်းမှာ ရှိတဲ့ နတ်ဆရာဝမ်းပိုက်ထဲက မှော်ဝိဉာဉ်အမြုတေကို ယူခဲ့တုန်းက ငါတို့ ပါတယ်ဆိုတာ မင်း မေ့နေပြီနဲ့တူတယ်၊ မှော်ဝိဉာဉ်အမြုတေအစွမ်းနဲ့ လူတွေဆီက ရွှေငွေရတနာတွေ ယူနေတာကိုလည်း ငါသိပါတယ်ကွာ"

"မင်း ဒီကြောင်းတွေကို ဘယ်သူမှ မပြောပါဘူးဆိုတဲ့ကတိတော့ ပေးပါကွာ၊ ဒီအကြောင်းတွေကို တခြားသူတွေ သိရင် ငါဒုက္ခရောက်မှာကွ"

"မပြောပါဘူးကွာ. . . မင်းနဲ့ငါနဲ့က လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းတွေပဲ၊ မင်းကောင်းစားနေတာပဲ မြင်ချင်ပါတယ်၊ ဒုက္ခရောက်နေ

www.burmeseclassic.com



တာတော့ မမြင်ချင်ပါဘူး၊ ဒါပေမယ့် မင်းကို တစ်ခုတော့ သတိပေးချင်တယ်"

"ဘာလဲ ပြောလေ"

"ဒီအကြောင်းတွေကို ခင်မြရီတို့မိသားစုတွေ လုံးဝမသိပါစေနဲ့၊ တကယ်လို့ သိသွားရင် မင်းတို့ချင်း အဆင်ပြေတော့မှာ မဟုတ်ဘူး၊ နောက်ပြီး သူလည်း တစ်သက်လုံး စိတ်ဆင်းရဲနေရလိမ့်မယ်"

"အေးပါကွာ. . ."

"နောက်ပြီး မင်းလည်း ဒီမကောင်းမှုတွေကို ရှေ့ဆက်ပြီး မလုပ်ပါနဲ့တော့၊ အခု ရသင့်သလောက် ရပြီးပြီဆိုတော့ ရပ်ပါတော့ကွာ၊ ရှေ့ဆက်တိုးရင် မင်းဒုက္ခတွေ့လိမ့်မယ်၊ မကောင်းမှုဆိုတာ ခဏလေး စိတ်ချမ်းသာမှု ပေးပြီး တစ်သက်လုံး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်အောင် ဒုက္ခပေးတတ်တာမျိုးပဲ သံပချိုင်"

"အေးပါကွာ. . . မင်း အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်၊ ငါလည်း ခင်မြရီနဲ့ လက်ထပ်ပြီးတဲ့နောက်မှာ ဒီအလုပ်တွေကို ဆက်မလုပ်တော့ဘူးလို့ စိတ်ကူးထားပါတယ်၊ ငါသွားတော့မယ် နီမောင်"

သံပချိုင်က သူယူလာသောအထုပ်ကလေးကို ကိုင်ပြီး အမှောင်ရိပ်ထဲသို့ တိုးဝင်သွားလေတော့သည်။

နီမောင်က တရွေ့ရွေ့ ဝေးသွားသော သံပချိုင်၏ကျောပြင်ကို လှမ်းကြည့်ပြီး သက်ပြင်းချလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၈)

# စုံထောက်ကျော်စွာနှင့် သဲလွန်စကွင်းဆက်များ

**နောက်**ပိုင်းမှာတော့ ရေရှာအပါအဝင် ကဒုံကနီ အမာရှာ စသောနေရာများအပါအဝင် နေရာအတော်များများမှာ လူပျောက်ပစ္စည်းပျောက်သောကိစ္စများ သိပ်မရှိတော့ပေ။

တစ်ခါတစ်ရံမှသာ ကြားရတော့သည်။

ထိုသို့ကျဲသွားခြင်းမှာ စုံထောက်နှင့်ပုလိပ်များတို့မှာ နေ့ရောအနှံ့တွင် နည်းအမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုး စုံစမ်းထောက်လှမ်းနေသောကြောင့်ဖြစ်မည်ဟု အားလုံးက ထင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအထဲတွင် စုံထောက်ကျော်စွာလည်း ပါသည်။

စုံထောက်ကျော်စွာမှာ အင်းစိန် စီအိုင်ဒီ(ခေါ်)မှုခင်းစုံစမ်းရေး ထောက်လှမ်းရေးဌာနမှ အထူးတာဝန်ဖြင့် စေလွှတ်လိုက်သူဖြစ်သည်။

စုံထောက်ကျော်စွာသည် မှုခင်းဖြစ်ပွားရာ အခြေခံဒေသ ဖြစ်သော ရောရွာသို့ ရောက်လာပြီး စုံစမ်းထောက်လှမ်းလေသည်။

သူသည် စုံထောက်အသွင်နှင့် မဟုတ်ဘဲ သာမန်ခရီးသွား အရပ်သားအသွင်နှင့် လာရောက်စုံစမ်းနေခြင်းဖြစ်၏။ စုံထောက် ကျော်စွာမှာ ဦးဗန်ကောင်းနှင့်လည်း ယခင်ကတည်းက သိကျွမ်းသူဖြစ် သဖြင့် ဦးစွာ ဦးဗန်ကောင်းရှိရာသို့ သွားလေသည်။

ဦးဗန်ကောင်းက စုံထောက်ကျော်စွာကို အလွယ်တကူ မှတ်မိ သော်လည်း ယခုကဲ့သို့ ပြန်တွေ့ရသောကြောင့်တော့ အံ့သြမှု မဖြစ်ပေ။

"နာမည်ကြီးတရားခံကို ဖမ်းဆီးဖို့ ဆင်းလာတာလား မောင် ကျော်စွာ"

"ဟုတ်ပါတယ်. . . အဘက ရောကို ဘယ်တုန်းကတည်းက ရောက်နေတာလဲ၊ ကျွန်တော် ဒီရောက်တော့ အဘ ဒီမှာရှိနေမှန်း သိလို့ အားရှိနေတာ"

"ဒီရွာမှာ နီမောင်လည်း ရှိပါတယ်၊ ဒီကိစ္စကို သူလည်း အကူ အညီပေးနိုင်မယ် ထင်ပါတယ်"

"ကောင်းတာပေါ့. . . အဘရော ဘာတွေများ သိထားတာ ရှိသေးလဲ ပြောပြပါဦး"

ဦးဗန်ကောင်းက ကွမ်းဝါးရင်းနှင့် ရှေ့တိုးကို ဆေးကုပေးရင်း ထောင်ချောက်ဆင်ခဲ့ပုံများ၊ တရားခံကို တစွန်းတစ တွေ့မြင်လိုက်ရပုံ များကို ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘယ်သူဘယ်ဝါလို့တော့ မပြောပေ။

"အဘ ဆေးကုပေးနေတဲ့ရွှေတိုးရော အခြေအနေ ဘယ်လိုရှိလဲ၊ အိမ်က ပစ္စည်းတွေ ခိုးပြီးပို့ပေးနေတုန်းပဲလား"

"အခုတော့ ကောင်းသွားပါပြီ. . . မခိုးတော့ပါဘူး၊ သူ့ကိုယ်ပေါ်က အစီအရင် လုပ်ပေးလိုက်တဲ့ဆေးတွေကို ဖယ်ရှားပေးလိုက်တော့ ပုံမှန်ဖြစ်သွားပါပြီ"

"ဒါဖြင့် အဘ တရားခံကို သိတယ်မဟုတ်လား"

"သိပါတယ်. . . ဒါပေမယ့် ကျုပ်ပါးစပ်ကတော့ မပြောပါရစေနဲ့"

ကျော်စွာက နားလည်စွာ ပြုံးလိုက်လေသည်။

"ရပါတယ်. . . ဒီလောက်သိရရင် ကျွန်တော့်ဖာသာ စုံစမ်းဖော်ထုတ်လို့ ရမှာပါ၊ ဒါထက် တစ်ခုတော့ မေးပါရစေ၊ သူက ဘယ်လိုနည်းကို သုံးပြီး အခုလို လက်သည်မပေါ်အောင် ကျူးလွန်နေတာလဲ"

"သိဒ္ဓိရှိတဲ့ ပစ္စည်းတစ်မျိုးကို အသုံးပြုပြီး ကျူးလွန်နေလို့ မရိပ်မိကြတာပါ"

"ဒီလိုအဖြစ်မျိုးတွေတော့ မကြာခဏ ကြားဖူးပါတယ်၊ မဟာမြိုင်တောဘက်မှာ ရှိတဲ့ အလယ်ရွာဘက်မှာ လူနီရုပ်ကလေးက ဥစ္စာပစ္စည်းတွေကို ပိုင်ရှင်တွေ မသိအောင် ခိုးယူနိုင်တယ်ဆိုတဲ့ သတင်းတော့ ကြားဖူးပါတယ်"

ဦးဗန်ကောင်းက ခေါင်းညိတ်ပြသည်။

(ထိုအကြောင်းကို 'မဟူရာမှော်ဝင်အရုပ်' ဝတ္ထုရှည်တွင် ရေးသားဖော်ပြခဲ့ပြီးဖြစ်၏)

"ဒါမျိုးတွေက အတော်ထူးဆန်းတာပဲနော် အဘ"



www.burmeseclassic.com

www.burmeseclassic.com



"လူတွေ စီစဉ်ပြုလုပ်ထားလို့ သိဒ္ဓိဝင်နေတဲ့ပစ္စည်းတွေ၊ ဒါမှမဟုတ် သဘာဝအလျောက်ဖြစ်နေတဲ့ပစ္စည်းတွေဟာ မူလအစွမ်းသတ္တိတွေ ရှိနေကြလေတော့ အသုံးပြုမမှားဖို့ အရေးကြီးတယ်၊ ကျောက်အမြုတေဆိုရင် သိဒ္ဓိရှိတယ်၊ ဒါပေမယ့် သူခိုးတွေက အသုံးချတော့ ကျောက်အမြုတေ ရရင် ခိုးရမယ်ချည်း ထင်နေတော့တာပေါ့"

"ဟုတ်ပါတယ်"

"သဘာဝအလျောက်ဖြစ်တဲ့ ချိုးအမြုတေ၊ ဝက်စွယ်ဂင်းပိတ်၊ ဆင်မာန်စွယ်၊ အမြုတေ စတဲ့ပစ္စည်းတွေဟာ သိဒ္ဓိအစွမ်းရှိတယ်၊ အဲဒီပစ္စည်းတွေကို လူမိုက်တွေက ရတော့ သေနတ်ပြီး ဓါးပြီး တုတ်ပြီးတယ်ဆိုပြီး အားကိုးတစ်ခုနဲ့ ပိုပြီးမိုက်ကြတယ်လေ"

"ရှေးက လူမိုက်ကြီးတွေမှာ အားကိုးရတဲ့ အဆောင်ကောင်းတစ်ခုမဟုတ်တစ်ခု ရှိကြတယ်ဆိုတာ ဒါမျိုးတွေ ဖြစ်မှာပေါ့နော်"

"အမှန်ပဲ. . . ရှေးက လူမိုက်ခေါင်းဆောင် လုပ်ကြတဲ့လူတွေဆီမှာ အားကိုးရတဲ့ အဆောင်ကောင်းတစ်ခုခုတော့ ရှိကြတယ်၊ ဒါမျိုးရှိမှလည်း လူမိုက်တွေအပေါ်မှာ ဗိုလ်လုပ်လို့ရမှာပေါ့၊ မဟုတ်ရင် နောက်ထပ် လူမိုက်လုပ်ချင်တဲ့လူရဲ့ အသတ်ခံရမှာ"

"အဘပြောတာ အမှန်ပါပဲ၊ ရှေးက အချို့လူမိုက်ကြီးတွေဟာ သူတို့မှာ ရှိတဲ့အဆောင်ကောင်းတွေကို လူမသိအောင် လျှို့ဝှက်ထားကြတော့ သူတို့သေသွားတာတောင် နောက်ကလူတွေ ဘယ်သူမှ မရလိုက်ကြတာတွေ ရှိတယ်"

"ဒါမျိုးမပြောပါနဲ့. . . ထုံးမန်း ဆီမန်း စတဲ့ တစ်ပွဲထိုး သုံးတဲ့ ပြီးဆေးလေး ရှိတာနဲ့တင် လူမိုက်လုပ်ချင်နေမှတော့ ဒီလို သိဒ္ဓိရှိတဲ့ ပစ္စည်းမျိုးသာ ရလို့ကတော့ လူမိုက်တကာ့ ထိပ်ခေါင်သာ ရောက်ကြရ

www.burmeseclassic.com



တာ ဘာများ ဆန်းတော့မလဲ မောင်ကျော်စွာရယ်"

"ဒါပေမယ့် သိဒ္ဓိဝင်ပစ္စည်းတွေကို ရကြလို့ အကျိုးရှိတဲ့ဘက်တွေမှာ အသုံးချခဲ့ကြတာတွေရော အများကြီး ရှိတယ်မဟုတ်လား အဘ"

"အများကြီး ရှိတာပေါ့ မောင်ကျော်စွာရယ်၊ သိဒ္ဓိရှိတဲ့ပစ္စည်းတွေကို အကျိုးရှိတဲ့နေရာတွေမှာ အသုံးချပြီး ထွက်ရပ်ပေါက်သွားတဲ့ ဝိဇ္ဇာတွေဆိုတာ နည်းတော့တာမှ မဟုတ်တာ၊ ပုဂံပြည် ကောင်းစားစဉ်က ရှင်အဇ္ဇဂေါဏ မထေရ်ဟာ သိဒ္ဓိပေါက်တဲ့ခါတ်လုံး ရတာနဲ့ ပုဂံတစ်ပြည်လုံး ချမ်းသာကြွယ်ဝအောင် မစပေးခဲ့တာမျိုးတွေ ရှိခဲ့တာ ကြည့်ပေါ့"

"ဟုတ်ပါတယ်. . . အဘပြောပုံအရဆိုရင် အဲသည်လို သိဒ္ဓိပေါက်တဲ့ပစ္စည်းတွေကြောင့် ထွက်ရပ်ပေါက်ခဲ့သူတွေ အများကြီး ရှိမှာပေါ့နော်"

"များတာပေါ့ မောင်ရယ်"

ဦးဗန်ကောင်းက ကွမ်းတမြုံ့မြုံ့ ဝါးရင်းနှင့် အောက်ပါအကြောင်းအရာအချို့ကို ပြောပြလေသည်။

ထိုသို့ ထွက်ရပ်ပေါက်နိုင်သောနည်းလမ်းများထဲတွင် ပထမံဝိဇ္ဇာလမ်း(၅)မျိုးနှင့် ထွက်ရပ်ပေါက်နိုင်ကြသည်။

၎င်းတို့မှာ ပထမံဆေးဝိဇ္ဇာ၊ ပထမံအင်းဝိဇ္ဇာ၊ ပထမံဂါထာဝိဇ္ဇာ၊ ပထမံရုပ်ဝိဇ္ဇာနှင့် ပထမံစာမဝိဇ္ဇာ ငါးမျိုးဖြစ်သည်။

ထို့ပြင် လောကီယ ထွက်ရပ်ပေါက်ဝိဇ္ဇာလမ်းလည်း ရှိသည်။

လောကီယထွက်ရပ်ပေါက် ဝိဇ္ဇာလမ်းတွင် ကသိုဏ်း(၁၀)ပါး၊ ဈာန်တရားများ၊ ပဋ္ဌမဈာန်၊ အာရုပ္ပဈာန် သမာပတ်(၈)ပါး သမာပတ်



www.burmeseclassic.com

www.burmeseclassic.com



(၉)ပါးအထိ အားထုတ်နိုင်သောဈာန်လမ်း၊

လောကီအဘိညာဉ်လမ်းများပင်ဖြစ်၏။

ရှေးအခါက ရှင်ဒေဝီလရသေ့၊ အာဠာရ ရသေ့၊ ဥဒကရသေ့၊ မုနိန္ဒ ရှင်ရသေ့၊ လောကအဘာန ရှင်ရသေ့၊ နေမိန္ဒရ ရှင်ရသေ့များတို့၏ ပေါက်မြောက်အောင်မြင်ကြကုန်သော မြေလျှိုးမိုးပျံ ဈာန်အဘိညာဉ် တန်ခိုးဖြင့် ပြည့်စုံသောလမ်းဖြစ်သည်။

ထို့ပြင် မဟာဂန္ဓာရီ ထွက်ရပ်ပေါက်ဝိဇ္ဇာလမ်းစဉ်လည်း ရှိပေသေးသည်။

ထိုထွက်ရပ်ပေါက်ဝိဇ္ဇာလမ်းတွင် အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာ၊ မန္တံဝိဇ္ဇာ၊ ဗေဒဝိဇ္ဇာ၊ အင်္ဂဝိဇ္ဇာ၊ နက္ခတ္တဝိဇ္ဇာ၊ တပသီဝိဇ္ဇာ၊ ဇော်ဂျီဝိဇ္ဇာ ဟူ၍ ဝိဇ္ဇာ(၁၃)မျိုးတို့၏ ထွက်ရပ်လမ်းများ ပါဝင်လေသည်။

နောက်တစ်နည်းမှာတော့ အရိယာဝိဇ္ဇာထွက်ရပ်လမ်းပင်ဖြစ်၏။

ထိုလမ်းစဉ်မှာ လောကုတ္တရာမှ လွတ်မြောက်ရာလမ်းဖြစ်ပြီး သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ အသခ်ဓာတ်မြတ်သော နိဗ္ဗာန်သို့ စံဝင်ရသောလမ်းစဉ်ပင်ဖြစ်သည်။

ထိုအရိယာဝိဇ္ဇာလမ်းမှာ သာသနာပ,ကာလတွင် မရနိုင်ဘဲ သာသနာတွင်းကာလမှသာ ရနိုင်သော အမြင့်မြတ်ဆုံးသောလမ်းစဉ် ပင်ဖြစ်ပေတော့သည်။

ကမ္ဘာတည်သရွေ့ ရှည်သောအသက်ဖြင့် ထွက်ရပ်လမ်း ကြွမြန်းကြကုန်သော ဝိဇ္ဇာထွက်စဉ်ကို ဖော်ပြလိုပေသည်။

ကောဏ္ဍာဂုံ မြတ်စွာဘုရားရှင်၏သာသနာတော်အတွင်း၌

www.burmeseclassic.com



လည်းကောင်း၊ သာသနာပ၌လည်းကောင်း၊ ထိုကောဏ္ဍညသံ မြတ်စွာဘုရားလက်ထက်တော်၌ ထင်ရှားစွာ ဖြစ်ကြကုန်၍ ဆယ်ပါးသော သိဒ္ဓိဝိဇ္ဇာ မဟိဒ္ဓိတန်ခိုးဖြင့် ထွက်ရပ်လမ်းသို့ ကြွမြန်းကြကုန်သော ဝိဇ္ဇာမိုရ်အပေါင်း(၈၀၀၀၀)ရှိ၏။ စုစုပေါင်း ရှစ်သောင်းရှိကြပေကုန်၏။

ကောဏဂုံ မြတ်စွာဘုရားရှင်၏သာသနာတော်အတွင်း၌လည်းကောင်း၊ သာသနာပကာလ၌လည်းကောင်း၊ ထိုကောဏဂုံ မြတ်စွာဘုရားလက်ထက်တော်အခါက ထင်ရှားစွာ ဖြစ်ကြကုန်၍ ဆယ်ပါးသော သိဒ္ဓိဝိဇ္ဇာမဟိဒ္ဓိတန်ခိုးဖြင့် ထွက်ရပ်လမ်းသို့ ကြွမြန်းကြကုန်သော ဝိဇ္ဇာမိုရ်အပေါင်း(၈၀၀၀၀) ရှိ၏။ စုစုပေါင်း ရှစ်သောင်းရှိကြပေကုန်၏။

ကဿပမြတ်စွာဘုရားရှင်၏သာသနာတော်အတွင်း၌ လည်းကောင်း၊ သာသနာပကာလ၌လည်းကောင်း၊ ထိုကဿပမြတ်စွာဘုရားရှင်၏လက်ထက်တော်အခါက ထင်ရှားစွာ ဖြစ်ကြကုန်သော ဆယ်ပါးသောသိဒ္ဓိ၊ ခြောက်ပါးသောဝိဇ္ဇာ၊ ဝိဇ္ဇာမဟိဒ္ဓိ သိဒ္ဓိတန်ခိုးဖြင့် ထွက်ရပ်လမ်းသို့ ကြွမြန်းကြကုန်သော ဝိဇ္ဇာမိုရ်အပေါင်း(၈၀၀၀၀) ရှိ၏။ စုစုပေါင်း ရှစ်သောင်းရှိကြလေကုန်၏။

ဂေါတမမြတ်စွာဘုရားရှင်၏သာသနာတော်အတွင်း၌ လည်းကောင်း၊ သာသနာပကာလတို့၌လည်းကောင်း၊ ထိုဂေါတမမြတ်စွာဘုရားရှင်၏လက်ထက်တော်အခါ၌ ထင်ရှားစွာ ဖြစ်ကြကုန်သော ဆယ်ပါးသောသိဒ္ဓိ၊ ခြောက်ပါးသော ဝိဇ္ဇာဉာဏ် ကြွမြန်းကြကုန်သော ဝိဇ္ဇာမိုရ်အပေါင်း(၈၀၀၀၀) ရှိကြကုန်၏။ စုစုပေါင်း ရှစ်သောင်းထွက်ကုန်ကြ၏။

နောင်ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျ မြတ်စွာဘုရား၏ သာသနာတော်အပ,ကာလ၌လည်းကောင်း၊ သာသနာတော်အတွင်း



www.burmeseclassic.com

www.burmeseclassic.com



တာလဉ်လည်းကောင်း၊ ထိုပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျ မြတ်စွာဘုရားလက်ထက်တော်အခါ၌ ထင်ရှားဖြစ်ကုန်လတ္တံ့သော ဆယ်ပါးသောသိဒ္ဓိ ဝိဇ္ဇာမဟိဒ္ဓိနှင့် ခြောက်ပါးသော ဝိဇ္ဇာဉာဏ်တို့ဖြင့် ထွက်ရပ်လမ်း ကြွမြန်းကြကုန်မည့် လောကီ လောကီယ ဝိဇ္ဇာဓိုရ်ပေါင်း (၃၂၀၀၀၀) ရှိသတည်း။ စုစုပေါင်း သုံးသိန်းနှစ်သောင်း ရှိကြကုန်၏။

ထို့ကြောင့် ဤဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူပေါင်း၍ ကောင်းမွန်စွာ ထွက်ရပ်လမ်း ကြွမြန်းကြကုန်သော လောကီယ ဝိဇ္ဇာဓိုရ်ပေါင်း (၆၄၀၀၀၀) ရှိကြလေသည်။

"အဲဒီလောက် များပြားတဲ့ဝိဇ္ဇာတွေဟာ လူသားတွေရဲ့အကျိုးကို ကူညီစောင့်ရှောက်ပေးခဲ့ကြတယ်လေ၊ သူတို့တတွေဟာ သူတို့ကြိုးစားလို့ ပေါက်မြောက်ခဲ့တဲ့ သိဒ္ဓိဝင်ပစ္စည်းတွေရဲ့ လူသားတွေကို အကျိုးကျေးဇူးပြုခဲ့ကြတယ်"

"ဒါကတော့ ဟုတ်ပါပြီ၊ မကောင်းတဲ့အစီအရင် ရုပ်တုတွေ ပြုလုပ်ပြီး လူတွေကို ဒုက္ခပေးခဲ့ကြတာမျိုးတွေလည်း ရှိခဲ့ကြတာပဲ မဟုတ်လား အဘ"

"ရှိတာပေါ့ မောင်ကျော်စွာရယ်၊ လောကရဲ့သဘာဝအတိုင်း ကောင်းတာလုပ်တဲ့လူတွေ ရှိကြသလို မကောင်းတာ လုပ်တဲ့လူတွေ ရော အများကြီး ရှိတာပေါ့"

"အဲဒါ ဘယ်လိုအစီရင်မျိုးတွေလဲ အဘ"

"လူတွေကို ဒုက္ခပေးနိုင်တဲ့နည်းတွေကတော့ အများကြီး ရှိတာပေါ့၊ စုန်းပညာ၊ ကဝေပညာ၊ မှော်ပညာ အောက်လမ်းအတတ်ပညာတွေဟာ လူတွေကို ဒုက္ခပေးနိုင်တဲ့ပညာတွေပေါ့"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ့အပြင် ရုပ်တုအစီအရင်တွေလည်း အများကြီး ရှိတယ်၊ ဥပမာ ဂဝံမျက်နှာဖုံး၊ ကဝေသားပိုက်၊ မှော်မျက်လုံး၊ ဘီလူးဓားထမ်း ရုပ်တုတွေဆိုရင် အစီအရင် ကောင်းရင်ကောင်းသလောက် လူတွေကို ဒုက္ခပေးတတ်ကြတာပေါ့"

"အခုဖြစ်နေတဲ့ပစ္စည်းမျိုးက ဘယ်လိုအမျိုးအစားထဲမှာ ပါတဲ့ ပစ္စည်းမျိုးလဲ အဘ"

စုံထောက်ကျော်စွာက အမှုစစ်ဆေးနေကျဖြစ်သောကြောင့် သူသိလိုသောအချက်ကို ဖျတ်ကနဲ မေးလိုက်လေသည်။

"ကျုပ်ထင်တာတော့ နတ်ဆရာတစ်ဦးဦး အစီအရင်နဲ့ ပြုလုပ်ထားတဲ့ မှော်ဝင်ပစ္စည်းတစ်မျိုးမျိုးပဲဖြစ်မှာပေါ့"

ဦးဗန်ကောင်းကလည်း ခန့်မှန်းမျှသာ ပြောရသဖြင့် ထိုမျှသာပင် ပြောနိုင်လေသည်။

"မှော်ဝင်ပစ္စည်းဆိုတာ ဘယ်လိုမျိုးလဲ အဘ"

"မကောင်းဆိုးဝါးရဲ့ဝိညာဉ် ပူးကပ်နေတဲ့ပစ္စည်းကို မှော်ဝင်ပစ္စည်းလို့ ခေါ်ကြတယ်၊ အဲဒီလို အသက်ဝင်နေပြီဆိုရင် ပူးကပ်နေတဲ့ မကောင်းဆိုးဝါးကို ကိုယ်ခိုင်းချင်တာ ခိုင်းလို့ရတယ်"

"ဒီလိုဆိုရင်တော့ ဒီပစ္စည်းမျိုးကို ပိုင်ဆိုင်ထားတဲ့လူအဖို့ အန္တရာယ်အတော်များမှာပေါ့နော်"

"များတာပေါ့ မောင်ကျော်စွာရယ်၊ စီရင်ထားတဲ့ပစ္စည်းမျိုးဆိုတာ သိဒ္ဓိစွမ်းအားကြီးလေလေ ထိန်းသိမ်းရတဲ့တာဝန် များလေလေပေါ့၊ သုံးတတ်ရင်တော့ ကိစ္စမရှိဘူးပေါ့၊ မသုံးတတ်ရင် တခြားပူဇော်လှည့်ထားတဲ့ အန္တရာယ်များဦးက ကိုယ့်ဘက် ပြန်လှည့်သလို ဖြစ်တတ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရှင်းပြလေသည်။

ထို့နောက်မှာတော့ စုံထောက်ကျော်စွာက ဦးဗန်ကောင်းကို နှုတ်ဆက်ပြီး ပြန်ထွက်လာလေသည်။

သူ၏ဦးတည်ချက်မှာ နီမောင်နှင့် တွေ့ရန်ပင် ဖြစ်ပေသည်။

နီမောင်ကလည်း စုံထောက်ကျော်စွာ ရောရှာသို့ ရောက်နေပြီ သတင်းကြားကတည်းက တစ်နေ့မဟုတ်တစ်နေ့ သူရှိရာသို့ ရောက်လာလိမ့်မည်ဟု မျှော်လင့်ထားပြီးဖြစ်ရာ ပြန်တွေ့ရသောအခါ အံ့သြခြင်း မရှိလှပေ။

သူ့အနေနှင့် တစ်စုံတစ်ခု အကူအညီမျိုးတော့ ပေးရလိမ့်မည်ကိုလည်း သဘောပေါက်ထားလေသည်။

သို့ကြောင့် စုံထောက်ကျော်စွာ ရောက်လာသောအခါ သူသိထားသောအကြောင်းအရာများမှ ပြောတန်သရွေ့ ပြောပြလိုက်ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၉)

# မင်္ဂလာပွဲမှ ရာဇဝတ်သင့်သောသူ

သံပချိုင်နှင့်ခင်မြရီတို့ မင်္ဂလာပွဲကို တောက်တာကုန်းရွာမှ ဦးငွေရတို့၏နေအိမ်ခြံဝန်းမှာပင် ပြုလုပ်ကြရန် စီစဉ်လေသည်။

ခြံဝန်းအပြည့် ကနားဖျင်းတဲများ ထိုးပြီး ဝက်သားဟင်း၊ ငါးခြောက်ဟင်းများဖြင့် ထမင်းကျွေး ဧည့်ခံရန် ပြင်ဆင်နေကြသည်။

တောရွာမလေ့၏ထုံးစံအတိုင်း အလှူမင်္ဂလာပွဲ မင်္ဂလာဧည့်ခံပွဲများမှာ ထမင်းကျွေးလေ့ရှိကြသဖြင့် ယခုလည်း မင်္ဂလာပွဲ လာသမျှ



www.burmeseclassic.com

www.burmeseclassic.com



ညည့်သည်များအား ထမင်းကျွေးရန် စီစဉ်ချက်ပြုတ်နေကြသည်။

ဝက်သားဟင်း၊ ငါးခြောက်ဟင်း၊ ငါးခြောက်ထောင်းကြော်၊ ငံပြာရည်ချက်၊ သရက်ချဉ်သုပ်၊ (၁၂)မျိုးဟင်းချို စသည်တို့နှင့် ဖွယ်ဖွယ်ရာရာ ညည့်ခံကျွေးမွေးရန် စီစဉ်ကြသည်။

ကုန်ကျစရိတ်အားလုံးကို သတို့သားလောင်း သံပချိုင်က အားလုံးအကုန်ခံလေသည်။

ထို့ပြင် ယောက္ခမလောင်းများ ဝတ်ဆင်ရန် အဝတ်အစားများ အပြင် ခင်မြရီအတွက် သတို့သမီးဝတ်စုံများနှင့် ရွှေစာစ်ဆင်စာကိုလည်း ပေးထားသေး၏။

မနက်ဖြန် မင်္ဂလာပွဲ ကျင်းပတော့မည်မို့ ဒီကနေ့မှာကတည်းက အသံချဲ့စက်သံ ဆူညံလျက်ရှိနေပြီး ချက်ပြုတ်နေသူများမှာလည်း ဒယ်ကြီးဒယ်ငယ်များဖြင့် မနားရအောင် ရှိနေကြသည်။

ရွာထဲမှ လူကြီးလူငယ်များ ကာလသားအဖွဲ့များ မိန်းမပျိုအဖွဲ့များက ရွာဓလေ့ထုံးစံအတိုင်း အဖွဲ့လိုက် လာရောက်အကူအညီပေးကြသည်။

မိန်းမပျိုအဖွဲ့က ကြက်သွန်လှီးသူလှီး၊ ငါးခြောက်နွှာသူနွှာနှင့် ရှိနေကြသလို ကာလသားအဖွဲ့ကလည်း ရေခပ်သူခပ်၊ ထင်းခွဲသူခွဲနှင့် အလုပ်ရှုပ်နေကြသည်။ ထိုသို့လုပ်နေရင်းမှပင် အသံချဲ့စက်ဖွင့်သူကိုရင်းတို့ ကြိုက်နှစ်သက်သောသီချင်းများ၊ ဇာတ်လမ်းများ ဖွင့်ခိုင်းကြသေးသည်။

ထိုသို့ဖွင့်ခိုင်းရင်းမှပင် လူကြီးများက ဇာတ်ထုပ်များ ကြိုက်ပြီး လူငယ်လူရွယ်များ သီချင်းနှင့် ကာလပေါ်ဇာတ်လမ်းများ ကြိုက်ကြလေရာ အကြိုက်ချင်း မတူသောကြောင့် အသံချဲ့စက် ဖွင့်သူမှာ မည်သည့်

www.burmeseclassic.com



ဓါတ်ပြားကို ဖွင့်ပေးရမည်မှန်း မသိအောင် ဖြစ်နေရသည်။

"ဘကြီးဖြိုးတို့ ကြိုက်တဲ့ မေဝါဝီ ဇာတ်ထုပ်ကို ညဘက်ရောက်မှပဲ ဖွင့်ဗျာ၊ နေ့လည်ဘက်တော့ တွံတေးသိန်းတန်သီချင်းတို့ ဟာသ်ာတထွန်းရင် သီချင်းတို့ပဲ ဖွင့်ပါရစေဗျာ"

"မင်းတို့လူငယ်တွေ တယ်လည်း ခက်တာပဲ၊ သီချင်း နားထောင်နေလို့ ဘာအကျိုးရှိမှာလဲဟ၊ ဇာတ်ထုပ်ဇာတ်လမ်း နားထောင်မှ ဗဟုသုတ ရမှာပေါ့"

"ဗဟုသုတတွေက အသက်ကြီးမှပဲ ယူတော့မယ်၊ အခု အသက်ငယ်တဲ့အချိန်မှာတော့ သီချင်းကောင်းကောင်းလေးတွေပဲ နားထောင်ပါရစေ"

ထိုစကားကြောင့် ကြားရသူတိုင်း ရယ်ကြလေသည်။ ကျေးရွာ မလေ့တို့၏မလေ့အတိုင်း ယခုလို အလှူအတန်း မင်္ဂလာပွဲမျိုး ရှိမှ အချင်းချင်း ဆုံတွေ့ကြရသောကြောင့် တစ်ယောက်နှင့်တစ်ယောက် ပြောမနာဆိုမနာဖြင့် သူတို့ ပျော်ရွှင်နေကြလေသည်။

လူကြီးများထက် လူငယ်များက ပို၍ပျော်နေကြသည်။ အဘယ်ကြောင့်ဆိုသော်. . .

ရင်းတို့ ပိုးပန်းနေသော နှစ်သက်သဘောကျနေသူများနှင့် လွတ်လွတ်လပ်လပ် ဆုံတွေ့ကြရသောကြောင့်ပင်ဖြစ်ပေသည်။

သူတို့တတွေအားလုံးထက် ပျော်ရွှင်နေသူကတော့ သမီးရှင် ဖြစ်သည့် ဦးငွေရနှင့်ဒေါ်ရွှေမှုံတို့ပင်ဖြစ်ကြလေသည်။

ရင်းတို့၏တစ်ဦးတည်းသော သမီးလေးကို ငွေကြေးပြည့်စုံသူ တစ်ဦးနှင့် လက်ထပ်ပေးရသောကြောင့်ဖြစ်သည်။

မိဘများက ပျော်ရွှင်နေသလောက် မရွှင်ပျနှင့် စိတ်ဆင်း

www.burmeseclassic.com



နေရသူမှာ ခင်မြရီပင်ဖြစ်သည်။

သူမအနေနှင့် သံပချိုင်အပေါ်မှာ မချစ်ပေ။

ထိုသို့ မချစ်ဘဲနှင့် စဉ်းစားချိန် ငြင်းပယ်ချိန်ပင် မရလိုက်ဘဲ ဖွတ်အတင်းအဓမ္မ စီစဉ်ကြသောကြောင့် ယခုကဲ့သို့ မင်္ဂလာဆောင်သည့် အခြေအနေထိ ရောက်လာခြင်းဖြစ်ပေသည်။

ခင်မြရီအနေနှင့် သံပချိုင်အပေါ်မှာ သာမန်မိတ်ဆွေ တစ်ယောက်အနေဖြင့်သာ ခင်မင်သည်။

တစ်သက်လုံး လက်တွဲရမည့် ဘဝလက်တွဲဖော်အနေမျိုးနှင့်တော့ တစ်ခါမှ စိတ်ကူးထဲမှာ မထည့်ထားခဲ့ပေ။ သို့သော် အခြေအနေက သူမ မဖြစ်ချင်သော ဘဝအခြေအနေသို့ ဆင်းသက်ရပေတော့သည်။

ထို့ကြောင့် ပျော်ရွှင်မှု မရှိဘဲ မျက်ရည်နှင့်မျက်ခွက် ဖြစ်နေရှာသည်။

မင်္ဂလာပွဲအတွက် အကူအညီပေးရန် နီမောင်၊ စောထီး ငမဲအောင်တို့လည်း ရောက်နေကြရာ နီမောင်နှင့် တွေ့သောအခါ မေးလေသည်။

"ခင်မြရီ. . . နင် မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်နေတာလဲ"

ထိုသို့မေးတော့မှ ငိုချင်ရက်လက်တို့ ဆိုသလို မျက်ရည်များက ပါးပြင်ပေါ်သို့ စီးကျလာသည်။

"ဟင်. . . နင်ငိုနေတယ်၊ ဘာဖြစ်လို့လဲဟင်"

"နီမောင်ရယ်. . . ငါ့ကို မကယ်နိုင်တော့ဘူးလား"

နီမောင်က မျက်လုံးပြူးလျက် အံ့ဩနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါမချစ်တဲ့သူနဲ့ တစ်သက်လုံး အတူနေရတော့မယ့်ဘဝကို မကယ်နိုင်တော့ဘူးလား၊ ငါ့ဘဝက ငွေနဲ့ အဝယ်ခံလိုက်ရတဲ့ဘဝမျိုးနဲ့ ဘာမှမခြားလှပါဘူး"

"ဒီလိုလည်း တွေးမနေပါနဲ့တော့ ခင်မြရီ၊ အခုအချိန်ကျမှ နင် တစ်ခုခုလုပ်ရင် နင့်မိဘတွေ အရှက်ရကြမှာပေ့ါ၊ အခု မချစ်လည်း နောက်တော့ တဖြည်းဖြည်းနဲ့ အဆင်ပြေသွားကြမှာပေ့ါဟာ"

ထိုစကားကြောင့် ခင်မြရီက မျက်ရည်စွန်းသောမျက်ဝန်းဖြင့် တစ်ချက်မော့ကြည့်သည်။

"နင်က လူတစ်ယောက်ရင်ထဲမှာ ရှိနေတဲ့အချစ်ကို တောရိုင်း တိရစ္ဆာန်တစ်ကောင်ကို ယဉ်ပါးအောင် လုပ်ယူသလို လုပ်ယူလို့ ရလာမယ်လို့များ ထင်နေလို့လား၊ မတတ်သာတော့လို့သာ ငါ့ရဲ့ခန္ဓာကိုယ်ကို သူရချင်ရမယ်၊ ငါ့ရင်ထဲကအချစ်ကိုတော့ သူ ဘယ်တော့မှ မရစေရဘူး"

နီမောင်မှာ ဘာမှပြန်မပြောသာပဲ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

"မိန်းကလေးတစ်ယောက်ရဲ့ချစ်ခြင်းမေတ္တာဆိုတာ သူ့ဘဝမှာ တန်ဖိုးထားရတဲ့အရာတစ်ခုပဲ၊ ကိုယ်ရည်စူးတဲ့လူလက်ထဲ မရောက်မချင်း မညှိုးနွမ်းရအောင် ထိန်းသိမ်းစောင့်ရှောက်ရမှာ သူ့တာဝန်ပဲ၊

အကြောင်းမညီညွတ်လို့ ရည်စူးတဲ့လူ လက်ထဲကို မရောက်နိုင်တော့ဘူးဆိုရင်တောင်မှ တွေ့သမျှလူကို အလွယ်တကူ ပေးမှာမဟုတ်ဘူး၊ သူ့ရင်ထဲမှာပဲ တစ်သက်လုံး သိမ်းဆည်းသိုဝှက်ထားတတ်ကြတယ်ဆိုတာ နင်သိထားစေချင်ပါတယ်"

ဒါပဲပြောပြီး ခင်မြရီက လှည့်ထွက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်မေတ္တာနှင့် ပတ်သက်လာလျှင် ဘာတစ်ခုမှ မသိသေးသော နီမောင်သာ နေရာမှာ ငူငူကြီး ကျန်နေခဲ့လေတော့သည်။

ထို့ပြင် မင်္ဂလာပွဲအတွက် ကူညီရန် လာရောက်ကြသူများမှာလည်း နေ့ချင်းညချင်း သူဌေးတစ်ယောက်ဘဝ ရောက်သွားသော သံပချိုင်အကြောင်းကို အချင်းချင်း တီးတိုးပြောဆိုနေကြသည်။

"ဟဲ့ . . . မသိလို့ မေးပါရစေဦး၊ ခင်မြရီနဲ့ ယူမယ့် သံပချိုင်ဆိုတာ အရင်က ငါးဖမ်းနေတာ မဟုတ်လား"

"ဟုတ်တယ်လေ"

"ငါးဖမ်းတဲ့လူက ဘယ်လိုကြောင့် ဒီလောက်ချမ်းသာသွားတာလဲ"

"ဒါတော့ ဘယ်သိပ့်ါမလဲ၊ ပြောသံကြားတာတော့ မြို့မှာ ရှိတဲ့ ဘကြီးတစ်ယောက်က အမွေခေါ် ပေးလို့ ချမ်းသာသွားတာလို့ ကြားတာပဲ"

"ဒီလိုဆိုရင်တော့ ကံကောင်းတာပေါ့အေ၊ နောက်ပြီး သူ့ယောက္ခမတွေကိုလည်း ရင်းနှီးစားဖို့ ငွေတစ်သောင်းတောင် ပေးတယ်ဆိုလားပဲ၊ ခင်မြရီအတွက်လည်း လက်ဝတ်လက်စား ရွှေတစ်ဆင်စာတောင် တင်တောင်းနိုင်တာတဲ့၊ ခင်မြရီတစ်ယောက်တော့ နေ့ချင်းညချင်း သူဌေးကတော်တစ်ယောက်ဘဝ ရောက်ပြီး ကံကောင်းတာပေါ့နော်"

"ဟဲ့. . . ကိုယ်ထင်တာတွေ အရမ်းပြောမနေကြနဲ့ဦး၊ ငါကြည့်ရတာကတော့ သတို့သမီးမျက်နှာက သိပ်မကြည်လင်သလိုပဲ၊ တစ်ခုခုများ ဖြစ်နေကြသလားမှ မသိတာ"

"အေး. . . ဟုတ်တော့ဟုတ်တယ်၊ သံပချိုင်က ပိုက်ဆံ ချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာလို့သာ သူ့မိဘတွေက လက်ခံကြတာ ဖြစ်မယ်၊ သံပချိုင်မှာ မိဘလည်း မရှိဘူး၊ ဆွေမျိုးသားချင်းတွေလည်း မရှိဘူး၊ အခု မင်္ဂလာပွဲကိစ္စတောင် ရွာလူကြီးတွေက လုပ်ပေးကြရတာလို့ ပြောတယ်၊ နောက်ပြီး ရုပ်ရည်ကလည်း မိန်းကလေးတစ်ယောက် သဘောကျလောက်မယ့်ရုပ်မျိုး မဟုတ်ဘူး"

"ဒါတင် ဘယ်ကပ့ါမလဲ၊ ယူပြီးတော့မှ သူ မနေချင်လို့ တခြားထွက်သွားရင်တော့ ဘယ်ကို လိုက်ရှာရမှန်း သိမှာမဟုတ်ဘူး၊ ခင်မြရီတစ်ယောက် ကံကောင်းပါစေလို့ပဲ ဆုတောင်းရတော့မှာပဲ"

ဟု အချင်းချင်း တီးတိုးပြောဆိုနေကြလေသည်။

နောက်တစ်နေ့ မနက်ပိုင်းအချိန်မှာတော့ မင်္ဂလာပွဲ စတင်ကျင်းပလေသည်။

သံပချိုင်ဘက်မှာ မိဘဆွေမျိုး မရှိသောကြောင့် ရွာလူကြီးအချို့က လူကြီးမိဘနေရာမှ ဆောင်ရွက်ပေးကြရသည်။

မင်္ဂလာပွဲ စတင်ကျင်းပသောအချိန်မှာ သတို့သားဖြစ်သူ သံပချိုင်နှင့် သတို့သမီး မိဘနှစ်ယောက်တို့ကတော့ ပျော်တပြုံးပြုံးဖြစ်နေကြသော်လည်း သတို့သမီးခင်မြရီမှာတော့ သံပတ်ပေးထားသော စက်ရုပ်တစ်ရုပ်ပမာ မပြုံးမရယ်နှင့် ရှိနေလေသည်။

အချို့က ရှက်နေသည်ဟု ထင်သည်။

အချို့ကတော့ တစ်စုံတစ်ခု ဖြစ်နေသည်ဟု ထင်ကြသည်။

မည်သို့ပင်ရှိစေ သတို့သမီးက မျက်နှာမကောင်းသည်မှာတော့ အမှန်ပင်ဖြစ်သည်။

သံပချိုင်မှာ အပေါင်းအသင်းမိတ်ဆွေ သိပ်မရှိသော်လည်း ခင်မြရီမိဘများက တောက်တာကုန်းရွာဇာတိများ ဖြစ်သောကြောင့်

www.burmeseclassic.com



တစ်ရွာလုံး မသိသူ မရှိကြပေ။

ရောဘက်ကမ်းမှ လူများအပြင် တောက်တာကုန်း၊ အုန်းပင်စု၊ တောင်ယာကြီး၊ လတာချောင်း၊ သမစိတ္တ၊ သပြေရိုး၊ သဘော့အိုင်၊ ဆေးရိုကုန်း၊ လေးအိမ်တန်း၊ သောင်တာ၊ ဝါးတောကုန်း၊ ရွာသာယာ၊ ရေကျော်ကြီး၊ ခေါင်ကြီးကျွန်း စသော ဝေလံလှသည့်နေရာများ၊ ရွာများမှ ဧည့်သည်များပင် လှေတစ်တန် စက်လှေတစ်တန်ဖြင့် တကူးတက လာရောက်ကြရာ မနက်လင်းစကတည်းမှပင် ဧည့်သည်များဖြင့် စည်ကားနေလေသည်။

အသံချဲ့စက်မှလည်း မင်္ဂလာဆောင်နှင့် သက်ဆိုင်သော သီချင်းများချည်း ဖွင့်ပေးနေသလို ထမင်းရုံမှ ထမင်းကျွေး တာဝန်ကျနေသောအဖွဲ့များမှာလည်း လက်မလည်အောင် ကျွေးမွေးနေကြရသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် သတို့သားနှင့် သတို့သမီးတို့ကို လက်ထပ်ပေးရန်အချိန်သို့ နီးကပ်လာလေချေပြီ။

ရပ်ဝေးမှ လာရောက်ကြသူများမှလွဲပြီး အနီးပတ်ဝန်းကျင်မှ လာရောက်ကြသော ဧည့်ပရိသတ်များ စုံသလောက် ရောက်နေကြလေသည်။

ထိုအချိန်မှာပင် ရောရွာဘက်မှ စက်လှေတစ်စင်း ဖြတ်ကူးလာကာ မင်္ဂလာပွဲ ကျင်းပနေသော ဦးငွေရအိမ် တံတားရှိရာသို့ ဝင်ရောက်ဆိုက်ကပ်လေသည်။

စက်လှေပေါ်မှ လူများ တံတားပေါ်သို့ တက်လာကြသည်။

မင်္ဂလာပွဲ လာသောဧည့်သည်များ ထင်သောကြောင့် လှမ်းကြည့်သောအခါမှ မဟုတ်မှန်း သိကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရောရှာမှ ရွာလူကြီးများအပြင် စုံထောက်ကျော်စွာနှင့် ပုလိပ်အဖွဲ့များဖြစ်ကြသည်။

ပုလိပ်အဖွဲ့များမှာ သေနတ်များကို အဆင်သင့် ကိုင်ထားကြသည်။

၎င်းတို့အမူအယာကြည့်ရုံနှင့် မင်္ဂလာပွဲသို့ လာရောက်အားပေးရန် လာကြခြင်းမဟုတ်မှန်း သိသာလှသည်။

၎င်းတို့ တက်လာသည်ကို မြင်တော့ ဖွင့်နေသော အသံချဲ့စက်သံလည်း တိတ်သွားပြီ။

ဆူဆူညံညံ ပြောဆိုနေကြသည့် စကားသံများမှာလည်း မီးကိုရေဖြင့် ငြိမ်းလိုက်သလို တိတ်ဆိတ်သွားကြလေတော့သည်။

ပုလိပ်များကို မြင်သောအခါ အခြားလူများထက် သံပချိုင်၏မျက်နှာမှာ အကြီးအကျယ် ပျက်သွားလေသည်။

မင်္ဂလာပွဲ ကျင်းပနေသော မဏ္ဍပ်အတွင်းသို့ ရောက်လာသောအခါ ဦးငွေရနှင့်ဒေါ်ရွှေမှုံတို့က ဝတ္တရားမပျက် သွားရောက်နှုတ်ဆက်ကြလေသည်။

လူအများရှေ့ ရောက်သောအခါမှ စုံထောက်ကျော်စွာက အားလုံးကြားအောင် အသံကျယ်ကျယ်ဖြင့် ပြောပြလေတော့သည်။

"အခုလို မင်္ဂလာပွဲ ကျင်းပနေတဲ့အချိန်မှာ လာရောက်အနှောင့်အယှက်ပေးရတာ ကျွန်တော်တို့ အများကြီး စိတ်မကောင်းပါဘူး၊ ဒါပေမယ့် တာဝန်နဲ့ဝတ္တရားအရ ဆိုတော့လည်း မလွှဲမရှောင်သာဆောင်ရွက်ကြရတာပါ"

ကျော်စွာက အသံမှန်မှန်နှင့် ပြောပြရာ အားလုံးက နားစွင့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"တခြားတော့ မဟုတ်ပါဘူး၊ အခု မင်္ဂလာပွဲ ကျင်းပနေတဲ့ သတို့သား သံပချိုင်ဟာ ကျွန်တော်တို့ အလိုရှိနေတဲ့ တရားခံတစ်ယောက်ပါပဲ"

"ဟယ်. . ."

"ဟာ. . . ဘယ်လိုဖြစ်တာလဲဟ"

ပရိသတ်များထံမှ အသံများ ထွက်ပေါ်လာသည်။

"သူက တခြားလူ မဟုတ်ဘူး၊ ရောရှာနဲ့ ကဒိုကနီ အမာတစ်ဝိုက်မှာ လူတွေ မသိအောင် ပစ္စည်းတွေ ခိုးယူနေတဲ့တရားခံပါပဲ၊ သူ အခု အသုံးပြုနေတဲ့ ရွှေငွေလက်ဝတ်ရတနာတွေကို စစ်ဆေးကြည့်ရင် အဖြေမှန် သိရပါလိမ့်မယ်"

ဟု ပြောသည်နှင့်ပင် လူကြားထဲမှာ ရောက်နေသော သံပချိုင်မှာ ပရိသတ်များကို အကာအကွယ်ယူပြီးနောက် အိမ်အနောက်ဘက်တောထဲသို့ ထွက်ပြေးသွားရာ ပုလိပ်များကလည်း ထပ်ကြပ်မကွာ လိုက်သွားကြသည်။

အတန်ကြာသောအခါ တောထဲမှ သေနတ်သံများကို အားလုံးကြားကြရလေတော့သည်။

ထမင်းရုံမှာ ထမင်းကျွေးနေကြသော နီမောင်၊ စောထီး၊ ငမဲအောင်၊ ကရင်ကြီး၊ ကုလားလေးတို့မှာ သံပချိုင်အတွက် စိတ်ပူသွားကြသည်။

ကျော်စွာက မင်္ဂလာပွဲအတွက် သံပချိုင် တင်တောင်းသောရွှေတစ်ဆင်စာ လက်ဝတ်ရတနာများကို တောင်းကြည့်ရာ ရွှေအစစ်များ မဟုတ်ဘဲ ရွှေတုများဖြစ်နေသည်ကို တွေ့ကြရသည်။

ထိုရွှေအတုများကို ဦးဗန်ကောင်း စီစဉ်ပေးလိုက်သောပစ္စည်း

www.burmeseclassic.com



မျှော်းဖြစ်ပြီး ရွှေတိုးထံမှ ယူသွားသောပစ္စည်းများပင်ဖြစ်လေတော့သည်။
သံပချိုင်အတွက် ရာဇဝတ်ဘေးက ပြေးမလွတ်သာခဲ့ချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

# မိန်းမလှာတောင်းသောသရဲ

**နောက်**ပိုင်းမှာတော့ သံပချိုင်၏သတင်းကို မကြားကြရတော့ပေ။

သူ့နောက်သို့ လိုက်သွားကြသောပုလိပ်များကလည်း သူ့ကို မဖမ်းမိခဲ့ကြပေ။

ၿငင်းတို့ပြောပြချက်အရ သံပချိုင်နောက်သို့ လိုက်သွားကြရာ တွေ့မြင်ကြသည်မှာ သေနတ်ဖြင့် ပစ်၍ဖမ်းဆီးရန် ကြိုးစားကြသည်။

သံပချိုင်မှာ သေနတ်ကျည်ဆန် ထိမှန်သွားပုံရှိသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



လဲကျသွားခြင်း မရှိဘဲ တောနက်အတွင်းသို့ ဆက်လက်ပြေးသွားလေသည်။

ထိုနေရာသို့ လိုက်ရှာကြရာ သွေးစက်များကိုသာ တွေ့ရသော်လည်း လူကိုတော့ မတွေ့ရတော့ပေ။

ထိုထက်ပိုဆိုးသည်က နောက်မှ လိုက်သွားသောပုလိပ်များမှာ တောနက်ထဲ ရောက်သည်နှင့် ကြောက်မက်ဖွယ်ကောင်းသော မကောင်းဆိုးဝါးများ ရောက်လာပြီး နှောင့်ယှက်ကြသောကြောင့် ပြန်ပြေးခဲ့ကြရသည်။

သံပချိုင်ကို လက်ရဖမ်းဆီးနိုင်ခြင်း မရှိသောကြောင့် စုံထောက်ကျော်စွာကတော့ မကျေမနပ်ဖြစ်နေလေသည်။

သို့သော်လည်း သံပချိုင် ပျောက်သွားပြီးသည့်နောက်ပိုင်းမှာတော့ ရေရွာ အပါအဝင် အနီးတစ်ဝိုက်မှာ ရှိကြသည့်ရွာများမှာ လူပျောက်ခြင်း၊ ပစ္စည်းပျောက်ခြင်း စသောအမှုအခင်းများ မဖြစ်ပေါ်တော့ပေ။

မင်္ဂလာပွဲ ပျက်သွားခဲ့ပြီးနောက်ပိုင်းမှာတော့ ခင်မြရီတို့လည်း အိမ်ရှေ့မှ ဈေးဆိုင်ကို ပိတ်လိုက်ကြရုံမက အိမ်တံခါးပါ အမြဲတစေ ပိတ်ထားပြီး အပြင်သို့ အသွားအလာပင် သိပ်မလုပ်ကြတော့ပေ။

သမီးအတွက် အရှက်ကြီးစွာ ရသွားသောကြောင့် အပြင်မထွက်ဝံ့ကြခြင်းလည်းဖြစ်ပေမည်။

နီမောင်လည်း မိမိနှင့် လုပ်ဖော်ကိုင်ဖက်ဖြစ်သော သံပချိုင်အတွက်ရော၊ သူ တစ်ဖက်သတ် မေတ္တာရှိနေခဲ့သော ခင်မြရီအတွက်ပါ စိတ်မကောင်းဖြစ်မိလေသည်။ သို့စေကာမူ သူ့အနေနှင့်တော့ နံဘေးမှ စိတ်မကောင်းဖြစ်မိရုံမှလွဲပြီး အခြားဘာမှမတတ်နိုင်တော့ပါချေ။

www.burmeseclassic.com



ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီး တစ်ပတ်ကျော်လောက် အချိန်ကြာမြင့်သောအခါ တောက်တာကုန်းရွာမှ ဦးငွေရတစ်ယောက် နီမောင်ရှိရာသို့ ရောက်လာလေတော့သည်။

"အော်. . . ဦးလေးပါလား၊ ဘာကိစ္စရှိလို့လဲ ဦးလေး"

"ငါတို့မိသားစုအဖြစ်ကတော့ မပြောချင်တော့ပါဘူးကွာ၊ သမီးအတွက် မင်္ဂလာပွဲ ပျက်သွားခဲ့လို့ မျက်နှာမပြဝံ့အောင် အရှက်ရနေတဲ့အထဲ နောက်ထပ်ပြဿနာတစ်ခုက ရှိနေပြန်ပြီ နီမောင်ရဲ့"

"ဘယ်လိုပြဿနာမျိုးလဲ ဦးလေး"

"အရင်ကတော့ မဖြစ်ခဲ့ဖူးပါဘူး၊ မင်္ဂလာပွဲ ပျက်သွားပြီး တစ်ပတ်လောက် ကြာတဲ့အချိန်မှာ ညဖက်ရောက်လာရင် သရဲခြောက်လိုက်တာ မပြောပါနဲ့တော့ကွာ၊ ညတိုင်းဆိုတော့ ငါတို့မိသားစုတွေ အိမ်ပေါ်မှာ မနေဝံ့အောင် ဖြစ်နေပြီ၊ အဲဒါ တဆိတ်လောက် အကူအညီပေးပါဦးကွာ"

ဟု ပြောသဖြင့် အံ့ဩသွားလေသည်။

"ကျွန်တော်တော့ ဒီလိုကိစ္စတွေ မသိဘူး ဦးလေး၊ ဆရာကြီးဦးဗန်ကောင်းနဲ့ တိုင်ပင်ကြည့်ရင် ကောင်းမယ်"

ဟု ပြောပြီး ဦးဗန်ကောင်းနေအိမ်သို့ ခေါ်သွားလေသည်။ ဦးငွေရက အကျိုးအကြောင်း ပြောပြသောအခါ ဦးဗန်ကောင်းက မှတ်ချက်ချသည်။

"အရင်က မဖြစ်ခဲ့ဖူးဘဲ အခုမှ ထူးထူးဆန်းဆန်း ညတိုင်း သရဲခြောက်နေတယ်ဆိုတော့ ခင်ဗျားတို့အိမ်မှာ အနှောင့်အယှက် တစ်ခုခု ရှိနေပုံရတယ်"

"လုပ်ပါဦး ဆရာကြီးရယ်၊ ကျွန်တော်တို့လည်း မကြုံတတ်

www.burmeseclassic.com



အောင် ဖြစ်နေလို့ပါ"

"ဒီလောက်လည်း စိတ်မပူပါနဲ့လေ၊ ကျုပ် လာပြီးအကူအညီပေးပါ့မယ်၊ ခင်ဗျားပြန်နှင့်ပါ၊ ညနေပိုင်းအချိန်လောက် ရောက်တော့မှ ကျုပ်နဲ့နီမောင်နဲ့ ခင်ဗျားတို့အိမ်ကို လာခဲ့ပါ့မယ်"

"ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်၊ ဆက်ဆက်သာ လာခဲ့ပါ၊ ညတိုင်းသာ အခြောက်ခံနေရရင်တော့ ကျွန်တော်တို့ မနေဝံ့တော့ဘဲ ပြောင်းပြေးကြရမှာ အသေအချာပါပဲ"

"လာခဲ့ပါ့မယ်. . . စိတ်ချလက်ချသာ ပြန်နှင့်ပါ"

ဟု ကတိပေးလိုက်တော့မှ ဦးငွေရတစ်ယောက် ပြန်သွားလေတော့သည်။

"အရင်က မခြောက်ဘဲ အခုမှ သရဲခြောက်တယ်ဆိုတော့ ဘယ်လိုဖြစ်တာလဲ အဘ"

ဦးဗန်ကောင်းက တမြုံ့မြုံ့ ဝါးနေသော ကွမ်းဖတ်များကို ထွေးထုတ်ပြီးမှ ပြောသည်။

"မဟုတ်မှလွဲရော. . . ငါ့အထင်ပြောရရင်တော့ သံပချိုင်တစ်ယောက် သေရှာပြီထင်တယ်"

"ပုလိပ်တွေ ပြောတော့ သူလွတ်သွားတယ် မဟုတ်လား"

"ဒဏ်ရာရသွားတယ်ဆိုတော့ တစ်နေရာမှာ သေချင်လည်းသေမှာပေါ့"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ အဘ"

"တခြားပရလောကသားတွေဆိုရင်တော့ ရှင်းပေးရတာ လွယ်ပါတယ်၊ တကယ်လို့ သံပချိုင်သာ မှန်ရင်တော့ ရှင်းရတာ နည်းနည်းခက်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လဲဟင်"

"သံပချိုင်က မင်းနဲ့ ရင်းနှီးနေတော့ နှင်ပစ်ရမှာ သနားစရာပေါ့ကွာ"

ထိုသို့ပြောသဖြင့် နီမောင်က ဘာမှပြန်မပြောတော့ပေ။ ဦးဗန်ကောင်း ပြောသကဲ့သို့ပင်. . .

သံပချိုင်အကြောင်း တွေးမိလျှင် ယခုတိုင်အောင် နီမောင်စိတ်ထဲမှာ စိတ်မကောင်းဖြစ်နေရဆဲပင်။

ညနေပိုင်းအချိန်ရောက်သောအခါ ဦးဗန်ကောင်းက ဆေးလွယ်အိတ်ကို ယူ၍ နီမောင်နှင့်အတူ တောက်တာကုန်းရွာဘက်သို့ ကူးခဲ့ကြသည်။

နီမောင်မှာ အကြောင်းကိစ္စရှိ၍သာ လိုက်လာရသော်လည်း ခင်မြရီနှင့် တွေ့ခွင့်ရမှာတော့ စိတ်မကောင်းသလိုဖြစ်နေမိသည်။

သူတို့ ရောက်သွားတော့ မိသားစုများက ဝမ်းသာအားရပင် ဆီးကြိုကြရုံမက ညနေစာနှင့်ပင် ဧည့်ခံကျွေးမွေးကြသည်။

ညဦးပိုင်းအချိန်ရောက်သောအခါ နီမောင်နှင့်ခင်မြရီတို့ နှစ်ယောက်က အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ ထိုင်ပြီးစကားပြောကြသည်။

"နင်တို့မိသားစုတွေအတွက် ငါစိတ်မကောင်းပါဘူး ခင်မြရီရယ်"

"ဒါကတော့ ကံစီမံရာအတိုင်းပေါ့ဟာ၊ ကံတရား မကောင်းလေတော့ နေရင်းထိုင်ရင်းနဲ့ အပျိုဘဝနဲ့ တစ်ခုလပ်ဘဝ ရောက်ရတာပေါ့၊ ဒါပေမယ့် ငါဝမ်းမနည်းပါဘူး"

နီမောင်က တစ်ချက်ကြည့်သည်။

"ဘာဖြစ်လို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ငါမှ သံပချိုင်ကို မချစ်တာ၊ မချစ်တဲ့လူနဲ့ တစ်သက်လုံး ကြိတ်မှိတ်ပြီး နေရမှာနဲ့စာရင် အခုလိုဘဝမျိုးနဲ့ နေရတာက ပိုကောင်းမှာပဲ"

နီမောင်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"နီမောင်. ."

"ဟင်. . ."

"ကံတရားက ဆန်းကြယ်သလို ဖူးစာကံ ဆန်းကြယ်တာရော နင်လက်ခံသလားဟင်"

"ငါက မကြုံဖူးတော့ သိပ်မသိဘူး"

"ဖူးစာကံမပါရင် ဘယ်လောက်နီးစပ်အောင် စီမံပေမယ့် အကြောင်းတစ်ခုခုနဲ့ ပျက်ရတာပဲ၊ သူနဲ့ငါနဲ့က ဖူးစာကံ ပါလာပုံ မရဘူး၊ လက်ထပ်ဖို့ နာရီပိုင်းအလိုမှာ ပျက်ကြရတယ်"

"နင့်မိဘတွေကတော့ စိတ်ကောင်းကြမှာ မဟုတ်ဘူး"

"အဖေနဲ့အမေတို့လည်း အခုတော့ နောင်တရသွားကြပြီနဲ့ တူပါတယ်၊ ငါ အမှန်အတိုင်း မေးမယ်. . . နင်ဖြေမလား"

"ဘာမေးမှာလဲ မေးလေ"

"ငါတို့ အခုလိုဖြစ်သွားတာ နင်စိတ်ထဲမှာ ဘယ်လိုခံစားရသလဲ ဟင်"

"နင့်အတွက် စိတ်မကောင်းဖြစ်နေမိတယ်"

"နောက်ပြီးတော့ရော. . ."

"ငါ. . ငါဘာပြောရမလဲ. . ဟင်"

"နင် ဝမ်းမသာဘူးလားဟင်"

နီမောင်က အမှောင်ရိပ်သမ်းစပြုနေပြီဖြစ်သော အိုးတောများ ရှိရာဘက်သို့ လှမ်းကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အမှန်အတိုင်းပြောရရင်တော့ ငါ နင့်ကို လက်လွှတ်ဆုံးရှုံးရမှာကို စိုးရိမ်မိပါတယ်၊ ဘာပဲဖြစ်ဖြစ် အခုလို ဖြစ်သွားတာကြောင့် သံပချိုင်အတွက် စိတ်မကောင်းဖြစ်မိပေမယ့် ငါ့ရင်ထဲမှာတော့ ဆုံးရှုံးခဲ့ရပြီလို့ထင်ထားခဲ့ရတဲ့ အရာဝတ္ထုတစ်ခုကို ပြန်ပြီး မျှော်လင့်လို့ရသလို ခံစားနေရပါတယ်"

ဟု ခပ်တိုးတိုး ပြောလိုက်ရာ ခင်မြရီ၏မျက်နှာပေါ်မှာ ကျေနပ်မှု အရိပ်အယောင်ကလေးများ ယှက်သန်းသွားလေသည်။

ညအမှောင်ရိပ်သန်းလာသောအခါ နှစ်ယောက်သား အိမ်အတွင်းသို့ ပြန်ဝင်ခဲ့ကြသည်။

ညဦးပိုင်းအချိန်ရောက်သောအခါ ဦးဗန်ကောင်း အိမ်ပတ်ဝန်းကျင်တစ်ဝိုက်သို့ ဆေးရည်များဖြင့် လိုက်ဖြန်းထားရုံမက ဆေးချည်ခင်များဖြင့်ပါ တားဆီးထားလေသည်။

ညဦးပိုင်းအချိန်ရောက်သောအခါ ခြံဝန်းအတွင်းမှာ သွားလာနေသော မည်းမည်းသဏ္ဍာန်များ၊ ခြေသံများကို မြင်ရကြားရလေသည်။

ဦးဗန်ကောင်းကတော့ ဆေးလွယ်အိတ်ကို နံဘေးနားမှာ ချထားပြီး ကွမ်းဝါးရင်း စောင့်နေသည်။

ဒေါ်ရွှေမှုံနှင့်ခင်မြရီတို့ကတော့ ကြောက်သဖြင့် အိမ်ခန်းထဲမှာ ဝင်နေကြသည်။

အပြင်ဘက် ကွပ်ပျစ်ပေါ်မှာတော့ ဦးဗန်ကောင်း၊ နီမောင်နှင့် ဦးငွေရတို့ စောင့်နေကြသည်။

အိမ်ထဲမှာတော့ ရေနံဆီမီးအိမ်တစ်လုံး ထွန်းထားပြီး အပြင်ဘက်မှာတော့ အလင်းရောင် မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း အုန်းတောများ၊ သစ်ပင်များကြားမှ ထိုးဖောက်ဆင်းလာသောလရောင်ကြောင့် အလင်းရောင် တစွန်းတစတော့ ရှိနေသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်သောအခါ ရွာအနောက်ဘက် သစ်တောများအတွင်းမှ ခွေးအူသံများ စတင်ကြားကြရသည်။

ထိုအသံများ ကြားသောအခါ ဦးငွေရမှာ မျက်လုံးပြူးသွားလေသည်။

"မကောင်းဆိုးဝါးတွေ လာတော့မယ်ထင်တယ်၊ ခါတိုင်းညတွေမှာတော့ ခွေးဟောင်သံ အူသံတွေ ကြားရပြီးရင် သူတို့ ရောက်လာလေ့ရှိတယ်"

အသံကတုန်ကယင်ဖြင့် ပြောသည်။

ပြောနေရင်းမှပင် အမှောင်ရိပ်ထဲမှ လှုပ်ရှားလာသော မည်းမည်းသဏ္ဍာန်များကို လှမ်းမြင်ကြရသည်။

ထိုသဏ္ဍာန်များမှာ အမှောင်ရိပ်များအတွင်းမှာ ခိုနေကြသော်လည်း ၎င်းတို့ပုံပန်းသဏ္ဍာန်များကို ဝိုးတဝါး လှမ်းမြင်ကြရသည်။

မြေပြင်ပေါ်မှာ လိမ့်လာသောသဏ္ဍာန်များ၊

သစ်ပင်များပမာ မည်းမည်းရှည်ရှည်များ

ကိုယ်လုံးသေးပြီး ခေါင်းက အဆမတန် ကြီးနေသောသဏ္ဍာန်များ၊

ဦးခေါင်းမပါဘဲ ခြေပြတ်လက်ပြတ်နှင့် သဏ္ဍာန်များ ခြံဝန်းအတွင်းသို့ ရောက်လာသော မကောင်းဆိုးဝါးများသည် ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် ဖန်ဆင်းပြီးနောက် ခြောက်လှန့်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ခြောက်လှန့်နေရုံဖြင့် မပြီးသေးဘဲ အိမ်အနီးသို့ တိုးကပ်လာရန်ပင် ထပ်မံကြိုးစားလာကြသည်။

သို့သော် ဦးဇန်ကောင်းက ဆေးဖြင့် စီရင်ထားသောကြိုးများ တားထားသောကြောင့် အနားကပ်၍မရဘဲ အဝေးမှ ခြောက်လှန့်နေကြလေသည်။

အတန်ငယ် ကြာသောအခါ ထိုကဲ့သို့သော ခြောက်လှန့်မှုများ တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားလေသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် ညဥ့်နက်ပိုင်းအချိန်သို့ ရောက်လာချေပြီ။

ထိုအချိန်ရောက်မှ အုန်းတောအတွင်းမှ လူတစ်ယောက် ထွက်လာလေတော့သည်။

အမှောင်ရိပ်ထဲမှ ထွက်လာကာစက မမှတ်မိကြသေးသော်လည်း မနီးမဝေး ရောက်လာတော့မှ သံပချိုင်ဖြစ်မှန်း သိကြရလေတော့သည်။

"ဟင်. . . သံပချိုင်"

နီမောင်က ခပ်တိုးတိုး ရေရွတ်လိုက်သည်။

"ဘယ်သူမှ ကျုပ်တားထားတဲ့ စည်းအပြင်ကို ထွက်မသွားကြနဲ့ ဒီသူ့ သာမန်လူသားတစ်ယောက်မှန်ရင် စည်းကြိုးကို ကျော်ပြီး ဝင်လာမှာ သေချာတယ်"

ဟု ဦးဇန်ကောင်းက ခပ်တိုးတိုး မှာထားသည်။

သံပချိုင်မှာ မင်္ဂလာဆောင်သောနေ့က ဝတ်ဆင်ထားသော အဝတ်အစားများနှင့်ပင်ဖြစ်သော်လည်း အရောင်အဆင်း မပေါ်တော့ဘဲ ညစ်ပတ်ပေရေလျက်ရှိနေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သံပချိုင်က တဖြည်းဖြည်းနှင့် ရှေ့တိုးလာသည်။

နီမောင်က သူ့မျက်နှာကို လှမ်းကြည့်သော်လည်း ကောင်းစွာ မမြင်ရပေ။

သို့သော် သာမန်ရုပ်မျိုး မရှိတော့သည်ကိုတော့ ရိပ်မိလေသည်။

သံပချိုင်မျက်နှာမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသောကြောင့် မမြင်သာအောင် တစ်စုံတစ်ခုဖြင့် ဖုံးကွယ်ထားဟန်ရှိလေသည်။

သံပချိုင်က တရွေ့ရွေ့ လျှောက်လာနေရင်းမှ ဦးဇန်ကောင်း တားထားသောဆေးကြိုးအနီးသို့ ရောက်သောအခါ တန့်သွားလေသည်။

သူ ရှေ့တိုးမလာနိုင်မှန်း သိတော့ ဦးဇန်ကောင်းက နေရာမှ ထသွားသည်။

နီမောင်ကပါ နောက်မှ လိုက်သွားသည်။

"မင်းဘာလာလုပ်တာလဲ သံပချိုင်"

"ကျုပ်မိန်းမကို လာခေါ်တာ"

အသံသြသြကြီးနှင့် ပြန်ပြောသည်။

"မင်းမိန်းမက ဘယ်သူလဲ"

"ခင်မြရီ"

"ခင်မြရီက မင်းမိန်းမမှ မဟုတ်သေးတာ၊ မင်းတို့နှစ်ယောက်က လက်မှ မထပ်ရသေးတာ၊ ဒါကြောင့် မင်းမိန်းမ မဟုတ်တော့ဘူး"

"ဒါဖြင့် ကျုပ်ပေးထားတဲ့ပစ္စည်းတွေ ပြန်ပေးပါ"

"မရှိတော့ဘူးကွ. . . မင်းပစ္စည်းတွေက ခိုးရာပါပစ္စည်းတွေ ဆိုတော့ ပုလိပ်တွေက အားလုံးသိမ်းသွားပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



သံပချိုင်က ဘာမှမပြောတော့ဘဲ အတန်ကြာအောင် ငြိမ်ပြီး ရပ်နေလေသည်။

“သံပချိုင်. . . မင်းက အရင်ဘဝမျိုး မဟုတ်တော့ဘူး၊ ဘဝခြားနေပြီ၊ ဒါကြောင့် လူတွေကို အနှောင့်အယှက် မပေးတော့ဘဲ လွတ်ရာကျွတ်ရာ သွားပေတော့”

ဟု ပြောသောအခါ အသံသြသြကြီးဖြင့် ပြန်ပြောလေသည်။

“ကျုပ်သွားချင်ပေမယ့် သွားလို့မရသေးဘူး”

ထိုသို့ပြောပြီး အမှောင်ထဲသို့ ပြန်ဝင်သွားလေတော့သည်။သူ ပြန်သွားပြီးနောက်မှာတော့ မည်သည့်လှုပ်ရှားမှုများမှ မရှိတော့ဘဲ ငြိမ်သက်သွားလေတော့သည်။

“သံပချိုင်တစ်ယောက်တော့ သေသွားရှာပြီ”

ဦးဇန်ကောင်းက စိတ်မကောင်းသောအသံဖြင့် ခပ်တိုးတိုး ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

# ကြောက်မက်မွယ်ရာ လောဘရန်စွယ်

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီးနောက်ပိုင်း ရက်အတန်ကြာသည်အထိ သံပချိုင်နှင့် ပတ်သက်သောသတင်းများကို မကြားကြရပြန်ပေ။

နီမောင်တို့လည်း ပင်လယ်ပြင်ထွက်ပြီး သားငါးရှာဖွေရန် ပြင်ဆင်နေကြသည်။

တစ်ညမှာတော့ အိပ်မက်,မက်နေသလိုလိုနှင့် သံပချိုင်ကို ပြန်တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သံပချိုင်မှာ ယခင်ကလို ရုပ်မျိုး မရှိတော့ဘဲ ကြောက်မက်ဖွယ်ရာ ရုပ်ဆင်းအင်္ဂါမျိုး ဖြစ်နေချေပြီ။

"နီမောင်. . ."

နောက်ဘက်မှ အသံသြသြကြီးနှင့် ခေါ်သံကြားသောကြောင့် လှည့်ကြည့်လိုက်သည်။

အမှောင်ရိပ်ထဲမှာ မားမားကြီး ရပ်နေသော မည်းမည်း သဏ္ဍာန်ကြီးကို တွေ့ရသည်။

"သံပချိုင်လား"

"ဟုတ်ပါတယ်ကွာ. . . ငါ သံပချိုင်ပါ"

"မင်းဘယ်လိုဖြစ်သွားရတာလဲကွာ"

"ငါ့နောက်ကို ပုလိပ်တွေ လိုက်ပြီး သေနတ်နဲ့ ပစ်ကြလို့ ကျည်ဆန်ထိသွားတယ်၊ ဒါပေမယ့် ငါ သူတို့လက်က လွတ်အောင် ပြေးနိုင်ခဲ့တယ်"

နီမောင်က အံ့သြနေသည်။

"ဒါဖြင့်. . ."

"တစ်နေရာရောက်တော့ အဲဒီဒဏ်ရာနဲ့ပဲ သေသွားခဲ့ပါတယ်၊ ငါ မင်းတို့ ရှိရာနောက်ကို ပြန်မလာနိုင်တော့ပါဘူး"

"ဖြစ်ရလေကွာ"

"ငါ့အပြစ်နဲ့ငါပေါ့ကွာ. . . ဘာတတ်နိုင်ပါ့မလဲ၊ အခု ငါလာတာ မင်းကို ပြောစရာရှိလို့ပါ"

"ပြောကွာ. . . ငါလုပ်ပေးနိုင်တာရှိရင် လုပ်ပေးပါ့မယ်"

"တခြားတော့ မဟုတ်ပါဘူး၊ ခင်မြရီနဲ့ မင်္ဂလာဆောင်တဲ့အခြေအနေထိ ရောက်ခဲ့ကြပေမယ့် သူက ငါ့အပေါ်မှာ လုံးဝမနှစ်သက်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေက အတင်းစီစဉ်လို့သာ လက်ခံခဲ့ရတာပါ၊ သူ တကယ်မေတ္တာ ရှိနေတာ မင်းဆိုတာကို ငါ နောက်မှ သိခဲ့ရတာပါ"

နီမောင်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"မင်းအပေါ်မှာ ငါ ဘယ်လိုမှ သဘောမထားပါဘူးကွာ"

"ဒါပေမယ့် လူတစ်ယောက်ဆီက မေတ္တာကို ဖွတ်အတင်း လုယူလို့ မရဘူးဆိုတာ ငါသိခဲ့ရတယ်၊ မင်းအပေါ်မှာ ခင်မြရီ အတော့်ကို သံယောဇဉ်ရှိရှာပါတယ်၊ သူနဲ့ လက်ထပ်နိုင်အောင် မင်းကြိုးစားပါကွာ"

နီမောင်က ဘာမှပြန်မပြောပေ။

"နောက်ပြီး မင်းကို အကူအညီတောင်းစရာရှိလို့ ငါလာခဲ့တာပါ"

"ငါက ဘာအကူအညီပေးရမလဲ"

"တောထဲမှာ သေနေတဲ့ ငါ့အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ပေးပါ၊ ငါ့အတွက် ကောင်းမှုတစ်ခုခု လုပ်ပြီး အမျှဝေပေးပါကွာ"

"ငါလုပ်ပေးပါ့မယ်"

"နောက်တစ်ခုက ငါ့ကိုယ်မှာ ဝှက်ထားတဲ့ မော်ဝိညာဉ်အမြု တေကို ရှာပြီး မူလနေရာကို ပြန်ပို့ပေးပါ၊ ဒါ့အပြင် မကောင်းမှုနဲ့ ငါ ရှာထားတဲ့ ရွှေငွေပစ္စည်းတွေကို တစ်နေရာမှာ ဝှက်ထားတာ ရှိပါတယ်"

"မင်းဘယ်နေရာမှာ ဝှက်ထာတာလဲ"

"ငါနေခဲ့တဲ့ တဲနောက်ဘက်မှာ ရှိတဲ့ ကမ္ဘလာပင်ကြီးနဲ့ သစ်ခေါင်းကြီးအတွင်းမှာ ဝှက်ထားပါတယ်၊ အဲဒီပစ္စည်းတွေကို ဖော်ပြီး ကာယကံရှင်တွေလက်ထဲ ရောက်အောင်ပြန်ပို့ပေးပါ"

"ဘယ်ပစ္စည်းက ဘယ်သူပိုင်တယ်ဆိုတာ ငါမှ မသိတာ၊ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ိုပေးရမလဲ"

"ငါ စာရင်းတွေ မှတ်ထားတာ ရှိပါတယ်၊ မင်းအနေနဲ့ အဲဒီ ာရင်းတွေ ကြည့်ပြီး ပေးရင် ရပါတယ်၊ တချို့လည်း လျော့တန်သရွေ့ လျှော့နေရောပေါ့"

"ကောင်းပါပြီ. . . မင်းမှာတဲ့အတိုင်း ငါလုပ်ပေးပါ့မယ်၊ မင်း ိတ်ဖြောင့်ဖြောင့်နဲ့ ဒီဘဝက ကျွတ်လွတ်အောင်သာ ကြိုးစားပါ၊ ဒါ ပက် တောနက်ထဲမှာ ရှိတဲ့ မင်းအလောင်းကို ရှာဖွေတဲ့အခါ မင်း ာမ်းပြပေးနိုင်ရင် ပိုဆင်ပြေမယ်"

"မင်းတို့ သွားရင် ငါလမ်းပြပေးပါ့မယ်"

ဟု ပြောပြီး မည်းမည်းသဏ္ဌာန်ကြီးက တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားလေတော့သည်။

နီမောင်လည်း အိပ်မက်မှ လန့်နိုးလာရာ တစ်ညလုံး ထို ာကြောင်းများကို တွေးမိပြီး ပြန်အိပ်မရတော့ပေ။ သံပချိုင် ပြောသွား သောအကြောင်းများထဲမှာ သူ့အတွက် စိတ်မကောင်းစရာများ ပါသလို ကျေနပ်စရာများလည်း ပါလေသည်။

စိတ်မကောင်းစရာများကတော့ သိဒ္ဓိစွမ်းအားရှိသောပစ္စည်းကို ာ်ကောင်းထောက်မစွာ ရရှိခဲ့ပြီးမှ အကျိုးရှိသောနေရာများမှာ အသုံး ချနိုင်ခဲ့သောကြောင့် သံပချိုင်အတွက် စိတ်မကောင်း ဖြစ်ရခြင်းပင် ဖြစ်၏။

စိတ်ကျေနပ်စရာကောင်းသောအချက်ကတော့ ခင်မြရီတစ် ယောက် သူ့အပေါ်မှာ မေတ္တာရှိနေသည်ကို သိရသောကြောင့်ပင်ဖြစ် သည်။

နောက်တစ်နေ့တွင် တောထဲသို့ သွားလေသည်။ သူနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



စောထီးနှင့်ငမဲအောင်တို့လည်း အဖော်လိုက်လာကြသည်။

ခါးလုံ့များအပြင် အလောင်းတွေ့သောအခါ မြှုပ်နှံရန် တူရွင်း ပေါက်ပြားတို့ကို ယူလာခဲ့ကြသည်။

"သူ့အလောင်းကို ငါတို့က ဘယ်နေရာမှာ ရှာကြရမှာလဲ" စောထီးက မေးသည်။

"စိတ်မပူနဲ့. . . တောထဲ ရောက်တဲ့အခါ သူကိုယ်တိုင် လမ်းပြ ပေးလိမ့်မယ်"

ဟု နီမောင်က ပြောသောအခါ ကျန်နှစ်ယောက်တို့မှာ မျက်လုံး ပြူးသွားကြလေတော့သည်။

တောထဲသို့ ရောက်သောအခါ နီမောင်က အသံကျယ်ကျယ် ဖြင့် အော်လိုက်လေသည်။

"သံပချိုင်ရေ. . . ငါတို့ လာပြီဟေ့၊ မင်းရှိတဲ့နေရာ ရောက် အောင်သာ လမ်းပြပေးတော့ဟေ့"

နီမောင်အော်သံက တောတွင်း၌ ပဲ့တင်ထပ်သွားလေသည်။ သူ၏အော်သံပျောက်သွားသောအခါ အတန်ကြာအောင် တိတ်ဆိတ် ငြိမ်သက်သွားလေသည်။

အတန်ကြာတော့မှ ၎င်းတို့ ရောက်နေသောနေရာနှင့် မနီး မဝေးနေရာမှာ ရှိနေသောသစ်ကိုင်းများ လှုပ်ယမ်းသွားသည်ကို လှမ်း မြင်ကြရသည်။

လေမတိုက်ဘဲ တစ်နေရာတည်း ကွက်ပြီးလှုပ်သွားခြင်းဖြစ်၏။

"ဟိုမှာ လမ်းပြနေပြီ၊ အဲဒီဘက်ကို သွားကြမယ်"

နီမောင်တို့သုံးယောက်က ထိုနေရာသို့ ရောက်သောအခါ တစ် နေရာမှ သစ်ပင်သစ်ကိုင်းများ လှုပ်ပြပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံမှာ လူမမြင်ရသော်လည်း သစ်ပင်များကို လက်ဖြင့် ဖယ်သွားသည်ကို မြင်ရသည်။

ထိုသို့သွားရာမှာ လူ့အရပ်နှင့် သုံးလေးပြန် မြင့်သော သစ်ပင်များပင် လှုပ်ယမ်းသွားသည်ကို မြင်သောအခါ ရှေ့မှ သွားနေသော သံပချိုင်၏အရပ်အမောင်း မညီမျှမြင့်မားသည်ကို ခန့်မှန်း မိကြသည်။

စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်မှာ ထိုအခြေအနေကို မြင်သော်လည်း ထိတ်လန့်ကြောက်ရွံ့ကြခြင်း မဖြစ်မိကြပေ။

ဤသို့ဖြင့် တဖြည်းဖြည်းနှင့် တောနက်တွင်းသို့ ရောက်ရှိလာကြလေသည်။

ထိုတောနက်တွင်း ရောက်သောအခါ ရှေ့မှ သွားနေသော လှုပ်ရှားမှုများကို မတွေ့ကြရတော့ဘဲ ငြိမ်သက်သွားလေတော့သည်။

"ဘယ်ရောက်သွားပြီလဲ နီမောင်"

"မသိဘူး. . . အသံပြုကြည့်ရမှာပဲ၊ သံပချိုင်ရေ. . . မင်းဘယ်နေရာမှာလဲဟေ့၊ ငါတို့ ရောက်လာပြီ"

ဟု အော်လိုက်သောအခါ တောရိပ်များကြောင့် ပဲ့တင်သံများ ပေါ်လာလေသည်။

အတန်ကြာတော့မှ တစ်နေရာဆီမှ အသံများ ပြန်ပေါ်လာသည်။

"ငါ ဒီဘက်မှာဟေ့"

ထိုအသံမှာ သူတို့ ရောက်နေသောနေရာနှင့် မဝေးလှပေ။

သို့ကြောင့် ထိုအသံကြားရာဘက်သို့ လာကြလေသည်။

တစ်နေရာရောက်သောအခါ မင်္ဂလာဆောင်မည့်နေ့က အဝတ်အစားများနှင့် သေဆုံးနေသော သံပချိုင်အလောင်းကို တွေ့ကြ

www.burmeseclassic.com

www.burmeseclassic.com



ရသည်။

သံပချိုင်အလောင်းမှာ သေဆုံးနေတာ ရက်အတန်ကြာပြီဖြစ်သောကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေချေပြီ။

"စိတ်မကောင်းစရာပဲ"

"ဘယ်တတ်နိုင်ပါ့မလဲကွာ. . . ကံတရားအတိုင်းပေါ့"

"သူပြုခဲ့တဲ့ မကောင်းမှုကံအတိုင်း ပြန်ခံရတယ်ဆိုရင်လည်း မမှားဘူးပေါ့ကွာ"

"ဘယ်လိုလုပ်ကြမလဲ"

"သူ့ကိုယ်ပေါ်မှာ မှော်ဝိဇ္ဇာဥ်အမြုတေ ရှိတယ်၊ အဲဒါတို့ အရင်ရှာယူရမယ်၊ ပြီးမှ သူ့အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ရမယ်"

"ဖြစ်ပါ့မလား. . . ပုလိပ်တွေ သိရင် ငါတို့ကို ပြဿနာ ရှာနေမလား"

"သူတို့လည်း တရားခံ သိသွားပြီဆိုတော့ ဒီလောက်ဂရုမစိုက်ကြတော့ပါဘူး၊ သူ့ခမျာ သေသွားခဲ့ပြီပဲ၊ အေးအေးဆေးဆေး နေပါစေတော့"

"ဟုတ်တော့လည်း ဟုတ်ပါတယ်လေ၊ အခုလည်း အရင်လို ရာဇဝတ်မှုတွေ ရှိတော့တာမှ မဟုတ်တာ"

"ကဲ. . . ဒီတော့ မင်းတို့နှစ်ယောက်က မြေကျင်းနက်နက် တူးထားကြ၊ ငါ သူ့ကိုယ်ပေါ်က အမြုတေ ရှာလိုက်ဦးမယ်"

ဟု ပြောပြီး နီမောင်က သံပချိုင်ကိုယ်နေရာအနှံ့သို့ ရှာဖွေကြည့်သည်။

သံပချိုင်ကိုယ်ပေါ်မှာ သေနတ်ကျည်ဆန် ထိမှန်ထားသော ဒဏ်ရာအချို့ကိုလည်း တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဒဏ်ရာများနှင့်ပင် အသက်သေဆုံးခဲ့ရခြင်းဖြစ်ပေလိမ့်မည်။

နီမောင်စိတ်ထဲမှာတော့ သူလိုချင်သောခင်မြရီနှင့် လက်ထပ်ကာနီးရောက်မှ အသေဆိုးနှင့် သေခဲ့ရသော သံပချိုင်အတွက် စိတ်မကောင်းဖြစ်မိလေသည်။

ထို့နောက်မှာတော့ သံပချိုင်၏လည်ပင်းတစ်နေရာမှာ ကြိုးဖြင့်ဆွဲထားသော အိတ်ရှုံ့ကလေးတစ်လုံးကို တွေ့ရသဖြင့် ဖြုတ်ယူလိုက်သည်။

ထိုအိတ်ရှုံ့ကလေးအတွင်းမှာတော့ သူ့ကို ထိုကဲ့သို့ဘဝမျိုးနှင့်အဆုံးသတ်အောင် ဖန်တီးသွားခဲ့သော မှော်ဝိဇ္ဇာဥ်အမြုတေကို တွေ့ရလေသည်။

ထိုမှော်ဝိဇ္ဇာဥ်အမြုတေ၏အစွမ်းမှာ ထိုအမြုတေဖြင့် စီရင်ထားသောဆေးဖြင့် တို့ခေါ်သွားလျှင် ထိုသို့အခေါ်ခံရသူမှာ အိပ်မွေ့ချခံရသကဲ့သို့ဖြစ်ပြီး သူခေါ်ရာနောက်သို့ တကောက်ကောက် လိုက်သွားရလေတော့သည်။

သံပချိုင်မှာ ထိုအမြုတေကို ရပြီးနောက်မှာ မကောင်းဆိုးဝါးများ၏အကူအညီကိုလည်း ရရှိလေသည်။

နောက်ဆုံး အမြုတေ၏မူလပိုင်ရှင်ဖြစ်သော နတ်ဆရာ ဇာလာဟီး၏စိတ်ဝိဇ္ဇာဥ်ပင် ရောက်လာပြီး အကူအညီပေးတတ်လေသည်။

ထိုသို့ အကူအညီပေးသဖြင့် ဘယ်ပုံဘယ်နည်း စီရင်ပြုပြင်ရမည်ကို သိရခြင်းဖြစ်၏။

သူသည် ရွှေလက်ဝတ်လက်စား ဝတ်ထားသူတစ်ယောက်၊ သို့မဟုတ် ငွေများများပါသူတစ်ယောက် တွေ့လျှင် ရုပ်ချက်ပြီး အနားကပ်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး 'ဆေးဖြင့် တို့လိုက်လေသည်။

အတို့ခံရသူက မူလစိတ် ပျောက်သွားသောအခါမှ လူရှင်းသောနေရာ ခေါ်သွားပြီး ရွှေနှင့်ငွေများကို ယူသွားလေ့ရှိသည်။

သူ ထွက်သွားသော်လည်း ဆေးဖြင့် အတို့ခံရသူက တစ်ရက်နှစ်ရက်အထိ မူလစိတ်မရောက်ဘဲ ရှိလေသည်။

ထို့ကြောင့် အချို့ဆိုလျှင် နှစ်ရက်သုံးရက်ကြာသည်အထိ အိမ်ပြန်မရောက်လာကြပေ။

အကယ်၍ အိမ်သို့ ပြန်ရောက်လာလျှင်လည်း သတိမေ့နေသူ့ပမာ ဘာတစ်ခုမှ မေး၍မရနိုင်တော့ပေ။

သံပချိုင်မှာ နောက်ပိုင်းတော့ ထိုကဲ့သို့ မလုပ်တော့ပေ။

လူများကလည်း သတိနှင့် နေလာကြသောကြောင့် အလွယ်တကူ ပြုလုပ်၍မရတော့ပေ။

ထိုအခါ အချိုကြီး ရနိုင်မည့် ရွှေတိုးကဲ့သို့ သူဌေးသားမျိုးကို သားကောင်အဖြစ် အသုံးပြုရန် ပစ်မှတ်ထားလေတော့သည်။

ထိုအကြံအစည်ဖြင့် ရွှေတိုးကို အမိဖမ်းပြီးနောက်တွင် ပစ္စည်းယူထားရုံမကဘဲ မှော်ဝိဇ္ဇာဥ်အမြုတေဆေးကိုပါ ရွှေတိုးကိုယ်ပေါ်၌ ထိုးပေးလိုက်သည်။ သူလိုချင်သောအချိန်တွင် မှော်ဝိဇ္ဇာဥ်ကို စေလွှတ်ပြီး ပစ္စည်းအယူခိုင်းရာ ရွှေတိုးကလည်း အိမ်မှာ ရှိသော ရွှေငွေ စသည်တို့ကို ယူပေးခဲ့ရလေသည်။

ထိုနောက်တွင် ဦးဗန်ကောင်းက တရားခံကို သိရစေရန် ရွှေကျော်များ ထည့်ပေးထားသောအထုပ်ကို ထည့်ပေးလိုက်သည်။

သံပချိုင်က ရွှေတုမှန်း မသိသောကြောင့် မင်္ဂလာဆောင်ရန်ပြင်သောအခါ လက်ဖွဲ့ပစ္စည်းအဖြစ် တင်တောင်းရာမှ သိလွန်စ ပေါ်ခဲ့

www.burmeseclassic.com



ခြင်းဖြစ်၏။

နောက်ပိုင်းမှာတော့ ဦးဗန်ကောင်းက ရွှေတိုးကို ဆေးဖြင့် ကုသပေးလိုက်ရာ အစီအရင်ဆေးများ ပြယ်သွားပြီးနောက်တွင် သံပချိုင် စေခိုင်းသည့်အတိုင်း မရတော့ပေ။

သံပချိုင်ကလည်း သူ့ဗာကြောင်းများကို ရိပ်မိသွားသည်ကို သိသွားသောအခါ ထိုအလုပ်များကို ဆက်မလုပ်တော့ဘဲ ခင်မြရီနှင့် လက်ထပ်ပြီးလျှင် အခြားတစ်နေရာသို့ ရွှေပြောင်းလုပ်ရန် စိတ်ကူးပေါ် ပြီး ခင်မြရီနှင့် လက်ထပ်ရန် ကြံစည်လေတော့သည်။

သို့သော် သူ၏အကြံအစည် မအောင်မြင်ခင်အချိန်မှာပင် စုံထောက်ကျော်စွာက ဦးဗန်ကောင်း၏အကူအညီဖြင့် သူ့ကို ခြေရာခံမိ သွားပြီးနောက် ယခုကဲ့သို့ အဖြစ်ဆိုးမျိုးနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်ပေ တော့သည်။

နီမောင်က လက်ထဲမှာ ကိုင်ထားသော အမြုတေ ကျောက် ကလေးကို ကြည့်ပြီး သံပချိုင်နှင့် ပတ်သက်သောအကြောင်းများကို စိတ်မကောင်းစွာ တွေးတောနေမိသည်။

"နီမောင်. . . မင်းလိုချင်တာ ရှာလို့တွေ့ပြီလား၊ ဒီမှာ ကျင်း တူးပြီးပြီ"

ငမဲအောင်က သတိပေးလိုက်တော့မှ အတွေးစကို ရပ်လိုက် သည်။

"အေး. . . ပြီးရင် အလောင်းကို မြေကြီးထဲ ထည့်ပြီး မြှုပ်လိုက် ကြရအောင်"

ဟု ပြောပြီး သုံးယောက်သား သံပချိုင်အလောင်းကို မြေကျင်း ထဲသို့ ထည့်ပြီး မြှုပ်လိုက်ကြလေသည်။ ထိုသို့မြှုပ်နေရင်းမှပင် ပင်

www.burmeseclassic.com



လယ်ပြင်မှာ အလုပ်လုပ်ကြစဉ်က သံပချိုင်နှင့်အတူ တပျော်တပါး ရှိခဲ့ကြပုံများကို ပြန်သတိရပြီး သုံးယောက်စလုံး စိတ်မကောင်းဖြစ်ကြရသည်။

အားလုံးပြီးသောအခါမှ မောင်ကက ပြောသည်။

"တကယ်တော့ အရင်ကလို ပင်လယ်ပြင်မှာ ငါးရှာပြီး အေးအေးနေမယ်ဆိုရင် သူ အခုလို ဖြစ်မှာမဟုတ်ဘူး၊ အခုတော့ လောဘဇောတွေနဲ့ မလုပ်သင့်တာတွေ လုပ်ခဲ့မိလို့ အခုလို ဖြစ်ခဲ့ရတာပဲ၊ ပင်လယ်ပြင်မှာ တွေ့ရတဲ့ အန္တရာယ်တွေကို နည်းအမျိုးမျိုးနဲ့ ရှောင်နိုင်ခဲ့ပြီး လောဘရန်စွယ်နဲ့ တွေ့တော့မှပဲ မရှောင်နိုင်ခဲ့လို့ ဘဝဆုံးရတာပဲ"

"ဒါပေါ့ကွာ. . . ရန်တကာ့ရန်တွေထဲမှာ လောဘရန်စွယ်ဟာ ကြောက်စရာအကောင်းဆုံးဆိုတာ ငါတို့တတွေ သင်ခန်းစာ ယူစရာပဲပေါ့"

ဟု ပြောဆိုကြရင်းနှင့် သုံးယောက်သား တောထဲမှ ပြန်ခဲ့ကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၂)

# ပွးတာခံကြသူများ

ပင်လယ်ထဲမှ ကျွန်းရှိရာသို့ သွားရန်ပြင်သောအခါ ဦးဗန်ကောင်းလည်း လိုက်ခဲ့မည်ဖြစ်သည်။

ထို့ပြင် ကရင်ကြီးနှင့်ကုလားလေးတို့နှစ်ယောက်ပါ လိုက်ကြမည်ဖြစ်သောကြောင့် ငါးဖမ်းလှေတစ်စင်းတည်းနှင့် စုပေါင်းသွားကြရန် ပြင်ကြလေသည်။

နောက်တစ်နေ့မနက်ပိုင်းမှ ပင်လယ်ထွက်ကြရန် စီစဉ်ထားကြစဉ်မှာ ညအချိန်ရောက်သောအခါ သံပချိုင်ဝိညာဉ်နှင့် တွေ့ရပြန်သည်။

"ငါလည်း လိုက်ခဲ့မယ် နီမောင်"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဒီတောထဲမှာ မနေဘဲ ပင်လယ်ထဲကကျွန်းကို ဘာကြောင့် လိုက်မှာလဲ"

"ငါ့ကို နတ်ဆရာက သူနဲ့ ကျွန်းမှာ လာနေရမယ်လို့ ခေါ်နေတယ်၊ ဒါကြောင့် သွားနေရမှာ"

"ဒီလိုဆိုတော့လည်း လိုက်ခဲ့ပေါ့ကွာ"

ဟု အလွယ်တကူပင် ပြောလိုက်သည်။

နောက်တစ်နေ့ လှေထွက်ရန် ပြင်သောအခါ နီမောင်တို့က အားလုံးခြောက်ယောက်ဖြစ်သည်။ နီမောင်၊ စောထီး၊ ငမဲအောင်၊ ဦးဇန်ကောင်း၊ ကရင်ကြီး၊ ကုလားလေးတို့ ဖြစ်သည်။

လှေထွက်ကာနီးတော့ နီမောင်က ဝတ္တရားရှိသည့်အတိုင်း ခေါ်သည်။

"သံပချိုင်ရေ. . . ငါတို့ သွားတော့မယ်ဟေ့၊ မင်းလိုက်မယ်ဆိုရင် လှေပေါ် တက်တော့"

ထိုသို့ပြောလိုက်သည်နှင့် လှေဦးပိုင်းတစ်ခုလုံး ရေထဲသို့ ဝပ်ကျသွားရာ မြုပ်လုမြုပ်ခင်ဖြစ်သွားတော့သည်။

"ဟဟ. . လှေမြုပ်တော့မယ်. . . ဖြစ်ပါ့မလား"

ထိုသို့ပြောကြသဖြင့် နီမောင်က ထပ်ပြောလိုက်သည်။

"သံပချိုင်ရေ. . . လှေဦးက သိပ်လေးနေတော့ လှေထွက်လို့ မရတော့ဘူး၊ လှေပဲ့ပိုင်းကို ရွှေ့ကွာ"

ထိုအခါမှ အခြေအနေက ပိုဆိုးသွားလေတော့သည်။

ပင်လယ်သို့ ငါးဖမ်းထွက်သောလှေများမှာ ဦးပိုင်းကောင်ပြီး ပဲ့ပိုင်းနိမ့်သော လှေအမျိုးအစားများဖြစ်ကြလေရာ သံပချိုင် ပဲ့ပိုင်းရွှေ့သွားသည်နှင့် လှေက ရေအောက်သို့ စုံးစုံးနစ်မြုပ်သွားလေရာ အားလုံး

www.burmeseclassic.com



ဆင်းပြေးရတော့သည်။

"ဒီအတိုင်းတော့ မဖြစ်ဘူး၊ လှေကြီးကြီးတစ်စင်းငှားပြီး သွားရတော့မယ်"

ဟု ပြောပြီး ဦးဗန်ကောင်းက ဦးရင်စိန်ထံသို့ သွားပြီး အတူအညီတောင်းရာ စက်လှေတစ်စင်း ငှားလိုက်သောကြောင့် ထိုစက်လှေဖြင့် သွားမှ အဆင်ပြေသွားကြလေသည်။ စက်လှေဖြင့် သွားသောကြောင့် ခရီးတိုတိုနှင့် ရောက်သွားကြလေတော့သည်။

ကျွန်းသို့ ရောက်ပြီး ကျွန်းပေါ် တက်သောအခါမှာတော့ ဦးဗန်ကောင်းအပါအဝင် လေးယောက်ပါ တက်ကြလေသည်။

နတ်ဆရာအလောင်း ရှိရာသို့ ရောက်သောအခါ တိရစ္ဆာန်များ ဖျက်ဆီးထားသောကြောင့်အရိုးများပင်တစ်စစီဖြစ်နေချေပြီ။

နီမောင်မျက်စိထဲမှာတော့ ပုပ်နေသော နတ်ဆရာအလောင်းကိုယ်ထဲမှာ ရှိသည့် မှော်ဝိဇ္ဇာဥ်အမြုတေကို လာရောက်ယူစဉ်က အဖြစ်အပျက်များကို ပြန်လည်သတိရမိလေသည်။

ထိုစဉ်က ပရလောကသား မကောင်းဆိုးဝါးတို့၏ခြောက်လှန့်နှောင့်ယှက်မှုများနှင့် ကြုံတွေ့သော်လည်း ယခုတစ်ချိန်မှာတော့ မည်သည့်အနှောင့်အယှက်များမှ မတွေ့ရပေ။

သံပချိုင် ဆန္ဒရှိသည့် နီမောင်ယူလာသော မှော်ဝိဇ္ဇာဥ်အမြုတေကို နတ်ဆရာအလောင်း ရှိသောနေရာမှာပင် မြေကျင်းတူးပြီး မြှုပ်ပစ်လိုက်ကြလေသည်။

ထိုကျွန်းမှ သူတို့ပြန်ထွက်သောအချိန်မှာ ညနေပိုင်း နေဝင်ရီတရောအချိန်ဖြစ်သည်။

စက်လှေပြန်ထွက်သောအခါ ကျွန်းစပ်မှာ ရပ်နေသော ပုံရိပ်

www.burmeseclassic.com



သဏ္ဍာန်တစ်ခုကို အားလုံးလှမ်းမြင်လိုက်ကြရသည်။

အခြားမဟုတ်ပေ။ သံပချိုင်၏ဝိညာဉ်ပုံရိပ်ပင်ဖြစ်ပေသည်။

"နေရစ်ခဲ့ပေတော့ သံပချိုင်ရေ၊ နောက်ဘဝတွေမှာ ဒီလို အဖြစ်မျိုးတွေနဲ့ မကြုံပါရစေနဲ့လို့ ငါတို့ ဆုတောင်းပေးခဲ့ပါတယ်၊

မင်းအတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှု ပြုလုပ်ပေးပါ့မယ်၊ အမျှအတန်းလည်း ဝေပေးပါ့မယ်၊ မင်းအမျှရပြီး ဒီဘဝဆိုးက ကျွတ်လွတ်ပါစေကွာ"

ဟုနီမောင်က ရေရွတ်ပြောဆိုလိုက်လေသည်။

ထိုနောက်မှာတော့ သံပချိုင် မှာထားခဲ့သည့်အတိုင်း သူနေခဲ့သောတဲ ရှိရာသို့ သွားကြသည်။

ယခုအခါမှာတော့ ထိုတဲမှာ ကရင်ကြီးနှင့် ကုလားလေးတို့နှစ်ယောက် ဆက်နေကြသည်။

သံပချိုင် ပြောထားခဲ့သည့်အတိုင်း အိမ်အနောက်ဖက် တောထဲသို့ သွားကြည့်ကြသောအခါ သက်တမ်းကြာမြင့်လှပြီဖြစ်သော ကမ္ဘလာပင်ကြီးတစ်ပင်ကို တွေ့ရသည်။

ထိုအပင်ကြီး၏သစ်ပင်ခေါင်းထဲမှာတော့ ရင်းလုယူထားခဲ့သော ရွှေငွေရတနာများအပြင် စာရင်းမှတ်ထားသော စာရွက်တစ်ရွက်ကိုပါ တွေ့ကြရသည်။

နီမောင်က ထိုပစ္စည်းများကို ယူပြီး စာရင်းနှင့်တကွ ရွာလူကြီးများလက်သို့ အပ်နှံလိုက်လေသည်။

ရွာလူကြီးများကလည်း စာရင်းနှင့်တကွ ကာယကံရှင်များကို ပြန်ပေးလိုက်လေသည်။

နောက်ပိုင်းမှာတော့ နီမောင်က ရင်းစုဆောင်းထားသော ငွေ

www.burmeseclassic.com



ကြေးများနှင့်ပင် သံယာတော်များ ပင့်ဖိတ်ပြီး သတ်နိုင်တစ် ဆွမ်းဆောင် ကျွေးပြီး သံပချိုင်အတွက် ကုသိုလ်ကောင်းမှုများ မြှုပ်ပြီးနောက် အမျှအတန်းများ ဝေပေးလိုက်လေတော့သည်။

ထိုအဖြစ်များ ဖြစ်ပြီး၍ နောက်ထပ် လအနည်းငယ်ကြာသော အခါ တောက်တာကုန်းရွာမှ ဦးငွေရ ဒေါ်ရွှေမှုံတို့နေအိမ်မှာ ညှိသည် အချို့နှင့် စည်ကားနေပြန်သည်။ အခြားမဟုတ်ပေ. . .။

ရွာလူကြီးများနှင့် နှစ်ဖက်မိဘများ၏စီစဉ်ပေးမှုကြောင့် နီမောင်နှင့်ခင်မြရီတို့နှစ်ယောက်ကို လက်ထပ်ပေးသော အခမ်းအနား ဖြစ်သည်။

ယခုတစ်ကြိမ်မှာတော့ သတို့သမီးဖြစ်သူ ခင်မြရီ၏မျက်နှာ ပေါ်မှာ အပြုံးများဖြင့် လှပတင့်တယ်လျက်ရှိနေချေသည်။ BURMESE CLASSIC

အခမ်းအနား ပြီးသောအခါ နီမောင်က ပြောသည်။

"ဒီနှစ်ထဲမှာ ဒီအိမ်မှာ မင်္ဂလာပွဲနှစ်ခု လုပ်ဖြစ်တယ်ဆိုတော့ တစ်နှစ်ထဲမှာ နှစ်မင်္ဂလာ မလုပ်ရဘူး၊ မင်္ဂလာသုံးခု ပြည့်သွားအောင် နောက်ထပ်ဆွမ်းကျွေးတစ်ခု ထပ်လို့ရရင် မကောင်းဘူးလား"

နီမောင်က ရိုးရိုးသားသား ပြောသော်လည်း ထိုစကားကြောင့် ခင်မြရီမှာ မျက်နှာပျက်သွားလေသည်။

"ဒီစကားက ဘယ်လိုပြောတာလဲ၊ ငါ့ကို မင်္ဂလာဆောင်ပြီးသား အမျိုးသမီးတစ်ယောက်လို့ ပြောချင်တာလား"

"မဟုတ်ပါဘူး ခင်မြရီရယ်၊ ငါက နင့်အပေါ်မှာ ဒီလောက် သဘောထား မသေးသိမ်ပါဘူး၊ တကယ်လို့ နင့်အနေနဲ့ မင်္ဂလာဆောင် ပြီးရုံမကလို့ အပျိုတစ်ယောက် မဟုတ်တော့ဘူးဆိုရင်တောင်မှ ငါ့ အချစ်က ပျက်ပြယ်လျော့ပါးသွားမှာ မဟုတ်ပါဘူး၊ ငါက ရင်ထဲက



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာကို တန်ဖိုးထားပြီး ချစ်တာပါ"

ထိုစကားကြားတော့မှ ခင်မြရီမျက်နှာလေးမှာ ပြန်လည်ကြည်လင်လာတော့သည်။

"နင်မပျော်ဘူးလား ခင်မြရီ"

"ပျော်တာပေါ့. . . မိန်းကလေးတစ်ယောက်ရဲ့ဘဝမှာ ကိုယ်ချစ်တဲ့သူနဲ့ လက်တွဲရတာလောက် ပျော်ရွှင်မှုရှိတာ ဘာရှိဦးမလဲ၊ နင်ရော မပျော်ဘူးလားဟင်"

"ပျော်တာပေါ့ ခင်မြရီ ငါ့စိတ်ထဲမှာ ဘယ်လိုဖြစ်နေမှန်းတောင် မသိပါဘူး၊ တစ်သက်လုံး ဆုံးရှုံးရတော့မယ့်ပစ္စည်းတစ်ခုကို ပြန်ရလိုက်သလိုပါပဲ၊ စိတ်ထဲမှာ ပြောမပြနိုင်လောက်အောင် ပျော်နေတာပေါ့"

နီမောင်က ချစ်စခင်စဘဝကဲ့သို့ ခင်မြရီကိုယ်ကလေးကို ထွေးဖက်ထားရင်း ပြောလိုက်ရာ ခင်မြရီက ကျေနပ်သောအပြုံးကလေးများဖြင့် ရင်ခွင်ထဲသို့ တိုးဝင်လာလေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (သံပချိုင်)အမည်ရှိ ပရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

အနိယာဟောတု သုခိအတ္တာနံ ပရိဟာရန္တု။



စကြိုးချိန် ။ ။ (၂၀၁၀)ခုနှစ် အောက်တိုဘာလ(၁)ရက်၊ သောကြာနေ့ ညနေ(၅း၄၀)နာရီ။

www.burmeseclassic.com